# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ညီညွတ်ခြင်းသည် ချမ်းသာ**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၄)


၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday , 24 November 2016 (၈၇၅၅)


## မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိတဲ့အချိန်အထိ သခင်စိတ်ဓာတ်၊ သခင်အကျင့်တို့ဟာ အမျိုးသားရေးစိတ်ဓာတ်အရှိန်အဟုန်ကို မွေးဖွားပေးခဲ့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ (၉၆)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူပြည်သားအပေါင်းတို့ခင်ဗျား**

ယနေ့ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်)နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၉၆)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် တိုင်းရင်းသားပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်းသည့် ကြေညာချက်ထုတ်ပြန်

**လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းနိုင်ရေး (၂၁)ရာစုပင်လုံဒုတိယအစည်းအဝေးတွင် ပါဝင်ရန်တိုက်တွန်း**

**နေပြည်တော် နိုဝင်ဘာ ၂၃**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့် စပ်လျဉ်း၍ ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။

ယင်းကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# လူတစ်ဦး၏ မွေးရာပါဂုဏ်သိက္ခာကို ဥပဒေဖြင့်လည်း ဖျက်၍မရ၊ ကဲ့ရဲ့ရှုတ်ချခြင်းဖြင့်လည်း ဖျက်၍မရ မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၊ ကလေးများ၊ နာကြည်းစိတ်မရှိစေရန် မိမိတို့အားလုံး၏ တာဝန်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့ခေတ်တွင် နည်းပညာအမျိုးမျိုး တိုးတက်နေပြီဖြစ်ပါကြောင်း၊ တိုးတက်နေသည့် နည်းပညာများကို အခြေခံပြီး မသန်စွမ်းသည့် လူငယ်များကို သန်စွမ်းလာစေရန်၊ ၎င်းတို့ဘဝပြည့်စုံလာစေရန် လုပ်ပေးနိုင်သည့် အခွင့်အလမ်းများစွာရှိပါကြောင်း၊ ထို့ကြောင့် အားလုံးက ဝိုင်းဝန်းကူညီမှ အခွင့်အလမ်းများကို ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အရေးအကြီးဆုံးမှာ လေးစားမှုပင်ဖြစ်ပါကြောင်း၊ လူတစ်ဦးသည် လူဖြစ်လာပြီဆိုပါက လေးစားမှုကို ရပိုင်ခွင့်ရှိပါကြောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးအမြင်နှင့် ပြောရမည်ဆိုပါက လူသားတိုင်းသည် ကိုယ့်ဂုဏ်သိက္ခာနှင့် ကိုယ်မွေးဖွားလာခြင်းဖြစ်ပါကြောင်း၊ မွေးရာပါဂုဏ်သိက္ခာကို ဘယ်သူကမှ ယူ၍မရပါကြောင်း၊

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**




**ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# (၉၆)နှစ်မြောက် အမျိုးသားနေ့ကို ဂုဏ်ပြုပါ၏။


KBZ BANK
STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# နိုင်ငံတော်သမ္မတဦးထင်ကျော် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ


**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံနယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**☆ မြန်မာနိုင်ငံမှ**

ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ်က မြန်မာပြည်သူအများ တက္ကသိုလ်ပညာသင်ကြားနိုင်ရေး ကန့်သတ်ပိတ်ပင်ထားတဲ့ ယူနီဗာစီတီအက်ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ချိန် မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်) တနင်္ဂနွေနေ့မှာ တက္ကသိုလ်ကျောင်းသားများက စတင်သပိတ်မှောက်ခဲ့ကြပါတယ်။ ကိုလိုနီလက်အောက်ကျရောက်ခဲ့တဲ့ နှစ်ပေါင်းများစွာအတွင်း ရဲရင့်မှု၊ တက်ကြွမှု၊ အနစ်နာခံမှုတို့ဖြင့် အစပြုခဲ့သော ကျောင်းသားသပိတ်ဟာ နိုင်ငံတစ်လျှားသို့ ရိုက်ခတ်သွားခဲ့ရပါတယ်။ ဒီသပိတ်ကို အကြောင်းပြုပြီး များမကြာမီအတွင်း အမျိုးသားစိတ်ဓာတ်တွေ ပိုမိုရင့်သန်လာပြီး မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့အရေးတို့ကို အထူးအလေးပေးတဲ့ အမျိုးသားကျောင်းတွေ နိုင်ငံနှင့်အဝှမ်း ပေါ်ပေါက်လာခဲ့ကြပါတယ်။ တက္ကသိုလ်ပညာရေးသက်သက်နှင့်သာ သက်ဆိုင်တဲ့အရေးကိစ္စမဟုတ်ဘဲ နယ်ချဲ့တို့ရဲ့ဖိနှိပ်မှုကို အန်တုလိုက်တဲ့ နိုင်ငံရေးသဘောဆောင်တဲ့၊ တစ်နည်းဆိုရရင် လူထုကြီးကို အမျိုးသားရေးစိတ်ဓာတ်တွေ နှိုးဆွပေးလိုက်တဲ့ အရေးတော်ပုံကြီးပင်ဖြစ်ပါတယ်။ အဲဒီအချိန်ကအစပြုပြီး ဖြစ်ထွန်းပေါ်ပေါက်လာခဲ့တဲ့ သခင်စိတ်ဓာတ်၊ သခင်အကျင့်တို့ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတဲ့အချိန်အထိ အမျိုးသားရေးစိတ်ဓာတ်အရှိန်အဟုန်ကို မွေးဖွားပေးခဲ့ခြင်းဖြစ်ပါတယ်။

၁၉၂၁ ခုနှစ် အောက်တိုဘာလ မန္တလေးမြို့မှာကျင်းပခဲ့တဲ့ နဝမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီးက ပထမကျောင်းသားသပိတ်စတင်ခဲ့တဲ့ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ဖို့ စတင်ဆွေးနွေးခဲ့ပြီး ရန်ကုန်မြို့မှာ ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နဲ့ ၁၈ ရက်နေ့ကျင်းပတဲ့ ဂျီစီဘီအေ အထူးကွန်ဖရင့်က အဲဒီနေ့ကို အမျိုးသားနေ့လို့သတ်မှတ်ကြောင်း ဆုံးဖြတ်အတည်ပြုပေးခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး အမျိုးသားရေးစိတ်ဓာတ်ကို ဖော်ကျူးပြသတဲ့ စည်းလုံးညီညွတ်မှုရဲ့ပြယုဂ်ဖြစ်တဲ့ အမျိုးသားနေ့ကို ကျင်းပလာကြတာဟာ အခုဆိုလျှင် ရာပြည့်အကြို (၉၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။

အမျိုးသားနေ့ဆိုတာ အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့ကို ဖော်ဆောင်ပေးခဲ့တဲ့ နေ့ထူးနေ့မြတ်ဖြစ်ပါတယ်။

အခုအချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ခိုင်မာတဲ့မျှော်လင့်ချက်တွေထားရှိပြီး (၂၁)ရာစုပင်လုံလို့ခေါ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ အားလုံးပါဝင်ခွင့်ရရှိစေရေးစတဲ့ မူတွေကိုအခြေခံပြီး ပြုလုပ်ခဲ့ရာမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး ရည်မှန်းချက်ပန်းတိုင်တွေကို အကောင်အထည်ဖော်ဖို့ ဦးတည်ရေးဆွဲထားရာမှာ အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို တိုးမြှင့်ဆောင်ရွက်ရေးတို့ပါဝင်ပါတယ်။ ပြည်သူဗဟိုပြုပြီး အားလုံးပါဝင်တဲ့ မူဝါဒရဲ့ အဓိကဦးတည်ချက်တွေမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနဲ့ သဘာဝသယံဇာတများထိန်းသိမ်းရေး၊ တိုင်းရင်းသားလူငယ်များရဲ့ စွမ်းရည်မြှင့်တင်ရေးနဲ့ အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစံချိန်စံညွှန်းများနဲ့အညီ ဖက်ဒရယ်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ် တည်ဆောက်နိုင်ဖို့အတွက် ခိုင်မာတဲ့ရည်မှန်းချက်နဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီနေ့ကျရောက်တဲ့ အမျိုးသားနေ့ရဲ့ ဦးတည်ချက်တွေဖြစ်တဲ့ -

- ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး
- တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး
- ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

တို့ကို အမျိုးသားစည်းလုံးညီညွတ်မှုအင်အားနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အလေးအနက်တိုက်တွန်းလိုက်ပါတယ်။

**✱ ရှေ့ဖုံးမှ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန
## ကြေညာချက်အမှတ်၊ ၁/၂၀၁၆
## ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
## (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)
## "ရှမ်းပြည်နယ် အရှေ့မြောက်ဒေသအတွင်း ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများနှင့်စပ်လျဉ်းသည့် ကြေညာချက်"

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အလေးပေးဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၁ ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန National Reconciliation and Peace Centre-NRPC ကို ဖွဲ့စည်းခဲ့ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးပြဿနာများကို ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်နှင့် အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့ရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် Nationwide Ceasefire Agreement-NCA တွင် ပါဝင်လက်မှတ်ရေးထိုးထားပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါ ပါဝင်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ နိုင်ငံရေးဆွေးနွေးမှုမူဘောင် Framework for Political Dialogue ပြန်လည်သုံးသပ်သည့် ဆွေးနွေးမှုများတွင်လည်းကောင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန် လိုအပ်သည့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲရာတွင်လည်းကောင်း NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပါဝင်နိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့ရာ နိုင်ငံရေးဆိုင်ရာဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ Delegation for Political Negotiation-DPN အနေဖြင့် (၂)ကြိမ်တိုင်တိုင် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ အလားတူ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပထမအစည်းအဝေးသို့ တက်ရောက်ပါဝင်ခဲ့ပြီး စာတမ်းများအသီးသီးဖတ်ကြားခဲ့သည့်အပြင် ထိုညီလာခံကို အားလုံးပူးတွဲ၍ ကျင်းပသည့် အနှစ်သာရအား ဖော်ဆောင်နိုင်ရန်အတွက် ညီလာခံကျင်းပရေးပူးတွဲကော်မတီဖွဲ့စည်းရာတွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တန်းတူပါဝင်နိုင်စေရန်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၃။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ရခြင်းမှာ အခြေခံကျသည့်နိုင်ငံရေးပြဿနာများကို ဆွေးနွေးညှိနှိုင်း၍ အပေးအယူ၊ အလျှော့အတင်းများပြုလုပ်ကာ ဘုံသဘောတူလက်ခံသည့် ဖြေရှင်းချက်များ မရှာဖွေနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မိမိတို့အစိုးရသစ်လက်ထက်တွင် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်ရန်ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလည်း လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရန် တိုက်တွန်းခဲ့ပါသည်။ လက်တွေ့ကြိုးပမ်းမှုများအနေဖြင့်လည်း NCA တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိုရည်ရွယ်၍ ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် နှစ်ကြိမ်၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် သုံးကြိမ် စုစုပေါင်း ငါးကြိမ် DPN အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍လည်း NCA ထီးရိပ်တွင် အားလုံးပါဝင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တန်းတူရည်တူပါဝင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ပါသည်။

၄။ လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက အားကြိုးမာန်တက် ပြင်ဆင်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများ၏ သဘောထားများကို အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် လုပ်ထုံးလုပ်နည်းနှင့်အညီ စုစည်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ သယ်ဆောင်ကြတော့မည်ဖြစ်ပါသည်။

၅။ ဤသို့သောအချိန်အခါတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသတွင် နိုဝင်ဘာလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစတင်၍ KIA လက်နက်ကိုင်အဖွဲ့၊ TNLA လက်နက်ကိုင်အဖွဲ့နှင့် MNDAA လက်နက်ကိုင်အဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့က လုံခြုံရေးစခန်းများနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းများသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာမှ တိုက်ပွဲများ ဖြစ်ပွားလာခဲ့ပါသည်။ ထိုဖြစ်စဉ်များတွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက အပြစ်မဲ့ အရပ်သားပြည်သူများပါ ထိခိုက်သေဆုံးဒဏ်ရာရရှိခြင်းများ ကြုံတွေ့ခဲ့ရပါသည်။ ပြည်သူများ ခေတ်အဆက်ဆက် မျှော်လင့်တောင့်တခဲ့ရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကို အာရုံစိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဤသို့ဖြစ်ပွားလာရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပြီး ထိခိုက်သေဆုံးဒဏ်ရာရရှိသူများအတွက်လည်း အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။ ထို့ပြင် တံတားများ မိုင်းခွဲခံရခြင်း၊ တိုက်ပွဲများဖြစ်ပွားခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့ရပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများကို ထိခိုက်စေပါသည်။

၆။ လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းခဲ့ကြခြင်းကြောင့် ပြည်တွင်းစစ်အဓွန့်ရှည်ကာ နိုင်ငံနှင့်ပြည်သူများလည်း ဆိုးကျိုးများရရှိခံစားခဲ့ရကာ အခြားနိုင်ငံများအောက် နောက်ကျကျန်ရစ်ခဲ့ရသည်မှာ နှစ်ပေါင်း(၇၀)နီးပါး ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ပြည်သူအများ လိုလားတောင့်တလျက်ရှိသော ပန်းတိုင်သို့ လက်နက်ကိုင်နည်းလမ်းဖြင့် ရောက်ရှိနိုင်မည်မဟုတ်ပါ။ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တစ်ခုတည်းသောလမ်းကြောင်းဖြစ်ပါသည်။ ထိုငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ငြိမ်းချမ်းရေးတံခါးများ အစဉ်အမြဲဖွင့်လှစ်ထားပြီး တန်းတူရည်တူပါဝင်နိုင်ရေးအတွက် ကြိုဆိုဖိတ်ခေါ်လျက်ရှိပါသည်။ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းနိုင်ရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် (Nationwide Ceasefire Agreement-NCA) ကို လက်မှတ်ရေးထိုးရန် လိုအပ်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်ငြိမ်အေးချမ်းပြီး မူလပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိစေရန် အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင်လည်း တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရှုပ်ရှုပ်ချွံချွံ စွမ်းဆောင်မှုများကြောင့် အခြေအနေအတိုင်းအတာတစ်ခုအထိ တည်ငြိမ်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။

၇။ သို့ဖြစ်၍ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ အမြန်ဆုံးချုပ်ငြိမ်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရေး၊ NCA တွင် အမြန်ဆုံးလက်မှတ်ရေးထိုးပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဦးနှစ်ဖက် ချိုးဖောက်မှုများမရှိစေရေးအတွက် စောင့်ကြည့်ဖြေရှင်းသည့် ယန္တရားများ ပိုမိုခိုင်မာစေရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းဆွေးနွေးနည်းလမ်းရှာဖွေရေး၊ ပြည်သူအများ မျှော်လင့်တောင့်တနေသော ငြိမ်းချမ်းရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရေး၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် တန်းတူရည်တူပါဝင်နိုင်ရေး စသည်တို့ကိုရှေးရှုလျက် ငြိမ်းချမ်းရေးခရီးကို အတူတကွလက်တွဲ၍ လျှောက်လှမ်းကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

**(ပုံ)အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် OISCA International ၏ ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ Organization for Industrial, Spiritual and Cultural Advancement (OISCA International)၏ ဥက္ကဋ္ဌ Ms. Yoshiko Y. Nakano နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ OISCA International အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမှုအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

❖ **ရှေ့ဖုံးမှ**

ဥပဒေဖြင့်လည်း ဖျက်၍မရပါကြောင်း၊ ဝိုင်းဝန်း ကဲ့ရဲ့ရှုတ်ချခြင်းအားဖြင့်လည်း ဖျက်၍မရပါကြောင်း၊ လူသားတစ်ယောက်ဖြစ်လာပြီ ဆိုကတည်းက လူသားတစ်ယောက်၏ ဂုဏ်သိက္ခာသည် ပါလာပါကြောင်း၊ အခြားလူတစ်ဦး၏ ဂုဏ်သိက္ခာကို မလေးစားခြင်းသည် မိမိ၏ ဂုဏ်သိက္ခာကိုလည်း မလေးစားရာ ရောက်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II) ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံဖွင့်ပွဲအခမ်းအနားကို ကျင်းပစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဉာဏ်ရည်မသန်စွမ်းသည့် ကလေးများ၊ လူငယ်များ၊ လူကြီးများအတွက် အရေးအကြီးဆုံးကိစ္စမှာ မိမိတို့၏ဘဝများ တန်ဖိုးရှိသည်ကို လက်ခံယုံကြည်နိုင်ရန်ပင်ဖြစ်ပါကြောင်း၊ မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၏ဘဝများသည် တန်ဖိုးရှိသည်ကို ကာယကံရှင်များအပြင် လူ့အသိုင်းအဝိုင်းနှင့် ကာယကံရှင်များ၏ အသိုင်းအဝိုင်းကလည်း လက်ခံရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ယုံကြည်လက်ခံလာနိုင်စေရန် မိမိတို့အားလုံးက ဝိုင်းဝန်းကြိုးစား ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

စိတ်ပညာအရ သာမန်ဟုသတ်မှတ်ထားသည့် ပုဂ္ဂိုလ်များအားလုံးတွင်ပင် အားနည်းချက်ရှိကြပါကြောင်း၊ အားနည်းချက်မရှိသောသူ မရှိပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့အားလုံးသည် တစ်နည်းမဟုတ်တစ်နည်း မသန်စွမ်းမှုများ ရှိတတ်ကြပါကြောင်း၊ ထို့ကြောင့် မိမိ၏အားနည်းချက်များကို ကျော်လွှားရန်အတွက် ပထမဦးဆုံး လိုအပ်ချက်သည် အားနည်းချက်ရှိခြင်းကို အသိအမှတ်ပြုရန်ဖြစ်ပါကြောင်း၊ အားနည်းချက်ရှိခြင်းကို အသိအမှတ်ပြုပြီး မည်သို့သောနည်းဖြင့် ကျော်လွှားရမည်ကို ဆုံးဖြတ်နိုင်ရမည်ဖြစ်ပါကြောင်း။

မသန်စွမ်းသည့် ကလေးများ၊ လူကြီးများအားလုံး၏ အခြေအနေကို ခြုံငုံသုံးသပ်ကြည့်ပါက “ငါ” ဆိုသည့် စကားလုံးလေး တစ်လုံးပေါ်တွင် အခြေခံပြီးကြည့်စေလိုပါကြောင်း၊ လူတစ်ယောက်သည် မသန်စွမ်းမှုရှိပါက စိတ်ထဲတွင် ပထမဦးဆုံး အားငယ်စိတ်ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ထိုမှတစ်ဆင့် စိတ်ထဲတွင် နာကြည်းစိတ်ဖြစ်သွားမည်ဆိုပါက အစကတည်းက လမ်းလွဲချင်နေပြီဟု ပြောလိုပါကြောင်း၊ ထိုသို့သော လမ်းလွဲပေါ်သို့ ရောက်မသွားစေရန် ဘေးကဝိုင်းပြီး ထိန်းကွပ်ပေးရန်လိုပါကြောင်း။

နာကြည်းစိတ်ဖြင့် “ငါမှ ဖြစ်ရလေခြင်း၊ ငါမှ ဒီလိုဘဝမှာ ရုန်းကန်ရလေခြင်း၊ ငါ့ဘေးကလူတွေကတော့ ဒီလိုမရှိပါလား”ဆိုသည့် နာကြည်းစိတ်ဖြင့် တစ်ဘဝလုံးကို လျှောက်သွားမည်ဆိုပါက တိုးတက်ရန် အင်မတန်ခက်ခဲသွားလိမ့်မည်ဖြစ်ပါကြောင်း၊ “ငါ့လိုပဲ အခြားလူတွေလည်း ဒုက္ခနဲ့ တွေ့နေရတာပါပဲလား”ဆိုသည့် စာနာစိတ်ရှိရမည်ဖြစ်ကြောင်း၊ သာမန်အားဖြင့် သန်စွမ်းသည့် ပုဂ္ဂိုလ်များကလည်း စာနာစိတ်ရှိရမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မသန်စွမ်းသည့် ပုဂ္ဂိုလ်များ၊ မသန်စွမ်းသည့် ကလေးများတွင် နာကြည်းစိတ်မရှိစေရန် မိမိတို့အားလုံး၏ တာဝန်ဖြစ်ပါကြောင်း၊ မသန်စွမ်းသည့် လူငယ်များအား ၎င်းတို့ဘဝ တန်ဖိုးရှိသည်ဟု ယုံကြည်မှုများရှိလာစေရန်အတွက် မည်သို့ဆောင်ရွက်ပေးရမည်ကို ဝိုင်းဝန်းစဉ်းစားရန် လိုပါကြောင်း။

ပထမဦးဆုံးအချက်အနေဖြင့် မိမိတို့အသိုင်းအဝိုင်းထဲတွင် အခြားသာမန်လူများနှင့် တန်းတူညီတူအခွင့်အရေးရသည်ဆိုသည့်စိတ်ကို ဖြစ်စေလိုပါကြောင်း၊ တန်းတူညီတူ အခွင့်အရေးရရန်အတွက်လည်း အားလုံးက ဝိုင်းဝန်းပြီး ပံ့ပိုးပေးရမည်ဖြစ်ပါကြောင်း။

မိမိတို့လူ့အသိုင်းအဝိုင်းထဲက လူတိုင်း လူတိုင်းအား သူ့တန်ဖိုးနှင့်သူ ရပ်တည်နိုင်သည့်အခြေအနေတွင် ထားပေးရန် လိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်နေသော်လည်း ဌာနတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းပြီး ကူညီရမည်ဖြစ်ပါကြောင်း။

ပြဿနာသည် လူတိုင်းတွင်ရှိပြီး ယင်းပြဿနာများကို ကျော်လွှားရန် အားလုံးဝိုင်းပြီး ကူညီပေးရန်လိုအပ်ပါကြောင်း၊ ကူညီရန် နည်းလမ်းများကို သက်ဆိုင်ရာဌာနများက ခေတ်၏တိုးတက်မှုနှင့်အညီ သတ်မှတ်ပေးရန်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက စေတနာဖြင့် နိုင်ငံတိုးတက်ရေးအတွက် အားလုံးတစ်ဦးချင်း တစ်ဦးချင်း၊ နိုင်ငံသူ နိုင်ငံသားများတိုးတက်ရန်၊ ပြည့်ဝရန်၊ ဘဝအဓိပ္ပာယ်ရှိရန်၊ ဘဝတန်ဖိုးရှိရန် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ အထူးသဖြင့် ထိခိုက်လွယ်သော၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်၊ လူငယ်၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပြုစုစောင့်ရှောက်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့စေရေးတို့ကို လူမှုဝန်ထမ်းနည်းပညာများ၊ လူ့အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းများနှင့် အခြားသက်ဆိုင်ရာနယ်ပယ်အလိုက် သတ်မှတ်ထားရှိသည့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်သော်လည်း စွမ်းကြသည့် ကလေးသူငယ်များအား မိဘများ၊ သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများ၊ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း၍ တန်ဖိုးရှိသည့်လူသားများဖြစ်စေရန် ဆရာ ဆရာမများက စေတနာ၊ ဝါသနာ၊ အနစ်နာကိုအခြေခံ၍ နားလည်မှု၊ စာနာမှု၊ ကရုဏာစိတ်ဓာတ် အပြည့်အဝဖြင့် ဆက်လက်ပြုစုပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံ အထူးပညာရေးအသင်း အတွင်းရေးမှူး ဦးအယ်လ်ဇော်ဒိမ်က အထူးပညာရေးအသင်း၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို လည်းကောင်း၊ University of Wolverhampton (UK) မှ Dr. Anne က အထူးပညာရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံအထူးပညာရေးအသင်းဥက္ကဋ္ဌ ဦးထာအုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းနှင့် ဧဒင်မသန်စွမ်းရိပ်မြုံတို့မှ ကလေးငယ်များက “သွေးချင်းတို့ ဌာနီ”၊ “ဦးရွှေရိုးနှင့် ဒေါ်မိုး”၊ “What makes You Beautiful” စသည့် တေးသီချင်းများဖြင့် တေးသရုပ်ဖော်၍လည်းကောင်း၊ Lighthouse Learning Centre နှင့် Flowers Special Education and Physiotherapy Centre တို့မှ မောင်ရှင်းသန့်စိုးနှင့် မောင်မင်းခန့်တို့က “သံမဏိလိပ်ပြာ” တေးသီချင်းကို တီးခတ်သီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် အထူးပညာရေးကျောင်း ပထမဆုံးကျောင်းအုပ်ဆရာမကြီး ဒေါ်လီလီယံကြီး (အငြိမ်းစား)အား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ မသန်စွမ်း ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညီလာခံကို ဆက်လက်ကျင်းပရာ “အားလုံးအကျုံးဝင်ပညာရေးကို မြှင့်တင်ပေးခြင်း”၊ “ဆက်သွယ်ရေးနှင့် စာပေသင်ကြားရေး”၊ “ဖွံ့ဖြိုးမှုနှောင့်နှေးသော Autistic ကလေးများနှင့် ၎င်းတို့အားလုံးအကျုံးဝင်ပညာရေးတွင် ပူးပေါင်းပါဝင်စေရန်”၊ “သူငယ်နာအကြောင်းတင်း ကလေးများနှင့်ဆိုင်သော ပညာရပ်များ”၊ “အပြုအမူဆိုင်ရာလုပ်ဆောင်ချက်များကို ကူညီပံ့ပိုးပေးရန်”၊ “သင်ကြားမှုဆိုင်ရာ ခက်ခဲသောကလေးများအား ပြုစုစောင့်ရှောက်ခြင်း” စသည့်ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာပညာရှင်များက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ် မြန်မာနိုင်ငံ ဉာဏ်ရည်မသန်စွမ်းသူများဆိုင်ရာ ပညာရေးညီလာခံကို မသန်စွမ်းကလေးသူငယ်များအတွက် လူတိုင်းအကျုံးဝင်ပညာရေးနှင့် အထူးပညာရေးကဏ္ဍများ ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မသန်စွမ်းသူများ၏ ပညာရေးနှင့်စပ်လျဉ်းသည့် ဥပဒေ၊ မူဝါဒများကိုအခြေခံပြီး လက်တွေ့ဆောင်ရွက်နိုင်ရန်အတွက် အားပေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရန်၊ ၎င်းတို့၏ အသိပညာ၊ ဗဟုသုတများ၊ နည်းပညာများစသည့် လူ့စွမ်းအားအရင်းအမြစ်တို့ကို အားပေးမြှင့်တင်နိုင်ရန် ရည်ရွယ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အထူးပညာရေးအသင်း၊ ကမ္ဘာ့ဇအနာဂတ်အလင်းတန်း(မြန်မာ) ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ University of Wolverhampton (UK) နှင့် With Love All Things Are Possible Charity (UK) တို့၏ ပံ့ပိုးကူညီမှုများဖြင့် ကျင်းပခြင်းဖြစ်သည်။

ညီလာခံ၏ ဒုတိယပိုင်းအစီအစဉ်တွင် ဉာဏ်ရည်မသန်စွမ်းကလေးများအတွက် ပညာရေးနှင့်ပတ်သက်ပြီး ဥပဒေများ၊ နည်းဥပဒေများနှင့် သိလိုသည့် အကြောင်းအရာများကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ နည်းပြဌာနမှူးများ၊ နည်းပြများမှ ပြန်ကြားရှင်းလင်းပေးမည်ဖြစ်သောကြောင့် မိဘများ၊ ဉာဏ်ရည်မသန်စွမ်း ကလေးများအတွက် ပညာရေးကို စိတ်ဝင်စားသူများအနေဖြင့် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❂ **အိမ်ရှင်မြန်မာအသင်းမှ**

ယခုပြိုင်ပွဲတွင် အဆုံးသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲအစတွင် ကစားကွက်တည်မရဖြစ်နေသောကြောင့် ကမ္ဘောဒီးယားအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၁၄ မိနစ်တွင် မြန်မာအသင်းဂိုးပေးခဲ့ရပြီး အသင်းခေါင်းဆောင် ဗာသာနာကာ၏ ဖန်တီးပေးမှုကို ဆူဟာနာက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်းတိုက်စစ်အားမြှင့်လာခဲ့ပြီး ၃၅ မိနစ်တွင် ဇော်မင်းထွန်းက ပြစ်ဒဏ်ဘောကို ခေါင်းတိုက်သွင်းကာ ချေပဂိုးရယူပေးခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းခဲ့ပြီး ချေပဂိုးသွင်းပေးခဲ့သည့် ဇော်မင်းထွန်းက မိနစ် ၄၀ တွင် ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းကာ ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။

ချေပဂိုးအပြင် ဦးဆောင်ဂိုးပါရခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပွဲကိုထိန်းချုပ်သွားခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၅၆ မိနစ်တွင် အောင်သူက သွင်းယူပေးခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် မျိုးကိုထွန်းအစား လှိုင်းဘိုဘို၊ ကောင်းဆက်နိုင်အစား ဆက်ဖြိုးဝေ၊ ဒေးဗစ်ဒန်းအစား ဆောင်လမန်တို့ကို လူစားလဲကစားခဲ့သည်။

မြန်မာအသင်းသည် ယခုပွဲအနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး နောက်ဆုံးပွဲတွင် မလေးရှားအသင်းကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ်တက်ရောက်မည်ဖြစ်သည်။ မြန်မာအသင်းသည် ၂၀၀၄ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ပြီးနောက်ပိုင်း ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ရန် အခွင့်အရေး များသွားခဲ့ပြီဖြစ်သည်။

ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားသည့် မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ပွဲတွင် ဗီယက်နမ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲပြီးခါနီးတွင်ရရှိခဲ့သည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲဆက်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲဦးထွက်ပွဲတွင် အနိုင်ရထားသောနှစ်သင်း တွေ့ဆုံခြင်းဖြစ်သောကြောင့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ခြေစွမ်းပိုင်းအရ ဗီယက်နမ်အသင်းကစားပုံ ပိုကောင်းခဲ့ပြီး အခွင့်အရေးများလည်း ပိုရခဲ့သည်။ သို့သော် မလေးရှားအသင်းကလည်း ခပ်မာမာတုံ့ပြန်ကစားနေသောကြောင့် ဗီယက်နမ်အသင်း ထင်တိုင်းမပေါက်ခဲ့ဘဲ ၈၅ မိနစ်မှ ဂိုးရခဲ့သည်။ ဗီယက်နမ်အတွက် အနိုင်ဂိုးကို ငုယင်ထရောင်ဟောင်က သွင်းယူပေးခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ဗီယက်နမ်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပြီး မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ သုံးမှတ်စီရရှိထားကာ ဂိုးကွာခြားချက်တွင် မြန်မာအသင်းက အသာရထားသည်။ နှစ်ပွဲစလုံးရှုံးခဲ့သည့် ကမ္ဘောဒီးယားအသင်းသည် တစ်ပွဲကစားရန် ကျန်သေးသော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ၎င်းတို့ မူလကျက်စားနယ်မြေများကို ဆင်ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းထား

**နေပြည်တော် နိုဝင်ဘာ ၂၃**
ဓာတ်ခွဲစမ်းသပ်ချက်များအရ သောက်သုံးရန်မသင့်တော့သည့် ပဲခူးမြို့ ကန်တော်ကြီးနှင့် ရေဝေရေလဲဒေသအား သဘာဝဘေးမဲ့တောအဖြစ် ပြန်လည်သတ်မှတ်ပေးရန် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေးခဲ့သည်။

ဦးမြင့်ဦးက ပဲခူးမြို့ ကန်တော်ကြီးရေဝေရေလဲဒေသအား စနစ်တကျထိန်းသိမ်းစောင့်ရှောက်နိုင်ရန်နှင့် မြို့လူထုအန္တရာယ်ကင်းသော သောက်သုံးရေရရှိရေးအတွက် ကန်တော်ကြီးရေဝေရေလဲ ရေဆင်းဧရိယာအတွင်း ပုဂ္ဂလိကလုပ်ပိုင်ခွင့်များအား ပြန်လည်ရုပ်သိမ်း၍ သဘာဝသစ်တော ကန့်သတ်နယ်မြေအဖြစ် ပြန်လည်သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ပြီး လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘောတူဆုံးဖြတ်ခဲ့ကြသည်။

အဆိုတင်သွင်းစဉ် ဦးမြင့်ဦးက ကန်တော်ကြီး၏ ရေဝေရေလဲဒေသဧက ၁၃၈၀ ရှိသည့်အနက်မှ ဧက ၇၃၀ ကို ၂၀၁၁ ခုနှစ်တွင် ပုဂ္ဂိုလ် ၅ ဦးက အမည်ပေါက်ရယူပြီး ရေဝေရေလဲဒေသရှိ သဘာဝသစ်တောများကို အပြောင်ခုတ်ထွင်ရှင်းလင်းကာ ရော်ဘာစိုက်ခင်းများထူထောင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် ကန်တော်ကြီး ရေလှောင်ကန်ပတ်လည်တွင်ရှိသည့် သစ်တောများနှင့် မြေဆီလွှာများပျက်စီးပြီး ရေလှောင်ကန်အတွင်းသို့ မြေစာအနည်အနှစ်များ၊ စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် ဓာတ်မြေဩဇာအကြွင်းအကျန်များစီးဝင်ကာ ကန်၏ရေအရည်အသွေးကျဆင်းလာကြောင်း၊ ဓာတ်ခွဲစမ်းသပ်ချက်များအရ သောက်သုံးရန်မသင့်ကြောင်းနှင့် ပြည်သူများ၏ ကျန်းမာရေးအတွက် ရေရှည်တွင် စိုးရိမ်စရာဖြစ်နေသည်ဟု သိရှိရကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ပဲခူးမြို့ ကန်တော်ကြီးကို ပဲခူးမြို့နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရန်အတွက် ၁၉၂၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် ရေဂါလန် တစ်သန်းခန့်အထိ ဖြန့်ဝေပေးခဲ့ကြောင်း၊ ယခုအခါ ကန်၏သက်တမ်းသည် နှစ်ပေါင်း ၉၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေးတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များအား



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း



ဦးခင်ချို

အစိုးရသစ်လက်ထက်တွင် မြေချပါမစ်အသစ်၊ မြေဂရန်အသစ်၊ အထူးမြေချဂရန်များကို ချထားပေးခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ မြေချပါမစ်ခွင့်ပြုချထားပေးခြင်းမရှိပါကြောင်း၊ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)ခွင့်ပြုချထားပေးခဲ့မှုမှာ ယနေ့အထိ ၁ ခုသာရှိပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် -၄၅/သစ်ထည်၊ မြေကွက်အမှတ်-သ/၈ ဖြစ်ပါကြောင်း။

အဆိုပါမြေနေရာအား သခင်သန်းတင်(ခ)ဗိုလ်မှူးကြီးသန်းတင်(ငြိမ်း)က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားလာမှုအရ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ် ခွင့်ပြုချထားပေးခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(၄၅)ရပ်ကွက်နေပြည်သူများက အဆိုပါမြေငှားစာချုပ်(ဂရန်)ခွင့်ပြုထုတ်ပေးခဲ့ခြင်းကို ပြန်လည်ပယ်ဖျက်ပေးရန် ကန့်ကွက်တင်ပြမှုများရှိသဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်-၄၅/ သစ်ထည်၊ မြေကွက်အမှတ်-သ/၈ အားပယ်ဖျက်၍ ပြန်လည်အစားထိုးခွင့်ပြုချထားရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ ရှားပါးသတ္တဝါများဖြစ်သော သစ်ဆွဲဆင်ယဉ်များနှင့် တောဆင်ရိုင်းများကို စနစ်တကျထိန်းသိမ်းရန်နှင့် သစ်ထုတ်လုပ်မှုများ ပိတ်သိမ်းရပ်နားထား၍ အလုပ်လက်မဲ့ဆင်များအတွက် စနစ်တကျပြန်လည်စုစည်းနိုင်ရေး ဆောင်ရွက်ထားမှု ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေအရ ဆင်များကို လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များစာရင်းတွင် ထည့်သွင်း၍ ကာကွယ်ထိန်းသိမ်းလျက်ရှိပါကြောင်း၊ တောဆင်ရိုင်းများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် ၎င်းတို့ မူလကျက်စားနယ်မြေများကို ဆင်ထိန်းသိမ်းရေးနယ်မြေများအဖြစ် ဖွဲ့စည်းထားပါကြောင်း၊ သစ်ထုတ်လုပ်ခြင်းအတွက် အသုံးမလိုတော့သည့် ဆင်ယဉ်များကို ခရီးသွားလုပ်ငန်းများဆင်စခန်းများတည်ထောင်၍ ဆင်စီးခြင်းအတွက် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်းနှင့် ဆင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြီး ဆင်များ၏ အနာဂတ်ကောင်းမွန်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင်နှင့် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်တို့၏ ရွှေတူးဖော်မှုတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် စိစစ်ကြပ်မတ်ရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ဟိုတယ်လုပ်ငန်း လိုင်စင်ခွင့်ပြုပေးမှုဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဦးအုန်းမောင်တို့က ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

**ကျော်သူထက် (သတင်းစဉ်)**

# သံလွင်မြစ် အိမ်နီးချင်း ၃ နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အဖြေရှာရာတွင် သင့်လျော်သောအချိန်အတိုင်းအတာတစ်ရပ် ကြာမြင့်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်သဘာဝအလှအပ မပျက်စီးရေး၊ ရေအောက်သန္တာကျောက်တန်းများ မပျက်စီးရေး၊ ကျွန်းများအခြေပြု၍ ဒေသခံများ အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ရှေးရှုပြီး ဆောင်ရွက်သင့်သည်များကို အကြံပြုပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်း၏ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျွန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအတွက် ငှားရမ်းထားခြင်းဖြင့် ဒေသခံပြည်သူများ အကျိုးဖြစ်ထွန်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် မည်ကဲ့သို့ စီမံခန့်ခွဲဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

ဦးအုန်းမောင်က အထက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၁ ခုနှစ် ဧပြီ ၁ ရက်မှ ယနေ့အထိ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်း ၃ ကြိမ်၌ သင်တန်းသား ၂၈၆ ဦးနှင့် ဟိုတယ်ဝန်ဆောင်မှုသင်တန်း ၉ ကြိမ်၌ သင်တန်းသား ၆၈၉ ဦး တက်ရောက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြိတ်ကျွန်းစုခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ ယူနက်စကို၏ အကြံညဏ်ရယူပြီး ကျန်ကျွန်းစုများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ အနှောင့်အယှက်မဖြစ်ဘဲ Ecotourism ဖွံ့ဖြိုးသောဒေသအဖြစ် တိုးတက်လာစေရန် အခြားဝန်ကြီးဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခရီးသွား လာရောက်မှုနည်းသည့် ကျွန်းများကိုလည်း ဒေသခံများအတွက် ရေရှည်တည်တံ့ပြီး အကျိုးကျေးဇူးများ ရေရှည်ခံစားနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ အဖိုးတန်ရေမြေသဘာဝအရင်းအမြစ်အဖြစ် တန်ဖိုးထား၍ အကြံပြုထိန်းသိမ်းပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း၏ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်အား ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုရေးအတွက် အနာဂတ်ကာလတွင် ရင်ဆိုင်တွေ့ကြုံရဖွယ် ရှိသော ပြဿနာ water resource management conflict များ ကြိုတင်ကာကွယ် တားဆီးနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Transboundary Water Management agreement ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က သံလွင်မြစ်ကြောင်းတစ်လျှောက် ရေနှင့်ဆက်စပ်သော စီမံခန့်ခွဲမှုများ ဆောင်ရွက်နိုင်ရန်အတွက် သံလွင်မြစ်နှင့် ထိစပ်လျက်ရှိသော နိုင်ငံများမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သံလွင်မြစ် အိမ်နီးချင်း ၃ နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အဖြေရှာရာတွင် သင့်လျော်သောအချိန်အတိုင်းအတာတစ်ရပ် ကြာမြင့်နိုင်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းနေသည့် သံလွင်မြစ်အား ရေရှည်ပိုင်ပိုင်နိုင်နိုင် အသုံးပြုနိုင်ရေးနှင့် အနာဂတ်တွင် ကြုံတွေ့နိုင်မည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာ အငြင်းပွားမှုများ ရှောင်လွှဲနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Transboundary Water Management Agreement ဆောင်ရွက်ရန် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံတမန်လမ်းကြောင်း



ဦးစိုးသိန်း

မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်ပေးရန် ညှိနှိုင်းတင်ပြထားပါကြောင်း၊ ယင်းသဘောတူစာချုပ်၌ ထိုင်းနိုင်ငံပါ ပါဝင်ဆောင်ရွက်ရမည် ဖြစ်သည့်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုးတို့၏ လယ်ယာမြေကိစ္စ၊ မြစ်ကမ်းပါး ထိန်းသိမ်းရေးနှင့် လေကြောင်းကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်တို့က ဥပဒေကြမ်း၏ ပုဒ်မ(၁၀)၊ ပုဒ်မ(၂၄) နှင့် ပုဒ်မ(၅၆)ပါ စကားလုံး အသုံးအနှုန်းနှင့် သဒ္ဒါအထားအသို မှန်ကန်စေရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာစစ်ဆေးရန် ဆုံးဖြတ်သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နိုဝင်ဘာ ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**
၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပ၍ ကျောက်စိမ်းအတွဲ (၁၂၀၀) အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ပြည်တွင်း၊ ပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များ တက်ရောက်အားပေးဝယ်ယူကြသည်။

နံနက်ပိုင်းမှစတင်၍ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ ပရဝဏ်အတွင်း ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လိုက်လံလေ့လာကြည့်ရှု၍ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို မှတ်သားခြင်း၊ ခန်းမအောက်ထပ်တွင် ခင်းကျင်းပြသထားသည့် အရည်အသွေးမြင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ ရွေးချယ်မှတ်သားခြင်း၊ ဈေးနှုန်းအဆိုပြုလွှာများအား တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရာ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံကြီးကြပ်ကူညီဆောင်ရွက်ပေးကြသည် ။

ယနေ့တွင် စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ် (၁) မှ (၁၂၀၀) အထိ ကျောက်စိမ်းတွဲများတွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများအပြင် အခြေခံဈေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ အထိ တန်ဖိုးသတ်မှတ်ထားသည့် အချောထည် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ပါ ထည့်သွင်းရောင်းချလျက်ရှိသည်။

၂၀၁၆ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၉ ရက်အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ပြပွဲသို့ တက်ရောက်လာကြသည့် ကျောက်မျက်ရတနာကုန်သည်များအနေဖြင့် စိတ်လက်ချမ်းသာစွာ မိမိတို့ဝယ်ယူလိုသည့် ကျောက်စိမ်းအတွဲများကို ရွေးချယ်ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။

**(သတင်းစဉ်)**

# မြန်မာ့လွတ်လပ်ရေးအတွက် တပ်လှန့်နှိုးဆော်ခဲ့သော အမျိုးသားအောင်ပွဲနေ့ထူးနေ့မြတ်

## ဟံသာဝတီ-ဦးအုန်းကြိုင်

ထီးကျိုးစည်ပေါက်၊ ပြည်လုံးမှောက်လျက်၊ အင်္ဂလိပ်လက်အောက်၊ ကျရောက်ရသောကြောင့် ပူဆွေးဒုက္ခ ရောက်နေကြရုံမျှဖြင့် မပြီးသေး။ ဗြိတိသျှတို့၏ ကျွန်ပညာရေးစနစ်ကို စည်းလုံးညီညွတ်စွာ တော်လှန်တိုက်ဖျက်နိုင်ခဲ့၍ အောင်ပွဲခံကာ ပျော်ရွှင်မြူးထူးနေရုံမျှဖြင့်လည်း မပြီးသေး။ အမျိုးသားလွတ်မြောက်ရေးကို အရယူရန် တာဝန်ကျန်ရှိပေသေးသည်။

ယနေ့သည် အောင်ပွဲလည်းမဟုတ်၊ ပျော်ပွဲလည်းမဟုတ်၊ လွတ်လပ်ရေးအတွက် လမ်းစလမ်းနရရှိခဲ့သော နေ့မျှသာဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးလမ်းကြောင်းတွင် ဖြောင့်ဖြောင့်တန်းတန်းမျှော်မှန်းပြီး မကြောက်မရွံ့ နောက်မတွန့်ဘဲ ချီတက်ပါအံ့။ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် လွတ်လပ်ရေးအောင်ပန်းကို မသွေတမ်းဆွတ်လှမ်းပါအံ့ဟူသော စိတ်ပြဋ္ဌာန်းချက်မျိုးဖြင့်-

**“အမျိုးသားနေ့ - ဒို့နေ့ ဒို့နေ့**
**ကျွန်ပညာ - အလိုမရှိ**
**ကြောက်မွေးပါ - ဇာဂနာနဲ့နုတ်**
**ရဲရဲတောက်ဟော့ - ဒို့ဗမာ**
**အရေးတော်ပုံ - အောင်ရမည်”**

(၁၃-၁၁-၁၉၂၂၊ ပထမဆုံးအကြိမ်ကျင်းပသော အမျိုးသားအောင်ပွဲနေ့ ကြေညာစာတမ်းမှ)

**ပထမဆုံးအကြိမ်ကျင်းပသော**
**အမျိုးသားအောင်ပွဲနေ့**

၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလဆုတ်(၁၀)ရက်၊ ခရစ်နှစ် ၁၉၂၂ ခုနှစ် နိုဝင်ဘာ ၁၃ ရက် တနင်္လာနေ့တွင် ပထမဆုံးအကြိမ် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာတစ်နိုင်ငံလုံး မြို့တိုင်း၊ ရွာတိုင်း လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပကြလေသည်။

**ကျွန်စိတ်ကျွန်သွေးပျောက်**
**သခင်စိတ် သခင်သွေးရောက်အောင်**

ထိုနေ့က ပထမဆုံးအကြိမ်ကျင်းပသော အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် ကျောင်းသားများနှင့် ပြည်သူအပေါင်းတို့သည် စည်းလုံးညီညွတ်စွာ လက်တွဲလျက် စီတန်းလှည့်လည်ကြ၍ အထက်ပါကြွေးကြော်သံများ ဟစ်ကြွေးဆန္ဒပြခြင်း၊ ကျွန်စိတ်ကျွန်သွေးများကိုပယ်၍ သခင်စိတ် သခင်သွေးများ ပေါ်ပေါက်အောင်ဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ အမိနိုင်ငံကို နယ်ချဲ့လက်အောက်ကျွန်သပေါက်ဘဝမှ လွတ်မြောက်ရန်အတွက် သစ္စာအဓိဋ္ဌာန်ပြုခြင်း အစီအစဉ်တို့ကို စနစ်တကျ ကျင်းပဆောင်ရွက်ခဲ့ကြသည်။

**အမျိုးသားလွတ်မြောက်ရေးဦးတည်သော**
**အမျိုးသားအောင်ပွဲနေ့(နေရှင်နယ်ဒေး)**

အမိနိုင်ငံကိုချစ်ရန်၊ အမိမြန်မာနိုင်ငံအတွက် အရေးကြီးသောကိစ္စများတွင် ကိုယ်ကျိုးကိုစွန့်ရန်၊ ရှေ့တွင် ကြီးကျယ်၍ မြင့်မြတ်သောတာဝန်ကြီးတစ်ရပ်ရှိလေရာ ယင်းတာဝန်ကြီးကို အားလုံးက မဖြစ်မနေဆောင်ရွက်ရန်၊ အမျိုးကိုချစ်သောစိတ်ဓာတ်ဖြင့် သေနိုင်ရန်နှင့် အမျိုးသားလွတ်မြောက်ရေး ရရန်တို့သည် အမျိုးသားကျောင်းများ၏ ဟုန်းဟုန်းတောက် ရည်ရွယ်ဦးတည်ချက်များဖြစ်ပေသည်ဟု ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အာဏာပိုင်များနှင့် ဗြိတိသျှအစိုးရကိုဆန့်ကျင်အာခံ၍ ဆန္ဒပြခဲ့ကြသော တက္ကသိုလ်ကျောင်းသားများ၏ ပထမသပိတ်ကြီးမှ ချမှတ်ပြဋ္ဌာန်းလိုက်သော နိုင်ငံရေးဦးတည်ချက်ဖြစ်လေသည်။

**အမျိုးသားရေးစိတ်ဓာတ် တက်ကြွစေခဲ့**

တက္ကသိုလ်ကျောင်းသားများက ဤကဲ့သို့ ပထမဆုံးအကြိမ် သပိတ်မှောက်၍ နှိုးဆော်လိုက်ခြင်းသည် ကမ္ဘာ့နိုင်ငံရေးနှင့် မြန်မာ့နိုင်ငံရေး အခြေအနေများကို လေ့လာနေကြသော ပြည်သူတို့၏ မီးခဲပြာဖုံးဖြစ်နေသည့် အမျိုးသားရေးစိတ်ဓာတ်တို့ နိုးကြားတက်ကြွကာ ဟုန်းဟုန်းတောက်လောင်လာစေခဲ့ပေသည်။

**“အမျိုးသားတို့ ကြီးပွားရန်၊ နည်းလမ်းမှန်စွာ၊ လုပ်တဲ့ကျောင်းသား”**
**“ယူနီဗာစီတီအက်ဥပဒေ၊ မပျက်မနေ၊ ကျွန်တော်တို့ ကျောင်းသား”**
**“ပညာပိုင်းကလုပ်လိုက်တာ၊ ဒို့တစ်တွေမှာ၊ နွားဖြစ်တာပဲ”**
**“အများအတွက် အနာခံ၊ တစ်ယောက်မကျန်၊ ညီတဲ့ကျောင်းသား”**
**“တိုင်းပြည်အတွက် အကျိုးဆောင်၊ ရာဇဝင်ပြောင်တဲ့၊ ဒို့ရွှေကျောင်းသား”**

ယင်းဆန္ဒပြကြွေးကြော်သံ သံချပ်သံများသည် တစ်နိုင်ငံလုံးရှိကျောင်းသားများပါ ပါဝင်လာသည့် သပိတ်ကြီးအဖြစ်သို့ ရောက်ရှိသွားခဲ့လေသည်။

ထိုပထမကျောင်းသားသပိတ်ကြီးကို ကောလိပ်ကျောင်းသား ကိုဘဦး ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော သပိတ်မှောက်ကျောင်းသားများကောင်စီက ဦးဆောင်၍ ရန်ကုန်မြို့ ဗဟန်းရပ်ကျောင်းတော်ရာ ရွှေကျင်ကျောင်းတိုက်၌ သပိတ်စခန်းဖွင့်လှစ်ခဲ့သည်။

**ကိုလိုနီတော်လှန်ရေးလှုပ်ရှားမှုကြီး**

ထိုပထမကျောင်းသားသပိတ်သည် ဗြိတိသျှကိုလိုနီစနစ်၏ အဖိအနှိပ်ခံနင်းပြားဘဝကို အမြစ်ကလှန်၍ အာဏာဖီဆန်တော်လှန်ပစ်လိုက်သော အမျိုးသားရေး လှုပ်ရှားမှုကြီးတစ်ရပ်လည်းဖြစ်ပေသည်။

ထိုစဉ်အခါက တက္ကသိုလ်ကျောင်းသားတို့သည် ကျောင်းကထွက်သည်နှင့် အနည်းဆုံး မြို့အုပ်၊ နယ်ပိုင်၊ ဝန်ထောက်ဖြစ်ရန် သေချာနေသူများဖြစ်သည်။ ဗြိတိသျှကိုလိုနီလက်အောက်တွင် မြို့အုပ်၊ ဝန်ထောက်ဆိုသည်မှာ ထိုခေတ်က မြန်မာတိုင်းရင်းသားများအဖို့ ထိပ်တန်းကျလှသော ပျိုတိုင်းကြိုက်နှင်းဆီခိုင်ရာထူးကြီးများဖြစ်သည်။ ပထမဆုံးသပိတ်မှောက်ဆန့်ကျင်ခဲ့ကြသော ကျောင်းသားတို့သည် အမျိုးသားရေးအတွက်၊ အမျိုးသားလွတ်မြောက်ရေးအတွက်၊ ကိုယ့်အကျိုးကိုယ့်စီးပွားကို ဤသို့လျှင် ရဲရဲဝံ့ဝံ့စွန့်လွှတ်ခဲ့ကြသည်မှာ ထိုခေတ်အခါက မဟာသူရဲကောင်းကြီးများ ဖြစ်ခဲ့ကြရသည်။

**အမျိုးသားနိုင်ငံရေး လှုပ်ရှားမှုကြီး**

ထိုပထမတက္ကသိုလ်ကျောင်းသားများ၏ သပိတ်ကြီးကို မြန်မာပြည်သူတစ်ရပ်လုံးက အုတ်အုတ်ကျက်ကျက် ထောက်ခံအားပေးခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ပထမတက္ကသိုလ်ကျောင်းသားသပိတ်သည် ပညာရေးစနစ် အဆင်မပြေမှုကို အကြောင်းခံခဲ့သော်လည်း ထိုမှတစ်ဆင့် တစ်မျိုးသားလုံးနှင့်ဆိုင်သော နိုင်ငံရေးလှုပ်ရှားမှုကြီးအဆင့်အထိ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာပြည်သူတို့သည် သပိတ်မှောက် တက္ကသိုလ်ကျောင်းသားတို့၏ အနစ်နာခံမှုနှင့် ကိုယ်ကျိုးစွန့်မှုတို့ကို နှစ်ခြိုက်အားကျကြသည်ဖြစ်၍ အုပ်စိုးသူ ဗြိတိသျှနယ်ချဲ့သမားတို့အား အန်တုချင်စိတ်၊ ဖက်ပြိုင်လိုစိတ်၊ အရေးဆိုတိုက်ပွဲဝင်လိုစိတ်များ တဖွားဖွားတက်ကြွလာခဲ့ကြသည်။ တကယ်တော့ ဤပထမကျောင်းသားသပိတ်ကြီးသည် မီးခဲပြာဖုံးဘဝကျရောက်နေခဲ့ကြသော မြန်မာပြည်သူတို့၏ အမျိုးသားရေးစိတ်ဓာတ်များကို ပထမဆုံးအကြိမ်အဖြစ် ဖော်ထုတ်နှိုးဆွပေးလိုက်နိုင်ခဲ့လေသည်။ ဤ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်သည် ပညာရေးလှုပ်ရှားမှုအဆင့်လောက်မျှသာမက နိုင်ငံရေးလှုပ်ရှားမှုအဆင့်အထိတိုင် အလေးအနက် အဓိပ္ပာယ်ဖွင့်ဆိုခဲ့လေသည်။

**အမျိုးသားကျောင်းများနှင့်**
**အမျိုးသားကောလိပ်ပေါ်လာခြင်း**

သပိတ်မှောက်ကောင်စီခေါင်းဆောင်များသည် တစ်ဖက်တွင် ကျောင်းသားနစ်နာချက်များကိုဖော်ပြပြီး ရသင့်ရထိုက်သည့် အခွင့်အရေးများကို တောင်းဆိုဆန္ဒပြကြရင်း အခြားတစ်ဖက်မှလည်း လူထုစည်းရုံးရေး၊ ပြဿနာပေါင်းစုံဖြေရှင်းရေးတို့ကို ဆောင်ရွက်ကြလျက် အင်္ဂလိပ်အစိုးရကျောင်းများနှင့် စင်ပြိုင်ကာ အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရေးကို ဦးတည်ကာ ထို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ ဗဟန်းရှိ လစ်လပ်နေသည့်ဇရပ်တိုင်းတွင် အခြေခံပညာ ပထမတန်းမှ ဒသမတန်းအထိ အတန်းစဉ်များခွဲကာ ကျောင်းများ စတင်ဖွင့်လှစ်လေသည်။ နယ်အသီးသီးရှိ သပိတ်မှောက်ကျောင်းသားများထံသို့လည်း အလားတူ အမျိုးသားကျောင်းများ ဖွင့်လှစ်သင်ကြားကြရန် ညွှန်ကြားဖော်ဆောင်ကြလေသည်။

**အာဏာပိုင်တို့ ထုံးစံအတိုင်း**

သို့သော် အာဏာပိုင်တို့သည် ကျောင်းသားတို့၏ တောင်းဆိုချက်များကိုလည်းကောင်း၊ ပြည်သူတို့၏ လှုပ်ရှားမှုကိုလည်းကောင်း လုံးဝဂရုမစိုက်သည့်အနေဖြင့် သပိတ်မှောက်ကျောင်းသားများအား ရန်ကုန်တက္ကသိုလ်သို့ ဒီဇင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ ကျောင်းပြန်ဝင်ရမည်။ မဝင်ရောက်သူများကို ကျောင်းထုတ်ပစ်မည်ဟု ကြေညာလေ၏။

သပိတ်မှောက်ကျောင်းသားကောင်စီက အရေးပေါ် အစည်းအဝေးခေါ်ယူပြီး တက္ကသိုလ်အာဏာပိုင်တို့သည် ကျောင်းသားတို့၏နစ်နာချက်၊ တောင်းဆိုချက်များကို အနည်းငယ်မျှပြင်ဆင်ပေးရန် မရည်ရွယ်ကြောင်း တွေ့ရသဖြင့် သပိတ်မှောက်ကျောင်းသားများကောင်စီအနေဖြင့် မည်သည့်ကောလိပ်ကျောင်းသို့မျှ လုံးဝပြန်မတက်ရန် ဆုံးဖြတ်ကြေညာလိုက်လေသည်။

**တစ်နိုင်ငံလုံး သပိတ်မှောက်ကြပြီ**

သပိတ်မှောက်ကျောင်းသားများသည် တစ်နိုင်ငံလုံးရှိ အစိုးရကျောင်းအသီးသီးကို ခြွင်းချက်မရှိ သပိတ်မှောက်လိုက်ကြပြီးနောက် အမျိုးသားပညာရေးလှုပ်ရှားမှုတွင် အားစိုက်ကြိုးပမ်းကြလေတော့သည်။ အနယ်နယ်အရပ်ရပ်တို့တွင်လည်း အမျိုးသားကျောင်းများ မှိုပေါက်သလို တစ်ပြုံကြီးပေါ်ထွက်လာလေတော့သည်။

**အမျိုးသားကောလိပ်ကျောင်းကြီး**

ရန်ကုန်တက္ကသိုလ်နှင့် စင်ပြိုင်အမျိုးသားကောလိပ်ကျောင်းကြီးကို ၁၂၈၃ ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်၊ ၁၉၂၁ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းရပ်ကျောင်းတော်ရာ ရွှေကျင်ကျောင်းတိုက်ကြီးတွင် တည်ထောင်ဖွင့်လှစ်လိုက်လေသည်။ အကျိုးတော်ဆောင် ကျောင်းအုပ်ကြီးမှာ ဝတ်လုံတော်ရ ဦးပုဖြစ်၍ ဆရာလွန်း (ဆရာကြီး သခင်ကိုယ်တော်မှိုင်း)နှင့် ဦးဘချို (ဒီးဒုတ်ဦးဘချို)တို့မှာ မြန်မာစာဌာန ပါမောက္ခနှင့် ကထိကတို့ ဖြစ်လာသည်။

**ကိုလိုနီပညာရေးစနစ်**

ကိုလိုနီပညာရေးစနစ်သည် ကျွန်စိတ်သွင်းသော ပညာရေးဖြစ်သည်။ ဤကျွန်စိတ်ကြောင့် ထိုစဉ်အခါက မြန်မာတစ်မျိုးသားလုံး မျိုးပြုတ်ပျက်သုဉ်းရတော့မည့် ကျွန်ခံရေးအခြေအနေဖြစ်နေသည်။ ထို့ကြောင့် ယင်းကျွန်စိတ်ကို အသေသတ်အမြစ်ဖြုတ်၍ အမျိုးသားစိတ်ဓာတ်များ ပြန်လည်ရှင်သန်လာစေရန် အမျိုးသားကျောင်းများ တည်ထောင်ဖွင့်လှစ်ရမည်ဟု ပြည်သူတို့ကပါ ခံယူဖော်ဆောင်ကြသည်။

**အမျိုးသားပညာရေးစနစ်**

အမျိုးသားပညာရေးစနစ်မှာ မြန်မာတို့အတွက်အကျိုးမရှိ၊ အရာမထင်၊ လခစားဖြစ်ရုံလောက်သာ ရည်ရွယ်ဖော်ဆောင်နေသည့် ကိုလိုနီပညာရေးကိုစွန့်၍ နိုင်ငံခြားသားမျက်နှာဖြူများ မြန်မာနိုင်ငံတွင် လုပ်ကိုင်ကြီးပွားနေကြသော အလုပ်ကြီးအကိုင်ကြီးများဖြစ်သည့် သတ္တုတွင်းလုပ်ငန်း၊ သစ်တောလုပ်ငန်းစသည်တို့ကို မြန်မာတိုင်းရင်းသားများကိုယ်တိုင် စီမံလုပ်ကိုင်နိုင်ရန် ရည်ရွယ်သော ပညာရေးစနစ်ကို ထူထောင်ရန်ဖြစ်ပေသည်။

**ပြည်သူ့နီတိနှင့် နိုင်ငံရေးပညာရပ်**

ထို့ပြင် မြန်မာတိုင်းရင်းသားလူမျိုးတို့အတွက် အစိုးရကျောင်းများတွင် ထိရောက်စွာ သင်ကြားမပေးသော မြန်မာစာပေ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုစသည်တို့ကို အမျိုးသားကျောင်းများတွင် အထူးပြု၍ သင်ယူဆည်းပူးနိုင်ရန် ရည်မှန်းခဲ့ကြသည်။ ပြည်သူ့နီတိနှင့် အခြေခံနိုင်ငံရေးပညာရပ်များကိုပါ သင်ကြားပို့ချရန် ပြဋ္ဌာန်းသတ်မှတ်ခဲ့ကြသည်။

**ကိုယ့်ထူးကိုယ်ချွန်ပညာတတ်များ**

အမျိုးသားကျောင်းများမှ မွေးထုတ်ရန်ရည်ရွယ်သော ကျောင်းသားများမှာ စာသမားသက်သက်များ မဟုတ်ကြဘဲ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ထူးကိုယ်ချွန်စိတ်ရှိကြသည့် ကျောင်းသား၊ ကိုယ့်သိက္ခာကိုယ်စောင့်ထိန်းသည့် ကျောင်းသားမျိုးနှင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိကြသည့်ကျောင်းသားများကို မွေးထုတ်ပေးနိုင်ရန် အဓိကရည်ရွယ်ခဲ့ကြသည်။

**လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်အရေးပါခဲ့သော**
**အမျိုးသားကျောင်းများ**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းဖော်ဆောင်မှု သမိုင်းတွင် အမျိုးသားကျောင်းများ၏ အခန်းကဏ္ဍသည် များစွာ အရေးပါခဲ့သည်။ ဗြိတိသျှနယ်ချဲ့ ကိုလိုနီအစိုးရလက်အောက်တွင် အမျိုးသားရေးစိတ်ဓာတ်ကိုနှိုးဆော်ရာ၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုကို ပျိုးထောင်ထိန်းသိမ်းကြရာ၌ လည်းကောင်း အမျိုးသားကျောင်းများကများစွာ အထောက်အကူပေးခဲ့ကြသည်။

**ဗိုလ်ချုပ်အစ အမျိုးသားကျောင်းက**

မြန်မာ့အမျိုးသားလွတ်လပ်ရေးကို စွမ်းစွမ်းတမံ ဦးဆောင်တိုက်ယူပေးခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းစသည့် မျိုးချစ်နိုင်ငံ့ခေါင်းဆောင် အများစုတို့သည် အမျိုးသားကျောင်းထွက်များပင် ဖြစ်ကြသည်။

**ကျောင်းသားသပိတ်မှသည်**
**လွတ်လပ်ရေးတိုက်ပွဲဆီသို့**

ဤသို့အားဖြင့် မြန်မာနိုင်ငံတွင် အမျိုးသားကျောင်းများ ပေါ်ပေါက်လာခြင်း၊ အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန်များ ပြန်လည်နိုးကြားတက်ကြွလာကြရာမှ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲကြီး ဆင်နွှဲနိုင်ခဲ့ကြသည်တို့မှာ ၁၉၂၀ ပြည့်နှစ် ယူနီဗာစီတီကောလိပ်ကျောင်းသားသပိတ်၏ လှုံ့ဆော်ဖန်တီးချက်ကြောင့်ဖြစ်ကြောင်း ထင်ရှားခဲ့ပေသည်။

ထို့ကြောင့် ယင်းကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပလာခဲ့ကြသည်မှာ ယနေ့ဆိုပါလျှင် (၉၆)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၇ သို့

**ကျောင်းသားသပိတ်ကြီး စတင်ပေါ်ပေါက်ခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားအောင်ပွဲနေ့အဖြစ်သတ်မှတ်၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံတစ်ဝန်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကျင်းပလာခဲ့ကြသည်မှာ ယနေ့ဆိုပါလျှင် (၉၆)နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ် . . .**

## ပြည်တွင်းရေးရာ

စာမျက်နှာ ၆ မှ

**စာရေးသူတို့ကိုယ်တိုင် ကြွေးကြော်ခဲ့ကြ**

ဗြိတိသျှလက်အောက် ကျွန်သပေါက်ဘဝ၊ ဤစာရေးသူတို့ ငယ်ရွယ် စဉ် ကျောင်းသားဘဝက ကိုယ်တိုင်ပါဝင်၍ အမျိုးသားအောင်ပွဲနေ့အခမ်းအနား စီတန်းလှည့်လည်ကြရာ၌ ဟစ်အော်ကြွေးကြော်ခဲ့ကြသော အမျိုးသား စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ တဖွားဖွားပေါ်ထွက်စေခဲ့သည့် ကြွေးကြော်သံများကို ယနေ့တိုင် ပြန်လည်ကြားယောင်လျက်ရှိပါသည်။

(၁) အမျိုးသားနေ့အခါတော် - ကမ္ဘာကျော်အောင်နွှဲလိုက်ကြစို့။
(၂) သာကီမျိုးဟော့ ဒို့ဗမာ - ရှေးစဉ်လာက ကိုယ့်မင်းကိုယ့်ချင်း။
(၃) ဖိနှိပ်ခြင်းကို ဒို့မခံ - ဒို့နိုင်ငံဟာ ဒို့ဖို့ပါပဲ။
(၄) လွတ်လပ်ရေးကိုရရမည် - စိတ်တူကိုယ်ညီ ပြကြ ပြကြ။
(၅) ဗမာအချင်းချင်း သွေးစည်းကာ - အရေးကြီးလာပြီ သိကြ သိကြ။
(၆) အရေးကြီးတဲ့ခုချိန်ခါ - ဒို့ဗမာတွေ ညီကြ ညီကြ။
(၇) စွန့်စားဝံ့တဲ့အာဇာနည် - ဗမာပြည်မှာ ထောင်သောင်းသိန်းသန်း။

**လွတ်လပ်ရေးအတွက် စစ်မျက်နှာစဖွင့်သောနေ့**

ဤသို့ အမျိုးသားအောင်ပွဲနေ့မှစတင်၍ မြန်မာတိုင်းရင်းသားအပေါင်း တို့သည် လွတ်လပ်ရေးအတွက် စစ်မျက်နှာစတင်ဖွင့်ခဲ့ကြသည်။ မဟုတ်မခံ၊ မတရားမှုကိုခေါင်းငုံ့မခံ၊ မည်သူ့ကိုမျှ အနိုင်မခံသောလူမျိုးဖြစ်ကြောင်း ရဲဝံ့စွာ ထုတ်ဖော်ပြသခဲ့ကြသည်။ ဖိနှိပ်မှု၊ ရက်စက်မှုတွေအကြားမှ ဇရာမစွန့်လွှတ် စွန့်စားကြလျက် လူထုဆန္ဒကိုထုတ်ဖော်တင်ပြခဲ့ကြသည်။ လွတ်လပ်ရေးအတွက် အနစ်နာခံ၊ အသေခံ၍ အရယူကြရန် အားလုံးတူညီအဓိဋ္ဌာန်ပြုခဲ့ကြသည်။

**အမျိုးသားရေးစိတ်ဓာတ်**

အမျိုးသားအောင်ပွဲနေ့၏ ပညာပေးနှိုးဆော်မှုများကြောင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် အမျိုးသားရေးစိတ်ဓာတ် အစဉ်မပြတ်နိုးကြား တက်ကြွကာ တစ်မျိုးသားလုံး လှုပ်ရှားလာကြသည်။

**အောင်ပွဲအလီလီ ရှေ့သို့ချီ၍**

ယင်းအမျိုးသားအောင်ပွဲနေ့၏ ဖန်တီးစေ့ဆော် ဖော်ဆောင်ပေးသည့် ဇာတိသွေး၊ ဇာတိမာန်၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ သွေးစည်းညီညွတ်မှုတို့ကြောင့် မြန်မာတို့သည် အရင်းရှင်နယ်ချဲ့သမားများအပေါ် တစ်ထစ်ပြီးတစ်ထစ် အောင်ပွဲအလီလီခံကာ နောက်ဆုံး၌ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ် သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာထူထောင်နိုင်ခဲ့ကြ လေသည်။

**မလျှော့သောဇွဲလုံ့လဖြင့်**

အမှန်အားဖြင့် အမျိုးသားအောင်ပွဲနေ့က စတင်ပျိုးထောင်ပေးလိုက်သော အမျိုးသားရေးစိတ်ဓာတ်သည် သူ့ကျွန်ဘဝမှ ရုန်းထွက်လွတ်မြောက်ရန် လွတ် လပ်ရေးတိုက်ပွဲကိုသာ စေ့ဆော်သည်မဟုတ်။ ရရှိခဲ့ပြီးသော လွတ်လပ်ရေးကို အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန်၊ ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိမိတို့နိုင်ငံတော်အတွင်း၌ မိမိတို့လိုလားနှစ်သက်သည့် လူမှုစနစ်ကို လွတ် လပ်စွာထူထောင်နိုင်ကြရန်အတွက် မလျှော့သောဇွဲလုံ့လဖြင့် တညီတညွတ် ဆက်လက်ကြိုးပမ်းရေးကိုလည်း စေ့ဆော်ပေးလေသည်။

**၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက် အမျိုးသားနေ့ ဆောင်ပုဒ်**

**တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့၊ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်စို့။**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်
(၂၄-၁၁-၂၀၁၆)

**၂၀၁၆ ခုနှစ်၊ (၉၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ**

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်ရေး၊
- ☆ တိုင်းရင်းသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊
- ☆ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး။

**(၂၁) ရာစုပင်လုံညီလာခံဆိုသည်မှာ**

ယနေ့ ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်စွာ အကောင်အထည် ဖော်ဆောင်လျက်ရှိနေကြသော (၂၁) ရာစုပင်လုံ ငြိမ်းချမ်းရေးညီလာခံမှသည် ဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန်အထိ လွန်ခဲ့သော နှစ်ပေါင်း ၉၀ ကျော်က ဖြစ်တည်လာခဲ့ သည့် "အမျိုးသားအောင်ပွဲနေ့"က အဓိကအကြောင်းရင်းခံကာ စေ့ဆော် ပေးခဲ့သည့် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ သွေးစည်းညီညွတ်သော ပြည်ထောင်စု စိတ်ဓာတ်များကြောင့် ဖြစ်သည်ဟုဆိုသော် မှားအံ့မထင်ပေ။

ထို့ကြောင့် ဤ"အမျိုးသားအောင်ပွဲနေ့" အထိမ်းအမှတ်အောင်ပွဲသဘင်ကို စဉ်လာမပျက် ဆင်နွှဲကျင်းပကြရန်မှာ ယနေ့ နိုင်ငံတော်ကို ချစ်မြတ်နိုးသော ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ မဟာတာဝန်ဖြစ်ပါကြောင်း ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

## အမျိုးသားနေ့(သို့မဟုတ်) အမျိုးသားအောင်ပွဲနေ့တပ်လှန့်သံ

❀ နှစ်ထောင်တစ်ဆယ့်ခြောက်
ယနေ့ရောက်ခဲ့တဲ့
(၉၆)နှစ်မြောက် အမျိုးသားနေ့
မြန်မာနိုင်ငံရဲ့မမေ့နိုင်တဲ့သမိုင်း
နယ်ချဲ့မိစ္ဆာရှိင်းတွေကိုတော်လှန်
ကမ္ဘာကျော်တဲ့သပိတ်ပွဲ
တစ်မျိုးသားလုံးဆင်နွှဲခဲ့တာ
ဒဏ္ဍာရီပုံပြင်မဟုတ်ဘူးမိတ်ဆွေ။
❀ ကျုပ်တို့မြန်မာတွေဟာ
မည်သူ့မြေကိုမှမကျူးကျော်
ဘယ်အခါမှမတရားတာ
အမှားရှာမလုပ်ခဲ့
မတရားအမှားလာလုပ်တဲ့သူတွေကိုဖယ်ထုတ်
အမြစ်ဖြုတ်ဖို့ဝန်မလေး
အထင်မသေးနဲ့မြန်မာ့သွေးဟာနီရဲ
ဘယ်အခါမှကြောက်သွေးမရှိ
သတ္တိတွေအပြည့်ရှိပြီးသား
ကျူးကျော်လာမည့်သူမှန်သမျှလုံးဝမထား
နယ်ချဲ့ကျားဆိုးတွေ ဝေးဝေးသွား။
❀ အမျိုးသားနေ့ဆိုတာ
တစ်နှစ်မှတစ်ခါ
ကျင်းပနေတာမဟုတ်
အရေးကြုံလာတဲ့အချိန်တိုင်း
ဝံသာနုစိတ်ဓာတ်
ကိုယ်နှင့်တစ်ထပ်ထဲရှိ
အသိ, သတိတွေအမြဲထား
ညီနောင်တိုင်းရင်းသားတွေလက်တွဲ
သွေးမကွဲနဲ့ သွေးမနည်းနဲ့
ကျုပ်တို့သွေးတွေကိုခွဲမယ့်
ဟိုနေရာ သည်နေရာ
နေရာအနှံ့အပြားက ပျံ့ဝဲလာမယ့်
အတွင်းရန်၊ အပြင်ရန် ဂှက်ဆိုးလဒတွေ
အလုံးစုံသောရန်တွေကိုရှင်း
ငြိမ်းချမ်းခြင်းရဲ့ပြယုဂ်
ထုတ်နုတ်ပြတဲ့နေ့တိုင်း
အမျိုးသားနေ့လို့မှတ်ယူ
ဇာတ်တူသားကို ဘယ်တော့မှမစား
အမျိုးချစ်တဲ့စိတ်ဓာတ်တွေလက်ကိုင်ထား
ခင်ဗျားတို့၊ ကျုပ်တို့
စကားမရှုပ်၊ အမှားမလုပ်မိစေနဲ့
စကားရှုပ် အမှားလုပ်တဲ့
ခလုတ်တွေမှန်သမျှလက်မခံ
စက္ကန့်၊ မိနစ်၊ နာရီတွေတိုင်း
မလစ်လပ်စေနဲ့
အမျိုးဘာသာ၊ သာသနာ
မြန်မာပြည်ကိုချစ်တတ်တဲ့စိတ်
မိတ်ဆွေတို့၊ ကျုပ်တို့
နလုံးသားမှာအမြဲရှိနေဖို့လို
ဒါထာဝရနိုးကြားနေရမယ့်
အမျိုးသားရေးဝံသာနုစိတ်ဓာတ်
အသိ၊ သတိချပ်နေ၊ ကပ်နေရင်
ပြီးတာပါပဲမိတ်ဆွေ။ ။

[(၉၆)နှစ်မြောက်အမျိုးသားနေ့သို့ဂုဏ်ပြုရေးဖွဲ့ပါသည်။]

ကျော်ဝင်းသက်

❀ **ရန်ကုန်မြို့မှ**

စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြို့တွင်းမြို့နယ် ၄ မြို့နယ်ရှိ ပျံကျလမ်းဘေးဈေးသည်များကို နိုဝင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် စတင်ပြောင်းရွှေ့ဖွင့်လှစ်စေခြင်းဖြစ်ပြီး တစ်ပတ် အတွင်း ပြောင်းရွှေ့နိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်စေမည်ဟု သိရ သည်။ ဈေးဆိုင်များ ပြောင်းရွှေ့မှုမတိုင်မီတွင် ရောင်းချသူအမည်၊ ဓာတ်ပုံနှင့် ရောင်းချမည့်ကုန်စည်တို့ကို စနစ်တကျ သက်သေခံလက်မှတ်ပြုလုပ်ပေးမည် ဖြစ်ပြီး ကတ်ပြားအတု၊ လက်လွှဲရောင်းချခြင်းများ မပြုလုပ်နိုင်ရန် လုံခြုံရေးစနစ် ထည့်သွင်းထားကာ စစ်ဆေးဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းရှိ ပျံကျလမ်းဘေးဈေးသည်များကို ယခုနှစ် ဇူလိုင်လ အတွင်း ကြိုတင်ကောက်ခံခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အလိုက် စနစ်တကျ မှတ်ပုံတင်ခဲ့ရာ အဆိုပါ ၄ မြို့နယ်အတွင်း လမ်းဘေးဈေးသည်စုစုပေါင်း ၆၀၄၁ ဦးရှိပြီး ယင်းအနက် ကမ်းနားလမ်း ညဈေးတန်းသို့ ဈေးသည် ၁၆၀၀ ကျော်ခန့်ကို ပြောင်းရွှေ့နေရာချထားပေးခဲ့ခြင်း ဖြစ်သည်။ ကျန်ဈေးသည်များ အနေဖြင့်လည်း မြို့တွင်းလမ်းမကြီး ၁၁ လမ်းပေါ်တွင် ရောင်းချခွင့်မရှိတော့ ဘဲ လမ်းသွယ်များနှင့် နံပါတ်တပ်ထားသော လမ်းများတွင် သတ်မှတ်ချိန်အတိုင်း စနစ်တကျ ရောင်းချရမည်ဟုသိရသည်။

ကမ်းနားလမ်း ညဈေးတန်းဧရိယာအဖြစ် ကမ်းနားလမ်းတစ်လျှောက် အောင်ရတနာလမ်းမှ ပန်းဆိုးတန်းလမ်းအထိ၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း (မဟာဗန္ဓုလနှင့် ကမ်းနားလမ်းကြား)တွင် သတ်မှတ် ထားကြောင်း သိရသည်။

ညဈေးတန်းပြုလုပ်မည့် ကမ်းနားလမ်းတိုးချဲ့ဧရိယာတွင် ညဈေးတန်း ဖွင့်လှစ်နိုင်ရေးအတွက် ၈ ပေ ပတ်လည်၊ ၆ ပေ ပတ်လည်၊ ၄×၈ ပေ ဆိုင်ခန်းနေရာ သတ်မှတ်ခြင်း၊ ဈေးဆိုင်ခန်းများအတွက် ရေ၊ လျှပ်စစ်မီး သွယ်တန်းပေးခြင်း၊ လုံခြုံရေးဆိုင်ရာအတွက် စီစီတီဗီ ကင်မရာများတပ်ဆင်ခြင်း၊ အမှိုက်စွန့်ပစ်စနစ်အတွက် ဆောင်ရွက်ခြင်း၊ သန့်စင်ခန်းများ အသစ်စီစဉ်ပေး ခြင်းတို့အပါအဝင် စနစ်တကျ ရောင်းချနိုင်ရေးအတွက် အခြေခံလိုအပ်ချက် များကို ငွေကြေးသုံးစွဲကာ ရေရှည်ရည်မှန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်ဇော်က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ရည်ရှည်ရည်မှန်းတဲ့ နိုင်ငံတကာက ညဈေးတန်း လိုမျိုး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအသောက်တွေ ရောင်းချဖို့နဲ့ စနစ်တကျ အမှိုက်စွန့်ပစ်ဖို့ ဆောင်ရွက်စေမှာပါ။ ဈေးရောင်းချပြီးတဲ့ နောက်ပိုင်းမှာ သန့်ရှင်းရေးဆောင်ရွက်ပြီး အမှိုက်တွေကို စနစ်တကျ ပုံး၊အိတ်နဲ့ ထည့်သွင်း စွန့်ပစ်ရမှာပါ"ဟု ဦးမောင်မောင်ဇော်က ရှင်းပြသည်။

အဆိုပါ လမ်းဘေးဈေးသည်များကို ဈေးကောက် ကောက်ခံမည်မဟုတ်ဘဲ သက်သေခံ မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ခ နှစ်စဉ်ကျပ် ၅၀၀ ပေးသွင်းရ မည်ဟု သိရသည်။ သို့သော် အမှိုက်သန့်ရှင်းရေးခအနေဖြင့် ၈ ပေပတ်လည် ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၃၀၀ ၊ ၄ ပေ × ၈ ပေ ဆိုင်ခန်းနှင့် ၆ ပေ ပတ်လည်ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၁၅၀၊ Aerial Mast များ ထွန်းပေး ရာတွင် ကုန်ကျသည့် လျှပ်စစ်ဓာတ်အားခအနေဖြင့် ၈ ပေ ပတ်လည်ဆိုင်ခန်း အတွက် တစ်လလျှင် ၇၀၀၊ ၄ ပေ× ၈ပေ ဆိုင်ခန်းနှင့် ၆ ပေ ဆိုင်ခန်းအတွက် တစ်လလျှင် ကျပ် ၃၅၀ သာ ကောက်ခံမည်ဖြစ်ပြီး၊ ရေအသုံးပြုမှုတွင်လည်း ရေဖိုးရေခအနေဖြင့် ၈ ပေ ပတ်လည်ဆိုင်ခန်းများအတွက် တစ်ရက်လျှင် ကျပ် ၃၀၀၊ ၄ ပေ × ၈ ပေနှင့် ၆ ပေ ပတ်လည်ဆိုင်ခန်းအတွက် တစ်ရက် ကျပ် ၁၅၀ နှုန်း ပေးဆောင်ရမည်ဟု သိရသည်။

**သတင်း-ဆုနှင်းလဲ့၊ ဓာတ်ပုံ -ဌေးအောင်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis အား ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဥရောပသမဂ္ဂ၏ ကူညီဆောင်ရွက်မှုလုပ်ငန်းအခြေအနေ၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးခြင်း ဆိုင်ရာများ၊ ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**❐ တရုတ်နိုင်ငံအတွင်းမှ**

ဝမ်တိန်ဒေသသည် မြန်မာနိုင်ငံ ကြူကုတ်(ပန်ဆိုင်း)မြို့နှင့်လည်းကောင်း၊ မန်ဟိုင်းဒေသသည် မြန်မာနိုင်ငံ မုံးကိုးမြို့နှင့်လည်းကောင်း နယ်နိမိတ်ချင်း ထိစပ်နေသော နေရာများဖြစ်သည်။

ကြူကုတ်(ပန်ဆိုင်း)နှင့် မုံးကိုးမြို့တို့တွင် နှစ်နိုင်ငံ နယ်စပ်သဘောတူညီချက်ပါ အကွာအဝေးအတိုင်း မြန်မာ-တရုတ်နယ်စပ်ကပ်လျက် မိမိတပ်နှင့် ရဲတပ်ဖွဲ့စခန်းများထားရှိ၍ လုံခြုံရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၀ ရက်က စခန်းအသီးသီးသို့ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအတွင်းသို့ ကျည်ကျရောက်ပေါက်ကွဲမှုအား စိစစ်ချက်အရ တပ်နှင့် ရဲတပ်ဖွဲ့စခန်းနေရာများသို့ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် အရှေ့တောင်ဘက်၊ တောင်ဘက်နှင့် အနောက်တောင်ဘက်တို့မှ အနောက်မြောက်ဘက်၊ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဦးတည်ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်၍ ပစ်ခတ်တိုက်ခိုက်မှု ဦးတည်ချက်များအရ ဝမ်တိန်ဒေသနှင့် မန်ဟိုင်းဒေသ လက်နက်ကြီးကျည် ၁၃ လုံး ကျရောက် ပေါက်ကွဲခြင်းမှာ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးတွေ့ရှိချက်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ တယ်ဟုန်တိုင်း အခြေချနယ်စပ်ကာကွယ်ရေးတပ်ဖွဲ့သို့ မြန်မာ့တပ်မတော် နယ်စပ်ဒေသကာကွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ခေါင်းဆောင်မှတစ်ဆင့် ပေးပို့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယုံကြည်မှုကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ အလွတ်သဘောတွေ့ဆုံဆွေးနွေးကြသည်။**



တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် သင်တန်းသားများ တိုးမြှင့်စေလွှတ်ရေး၊ တပ်မတော်အားကစားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များအပြင် ဆေးတပ်ဖွဲ့များပါ အပြန်အလှန်စေလွှတ်ရေး၊ ယုံကြည်မှုကိုအခြေခံ၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် မြန်မာ-ထိုင်း တပ်မတော်တို့၏ 4th High Level Committee Meeting ကို နံနက် ၉ နာရီတွင် ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ထိုင်းဘုရင့်ကြည်းတပ်မတော်၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ထိုင်းတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က HLC ၏ အခန်းကဏ္ဍသည် ထိုင်း-မြန်မာချစ်ကြည်ရေးကိုသာမက နှစ်နိုင်ငံလုံခြုံရေးကိုပါ တည်ဆောက်နိုင်ခြင်းကြောင့် နယ်စပ်ဒေသတစ်လျှောက်ရှိ နှစ်ဖက်ပြည်သူများ၏ လုံခြုံရေးနှင့်ဖွံ့ဖြိုးရေးကိုပါ တိုးတက်စေကြောင်း ရှင်းလင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့က အစည်းအဝေးအစီအစဉ်များကို အတည်ပြုကြသည်။

အကြိမ်(၃၀)မြောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီအစည်းအဝေး၏ ရလဒ်များကို ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်ကလည်းကောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့်ကိစ္စရပ်များ၊ Navy-to-Navy Staff Talk ကျင်းပနိုင်ခဲ့မှုများ၊ Air Working Group Bilateral Meeting ကျင်းပနိုင်ခဲ့မှုများကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် 4th High Level Committee Meeting ၏ Joint Secretariat Meeting မြန်မာဘက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးသဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Surapong Suwana-adth နှင့် ဇနီး Mrs. Vanvimol Suwana-adth နှင့် အဖွဲ့အား Park Royal Hotel ၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

High Level Committee Meeting ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Dusit Thani Hotel တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ် အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ကျင်းပလျက်ရှိရာ ပဉ္စမအကြိမ်မြောက် High Level Committee Meeting ကို ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တောင်းနှင့် တာလုံကြားတစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်များကို KIA/TNLA လက်နက်ကိုင်အဖွဲ့များက လမ်းပိတ်ဆို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြို့နယ် မော်တောင်းကျေးရွာနှင့် တာလုံကျေးရွာကြား တစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်ကြီး/ယာဉ်ငယ် ၁၀၀ ခန့်ကို ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် KIA/TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့မှ အင်အား ၇၀ ခန့်က လမ်းကြောင်းပိတ်ဆို့တားဆီးပြီး ယာဉ်မောင်းများအား ရိုက်နှက်ခြိမ်းခြောက်ခြင်း၊ ယာဉ်အချို့၏ ရှေ့လေကာမှန်များကို ရိုက်ခွဲဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာအား သွားရောက်ရှင်းလင်းခဲ့ရာ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများမှ လမ်းကြောင်းပိတ်ဆို့နေသည့် ယာဉ်များအား သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ပြီး အဆိုပါ ပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မူဆယ်မြို့အတွင်း ဖွင့်လှစ်ထားရှိသည့် စစ်ဘေးရှောင် ကယ်ဆယ်ရေးစခန်းများတွင် လာရောက်နေထိုင်သူများ စာရင်း
(၂၃-၁၁-၂၀၁၆)

| စဉ် | စစ်ဘေးရှောင် စခန်းအမည် | (၂၂-၁၁-၂၀၁၆) ရက်နေ့ စာရင်းရှိ | | | ထပ်တိုး | | | နေရပ်ပြန် | | | (၂၃-၁၁-၂၀၁၆) ရက်နေ့ (၁၁:၀၀) နာရီ စာရင်းရှိ | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင် ဘုရားကျောင်း (ဟိုမွန်ရပ်ကွက်) | ၆၁ | ၉၂ | ၁၅၃ | ၁၆ | ၃၃ | ၄၉ | - | - | - | ၇၇ | ၁၂၅ | ၂၀၂ | |
| ၂ | ဘုန်းတော်ကြီးကျောင်း (မြောက်ရပ်ကွက်) | ၃၄၈ | ၃၅၇ | ၇၀၅ | ၁၆ | ၂၃ | ၃၉ | - | - | - | ၃၆၄ | ၃၈၀ | ၇၄၄ | |
| ၃ | ကမ္ဗွာန်းကျောင်း (တောင်ရပ်ကွက်) | ၆၀၂ | ၅၄၃ | ၁၁၄၅ | - | - | - | - | - | - | ၆၀၂ | ၅၄၃ | ၁၁၄၅ | |
| ၄ | အောင်မင်္ဂလာကျောင်း (ရွှမ်ဖော်ရပ်ကွက်) | ၃၀၁ | ၃၇၇ | ၆၇၈ | ၇၀ | ၄၅ | ၁၁၅ | - | - | - | ၃၇၁ | ၄၂၂ | ၇၉၃ | |
| ၅ | နမ့်ခွမ်ဘုန်းကြီးကျောင်း (နမ့်ပန်းကျေးရွာအုပ်စု) | ၁၆၅ | ၃၅၄ | ၅၁၉ | ၉၆ | - | ၉၆ | - | ၅၅ | ၅၅ | ၂၆၁ | ၂၉၉ | ၅၆၀ | လူ- ၃၁၀ သံဃာ-၃၅ သီလရှင် -၂၁၅ |
| ၆ | စိန့်ပီတာ ဘုရားကျောင်း (ဟိုမွန်ရပ်ကွက်) | - | - | - | ၄၅ | ၄၁ | ၈၆ | - | - | - | ၄၅ | ၄၁ | ၈၆ | |
| ၇ | ဂေါ်ရခါးသာရေးနာရေး လူငယ်အသင်း (ဟိုမွန်ရပ်ကွက်) | - | - | - | ၃၀ | ၅၀ | ၈၀ | - | - | - | ၃၀ | ၅၀ | ၈၀ | |
| ၈ | အ.ထ.က (၂) (ဟိုမွန်ရပ်ကွက်) | - | - | - | ၂၁ | ၅၁ | ၇၂ | - | - | - | ၂၁ | ၅၁ | ၇၂ | |
| ၉ | အ.မ.က (၄) (ဟိုမွန်ရပ်ကွက်) | - | - | - | ၁၂ | ၁၆ | ၂၈ | - | - | - | ၁၂ | ၁၆ | ၂၈ | |
| | စုစုပေါင်း | ၁၄၇၇ | ၁၇၂၃ | ၃၂၀၀ | ၃၀၆ | ၂၅၉ | ၅၆၅ | - | ၅၅ | ၅၅ | ၁၇၈၃ | ၁၉၂၇ | ၃၇၁၀ | |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဥရောပသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ယင်းဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန် ဆောင်ရွက်နေမှုများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာပြုပြင် ပြောင်းလဲမှုဆိုင်ရာ လုပ်ဆောင်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲနိုင်ရေးအတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေတွင် ပြန်လည်ပြင်ဆင်ရန် လိုအပ်သည့်အချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအား ပြင်ဆင်သုံးသပ်နိုင်ရေးနှင့် နည်းဥပဒေရေးဆွဲနိုင်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို**
**ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**
**၁၃ ခုနှစ်၊ လ ရက်**
**၂၀ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၂၀** ကို အောက်ပါအတိုင်း အစားထိုးရမည်-

" ၂၀။ ပုဒ်မ ၁၂ နှင့် ၁၃ တို့အရ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် ပုဒ်မ ၁၈ ပါ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် သက်တမ်းကာလသတ်မှတ်၍ ဖွဲ့စည်းတာဝန်ပေးရမည်။ ထိုသို့ သတ်မှတ်သည့် သက်တမ်းကာလသည် ၉ လထက် မပိုစေရ။ "

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင် -

(က) အခန်း(၄)ခေါင်းစဉ်ပါ **"တာဝန်နှင့် လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။**

( ခ) အခန်း(၆)ခေါင်းစဉ်ပါ **"တာဝန်နှင့်လုပ်ပိုင်ခွင့်များ" ဆိုသည့် စကားရပ်ကို "ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။**

၄။ **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၂၁ ကို** အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ကုန်ကျစရိတ်များ၊ ရွေးကောက်ပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာငွေမှ ကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဥပဒေတွင် ထည့်သွင်းရေးဆွဲရမည်။

( ခ) ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲဝင်များနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၀ ပါ သက်တမ်းနှင့်အညီ ထိုက်သင့်သည့် လစဉ် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။"



တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးထွက်ခွာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ- စောပြည့်မှူးဖေ့ဘွတ်)

# မြန်မာနိုင်ငံ စာရေးဆရာများ ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာ - တရုတ် နှစ်နိုင်ငံအကြား စာပေနှင့် အနုပညာ ဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံမှ စာရေးဆရာ ချစ်ဦးညို(ဦးကျော်စွာ) ဦးဆောင်သော စာရေးဆရာအဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ အဆိုပါအဖွဲ့တွင် ချစ်ဦးညို(ဦးကျော်စွာ)၊ ဒေါ်တင်တင်ဝင်း (ဂျူး)၊ ဒေါ်ခင်နှင်းဦး၊ ဒေါ်အေးအေးဝင်း (ဖြူမွန်)၊ ဦးမော်လင်း၊ ဦးအောင်တင် (ကာတွန်း မောင်မောင်အောင်)၊ ဦးအေးမောင် (အေးမောင် ကျော်)၊ ဦးသန်းအုန်း (မောင်ဇေယျာ)၊ ဦးဝင်းချိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွား ပြီး စာရေးဆရာအဖွဲ့သည် ကူမင်း၊ ပေကျင်းနှင့် ချင်းတောင်မြို့တို့သို့ သွားရောက်ပြီး စာရေးဆရာများ၊ ထုတ်ဝေသူများ၊ သတင်းမီဒီယာနှင့် တွေ့ဆုံဆွေးနွေးခြင်း ဆောင်ရွက်ကာ နိုဝင်ဘာ ၂၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ခေါင်းစွပ်ပါအနွေးထည်များ၊ စောင်နှင့်အစားအသောက်များ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၃**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မဟာဝန်မြောက်ကျောင်း၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ ဟိုမွန်ရပ်ကွက်ရှိ နှစ်ချင်းခရစ်ယာန်ကျောင်း၊ အောင်မင်္ဂလာကျောင်းနှင့်နမ့်ခွမ်ရွာဘုန်းတော်ကြီးကျောင်းများရှိ ယာယီ တိုက်ပွဲရှောင်စခန်းများသို့ရောက်ရှိခိုလှုံနေကြသော နမ့်ခွမ်၊ နမ့်ပေါ၊ (၁၀၅)မိုင်၊ မော့တောင်း၊ နမ့်ဖတ်ကာနှင့် မူဆယ်မြို့အနီးဝန်းကျင် ကျေးရွာများမှ ခေတ္တတိုက်ပွဲရှောင် တိုင်းရင်းသားပြည်သူ ၃၀၀၀ ကျော်အတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၂၀၀၊ စောင် အထည် ၃၂၀၀၊ ဆန်အိတ် ၁၀၀၊ ငါးသေတ္တာဘူး ၁၅၀၀၊ ခေါက်ဆွဲခြောက်ဖာ ၁၅၀ နှင့် အာဟာရမှုန့်များကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများဖြစ်ကြသော မူဆယ်မြို့ပေါ်ရှိ ကမ္ဘောဇဘဏ်လီမိတက် ဘဏ်ခွဲတာဝန်ခံများနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက နိုဝင်ဘာ ၂၃ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများမှ ပြည်သူများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါ အနွေးထည် ၂၀၅၀၀၀ ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်အတွင်းရှိ (IDP Camp)များမှ မိသားစုဝင်များ၊ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အနွေးထည် ၃၀၀၀၀၊ ရှမ်းပြည်နယ်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်ဒေသရှိ တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသား ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၁၀၀ နှင့် အနွေးထည် ၂၅၃ ထည်၊ ကရင်ပြည်နယ် မြိုင်ကြီးငူဒေသရှိ မဲသဝေါ တိုက်ပွဲရှောင် ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့တွင် ရောက်ရှိနေသော တိုက်ပွဲရှောင် ပြည်သူများအတွက် အနွေးထည် ၇၆၅၂ ထည်နှင့် အအေးဒဏ်လွန်ကဲနိုင်သော နေရာဒေသများတွင်လည်း ခေါင်းစွပ်ပါ အနွေးထည်များနှင့် အခြားလိုအပ်သည်များကို စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းခဲ့သည်။

ဒေါ်နန်းလိုင်းခမ်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်လျက်ရှိသော ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စတင်ဖွဲ့စည်းတည်ထောင်သည့် ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (ယနေ့အချိန်)အထိ နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုလုပ်ငန်းများအတွက် စုစုပေါင်းငွေကျပ် ၁၁၀ ဘီလီယံကျော်ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်၊ **(ဝဝ)**



# KIA၊ TNLA လက်နက်ကိုင်အဖွဲ့များမှ တပ်မတော်ယာဉ်တန်းအား ဆွဲမိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ကြောင်း ယာဉ်တန်းအား ယမန်နေ့ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် သိန္နီမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်း KIA၊ TNLA လက်နက်ကိုင်အဖွဲ့များမှ ဆွဲမိုင်း၊ အဝေးထိန်းစနစ်သုံး မိုင်းတို့ဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် တပ်မတော်အရာရှိ၊ စစ်သည်အချို့ ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မူဆယ်ခရိုင်အတွင်း နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်စစ်ကြောင်းယာဉ်တန်းအား သိန္နီမြို့နယ် မန်ပိန်းကျေးရွာအနီးတွင် KIA၊ TNLA လက်နက်ကိုင်အဖွဲ့များမှ ဆွဲမိုင်းတစ်လုံး ဖောက်ခွဲ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်လုံခြုံရေးစစ်ကြောင်းမှ ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရာ လက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့အနောက်ဘက်သို့ ဆုတ်ခွာသွားကြောင်း သိရသည်။

အဆိုပါ ယာဉ်တန်းသည် ညနေ ၄ နာရီခွဲတွင် ကွတ်ခိုင်မြို့နယ် မန်လွင်ကျေးရွာအနီးသို့ ရောက်ရှိစဉ် အဝေးထိန်းစနစ်သုံးမိုင်းတစ်လုံးဖြင့် ထပ်မံဖောက်ခွဲတိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး တပ်မတော်အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ နယ်မြေတစ်ဝိုက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဖားကန့်မြို့နယ် မိုးကောင်း-ကာမိုင်း-ဖားကန့် ကားလမ်း၌ KIA အဖွဲ့မှ ဆက်ကြေးကောက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဖားကန့်မြို့နယ် မိုးကောင်း-ကာမိုင်း- ဖားကန့် ကားလမ်း၌ သွားလာနေသော ယာဉ်များအား ယနေ့နံနက်ပိုင်းက KIA အဖွဲ့က ဆက်ကြေးကောက်ခံခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကာမိုင်းနယ်မြေစခန်း၏ အနောက်မြောက် မိုးကောင်း-ကာမိုင်း-ဖားကန့် ကားလမ်း၌ ယနေ့နံနက် ၁၀ နာရီခန့်တွင် KIA အဖွဲ့များက ဖြတ်သန်းသွားလာနေသော ယာဉ်များအား တစ်စီးလျှင် ကျပ် ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ နှုန်းဖြင့် ဆက်ကြေးကောက်ခံခဲ့ခြင်းဖြစ်သည်။

ဆက်ကြေးကောက်ခံမှုကြောင့် ဖားကန့်မှ အဆင်းယာဉ်များသည် နန့်တိန်းတွင်လည်းကောင်း၊ ဖားကန့်ဘက်သို့ အတက်ယာဉ်များသည် နမ့်ယားကျေးရွာတွင်လည်းကောင်း ရပ်တန့်လျက်ရှိပြီး မွန်းလွဲ ၂ နာရီခွဲတွင် KIA အဖွဲ့သည် လမ်း၏တောင်ဘက်သို့ ထွက်ခွာသွားပြီး ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မော်တောင်းနှင့် တာလုံကြားတစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်များအား KIA၊TNLA လက်နက်ကိုင်အဖွဲ့များက လမ်းပိတ်ဆို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်မြို့နယ် မော်တောင်းကျေးရွာနှင့် တာလုံကျေးရွာကြားတစ်ဝိုက်၌ သွားလာလျက်ရှိသည့် ယာဉ်ကြီး/ယာဉ်ငယ် ၁၀၀ ခန့်အား ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် KIA၊ TNLA လက်နက်ကိုင်ပူးပေါင်းအဖွဲ့အင်အား ၇၀ ခန့်က လမ်းကြောင်းပိတ်ဆို့တားဆီးပြီး ယာဉ်မောင်းများအား ရိုက်နှက်ခြိမ်းခြောက်ခြင်း၊ ယာဉ်အချို့၏ ရှေ့လေကာမှန်များအား ရိုက်ခွဲဖျက်ဆီးခြင်းများပြုလုပ်လျက်ရှိကြောင်း သတင်းအရ တပ်မတော်စစ်ကြောင်းများက အဆိုပါနေရာအား သွားရောက်ရှင်းလင်းခဲ့ရာ ရန်သူသည် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

တပ်မတော်စစ်ကြောင်းများမှ လမ်းကြောင်းပိတ်ဆို့နေသည့် ယာဉ်များအား သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ပြီး အဆိုပါပတ်ဝန်းကျင်တစ်ဝိုက် နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**

# တပ်မတော်လုံခြုံရေးစခန်းကုန်းများအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

မူဆယ်မြို့နယ် မုံးကိုးမြို့ ရပ်ကွက်(၃)ရှိ တပ်မတော်လုံခြုံရေး စခန်းကုန်းများအား KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက နိုဝင်ဘာ ၂၂ရက် မွန်းလွဲ ၁ နာရီတွင် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် တပ်မတော် စစ်ကြောင်းများက ပြန်လည်ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အလားတူ ည ၁၀ နာရီ မိနစ်၂၀ခန့်တွင် ကွတ်ခိုင်မြို့ ရပ်ကွက် (၂) ဘောလုံးကွင်းအနီးရှိ တောစပ်နေရာမှ လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ တပ်မတော်မှ ပြန်လည်ပစ်ခတ် နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

မုံးကိုးမြို့ အနောက်တောင်ဘက် မန်ကန်(မုံးကိုး)ကျေးရွာအနီး တောင်ကြောနေရာများရှိ KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များကို လေကြောင်းမှ ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း သိရသည်။ **(သတင်းစဉ်)**



# လက်နက်ခဲယမ်းများ ပြန်လည်တွေ့ရှိသိမ်းဆည်း

**နေပြည်တော် နိုဝင်ဘာ ၂၃**

နမ့်ပေါ်တံတား လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ လုံခြုံရေးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်က တံတားပတ်ဝန်းကျင်၌ နယ်မြေရှင်းလင်းဆောင်ရွက်စဉ် လက်နက်ခဲယမ်းအချို့ ပြန်လည်တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလက်နက်ခဲယမ်းများသည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက နမ့်ပေါ်တံတားလုံခြုံရေးရဲကင်းသို့ KIA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုဖြစ်စဉ်တွင် ကျဆုံးခဲ့သော ရဲတပ်ကြပ်ကြီး ကိုင်ဆောင်ခဲ့သည့် အမ်-၂၃ (တစ်လက်)၊ ကျည်အိမ် တစ်ခု၊ ၇ ဒသမ ၆၂ ကျည် ၂၅ တောင့်တို့ ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# မုံးစိန်ချောင်းကူးတံတားအား TNLA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲတိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့၏ မြောက်ဘက် ၅ မိုင်ခန့်အကွာရှိ မုံးစိန်ချောင်းကူးတံတားအား ယနေ့ မွန်းတည့် ၁၂ နာရီခန့်တွင် TNLA လက်နက်ကိုင်အဖွဲ့က မိုင်းခွဲဖျက်ဆီးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ သတင်းရရှိသည်။

အဆိုပါ တံတားသည် မုံးစိန်ကျေးရွာနှင့် မုံးတပ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၆၀၊ အကျယ် ၁၅ ပေခန့်ရှိသည့် သံဘေလီတံတား အမျိုးအစားဖြစ်ပြီး ဒေသခံပြည်သူများအတွက် သွားလာရေး၊ ကုန်စည်စီးဆင်းရေးတွင် အဓိက အထောက်အကူပြုသည့် တံတားဖြစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# အပြစ်မဲ့ပြည်သူတစ်ဦး သေနတ်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

KIA၊TNLA၊MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ ပြည်သူတစ်ဦး သေနတ်ဒဏ်ရာရရှိပြီး လားရှိုးပြည်သူ့ဆေးရုံသို့ ယနေ့နံနက်ပိုင်းက ရောက်ရှိလာကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂နာရီတွင် ကွတ်ခိုင်မြို့နယ် မန်ဆာကျေးရွာနေ တောင်ယာလုပ်ကိုင်သည့် ဦးရန်ဖာဝမ် (၄၃)နှစ်သည် လက်ဖက်ခြံမှ ဆိုင်ကယ်ဖြင့် မုံးစီး-မုံးဟောင်လမ်းအတိုင်း ပြန်လာခဲ့ရာ မန်ဆာကျေးရွာအနီး KIA/ TNLA/MNDAA လက်နက်ကိုင်အဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ဝဲခြေသလုံးတွင် သေနတ်ကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တပ်မတော်လေယာဉ်တစ်စင်း အင်ဂျင်စက်နှိုးစမ်းသပ်စဉ် မီးလောင်မှုဖြစ်ပွား



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် F-7 လေယာဉ်တစ်စင်း စက်နှိုးစမ်းသပ်ရာ အင်ဂျင်မှ စတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ မီးသတ်ယာဉ်များ၊ ရန်ကုန်လေဆိပ်မှ မီးသတ်ယာဉ်များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

အဆိုပါလေယာဉ်မှာ ပြင်ဆင်ရန်အတွက် မြေပြင်၌ ရပ်ထားခြင်းဖြစ်ပြီး စက်နှိုးစမ်းသပ်စဉ် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် မီးစတင်လောင်ကျွမ်းရခြင်းအကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မောင်တောဒေသ တိုက်နယ်ဆေးရုံများအတွက် အရေးပေါ်လူနာတင်ယာဉ်များ ထောက်ပံ့လှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၂၃**
မောင်တောဒေသအတွင်းရှိ တိုက်နယ်ဆေးရုံများအတွက် အရေးပေါ်လူနာတင်ယာဉ်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးအောင်က အရေးပေါ်လူနာတင်ယာဉ် ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အရေးပေါ်လူနာတင်ယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာဦးရွှေသိန်းနှင့် မောင်တောခရိုင် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မောင်မောင်သိန်းတို့က လက်ခံရယူကြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ တက်ရောက်ကြသည်။

အရေးပေါ်လူနာများ သယ်ယူပို့ဆောင်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် ပြည်သူ့ဆေးရုံများသို့ လူနာတင်ယာဉ်များလှူဒါန်းထောက်ပံ့လျက်ရှိရာ ယခုတစ်ကြိမ်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနက အထူးအစီအစဉ်အနေဖြင့် မောင်တောခရိုင်တွင်ရှိသည့် အလယ်သံကျော်တိုက်နယ်ဆေးရုံနှင့် ကြိမ်ချောင်းတိုက်နယ်ဆေးရုံတို့ကို ဖြည့်ဆည်းထောက်ပံ့ပေးခြင်းဖြစ်သည်။

ယခုကဲ့သို့ ထောက်ပံ့ပေးခြင်းဖြင့် မောင်တောဒေသရှိ ပြည်သူများအနေဖြင့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လာပါက ဆေးရုံများသို့ အချိန်မီရောက်ရှိကာ အရေးပေါ်ကုသမှုများခံယူနိုင်ရန်အတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**တင်ထွန်း(ပြန်/ဆက်)**



# မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအနီး မီးရှို့ထားကြောင်းတွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ငြိမ်းသတ်ခဲ့ရ

**နေပြည်တော် နိုဝင်ဘာ ၂၃**
မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအတွင်း လူနေအိမ်အချို့ မီးလောင်ကျွမ်းနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်မီးငြိမ်းသတ်ခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲက မောင်တောမြို့နယ် ဒါးကြီးဇားကျေးရွာအနီး နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကျေးရွာအနီးတစ်ဝိုက်၌ မီးခိုးများထွက်နေသည်ကိုတွေ့ရှိ၍ သွားရောက်စစ်ဆေးရာ ကျေးရွာအတွင်း လူနေအိမ်အချို့ မီးလောင်ကျွမ်းနေကြောင်း တွေ့ရှိရသဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။



မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ခုနစ်လုံး ပျက်စီးခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြတ်သန်းသွားလာမှုနှင့် အချိန်ကိုက်၍ ရွာတွင်းရှိသူအချို့မှ မီးရှို့ခဲ့ခြင်းဖြစ်နိုင်ဖွယ်ရာရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ မသင်္ကာသူ သုံးဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**
မောင်တောမြို့နယ်အတွင်း မသင်္ကာသူ သုံးဦး ထပ်မံဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် မောင်တောမြို့နယ် မျောတောင်(တောင်)ရွာအနီးတစ်ဝိုက်တွင် သူဦးလာကျေးရွာနေ မသင်္ကာဖွယ် နော်ဘီဟူဆောင်း(၂၅)နှစ် (ဘ) အာမီဟူဆောင်းအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၆ နာရီတွင် သဲချောင်းကျေးရွာနေ အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် ဟူဆောင်းအာလီ (၅၀)နှစ် (ဘ) ဟာဘော်လတွန်နှင့် အာလီအာဘော် (၄၀)နှစ် (ဘ) ဒီလာဟူဆောင်းတို့အား ထပ်မံဖမ်းဆီးရမိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



# မောင်တောခရိုင်မြောက်ပိုင်း ကြိမ်ချောင်းရွာတွင် တည်ငြိမ်လျက်ရှိ

**မောင်တော နိုဝင်ဘာ ၂၃**
မောင်တောခရိုင်မြောက်ပိုင်း ကျေးရွာတစ်ရွာဖြစ်သည့် ကြိမ်ချောင်းရွာတွင် တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း ကြိမ်ချောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ကြိမ်ချောင်းကျေးရွာသည် မောင်တောမြို့မြောက်ဘက် ၂၄ မိုင်အကွာတွင်တည်ရှိပြီး အောက်တိုဘာ ၉ ရက်က အကြမ်းဖက်တိုက်ခိုက်ခံရသည့် ကျီးကန်းပြင်ရွာနှင့် ငါးခူရကျေးရွာတို့၏ မြောက်ဘက်တွင် တည်ရှိသည်။

"အရောင်းအဝယ်ကတော့ ဖြစ်ပါတယ်။ ဒါပေမယ့် အရောင်းအဝယ်နည်းပါတယ်။ ကျွန်တော်က အထည်တွေရောင်းပါတယ်။ အရင်က တစ်နေ့ကို နှစ်သိန်း၊ သုံးသိန်းဖိုးရောင်းရပါတယ်။ ဒီနေ့တော့ ငါးသောင်းဖိုးပဲရောင်းရပါတယ်။ အခက်အခဲတော့ မရှိပါဘူး"ဟု ကြိမ်ချောင်းဈေးတွင် အဝတ်အထည်များရောင်းသည့် ကိုဇော်လှိုင်က ပြောသည်။

ကြိမ်ချောင်းရွာမှ ဈေးသည်တစ်ဦးဖြစ်သည့် မာမက် အီဆစ် ဆိုသူကလည်း "အရင်တုန်းကတော့ ဒီနားကရွာတွေက ဈေးလာဝယ်တော့ အရောင်းအဝယ်ကောင်းပါတယ်။ အခုသိပ်မလာဘူး။ ပြဿနာတွေမဖြစ်ခင်တုန်းကဆို တစ်နေ့ကို နှစ်သိန်း၊ သုံးသိန်းဖိုးရောင်းရပါတယ်။ ဒီနေ့တော့ သိပ်မရောင်းရပါဘူး။ အဝတ်အထည်တွေကို ရန်ကုန်ကနေယူရောင်းရပါတယ်။ နေရေးထိုင်ရေးနဲ့ လုံခြုံရေးအခြေအနေ ကတော့ ကောင်းပါတယ်"ဟု ပြောသည်။

ထို့ပြင် ကြိမ်ချောင်းရွာမှ အသက်(၆၅)နှစ်ရှိ ဈေးသည်တစ်ဦးဖြစ်သည့် အဒူဂေါ်ဖာရ် ဆိုသူကလည်း "ပတ်ဝန်းကျင်ရွာတွေကတော့ လာဝယ်တာ သိပ်မရှိသေးဘူး။ လုံခြုံရေးအခြေအနေကတော့ ကောင်းပါတယ်။ စာသင်ကျောင်းတွေမှာတော့ ကြိမ်ချောင်းရွာက ကလေးတွေ သွားကြတယ်။ တခြားရွာတွေက မလာပါဘူး"ဟု ပြောသည်။

ကြိမ်ချောင်းဈေးကောက် ဦးမောင်မောင်လှကလည်း "ပြဿနာတွေဖြစ်တော့ ဈေးဆိုင်တွေ သိပ်မဖွင့်ကြပါဘူး။ အခုတော့ ဆိုင်တွေတော်တော်များများဖွင့်နေကြပါတယ်။ အရောင်းအဝယ်လည်း ဖြစ်ကြပါတယ်။ ဒီဈေးမှာ ဆိုင်ခန်းပေါင်း ၂၅၀ ကျော် ရှိပါတယ်။ နေ့တိုင်း အရောင်းအဝယ်ရှိပါတယ်"ဟု ပြောသည်။

ကြိမ်ချောင်းရွာသည် အိမ်ခြေ ၁၀၀၀ ခန့်ရှိပြီး လူဦးရေ ၈၄၀၀ ကျော်ရှိကြောင်း၊ တိုင်းရင်းသား ၃၈၀ ကျော်၊ ဟိန္ဒူဘာသာဝင် ၄၀၀ကျော်နှင့် အစ္စလာမ်ဘာသာဝင် ၇၀၀၀ ကျော်ရှိကြောင်း၊ အထက်တန်းကျောင်းတစ်ကျောင်းနှင့် တိုက်နယ်ဆေးရုံတစ်ရုံလည်းရှိကြောင်း၊ ငါးခူရ၊ ကျီးကန်းပြင်ရွာများအပါအဝင် အနီးအနားရှိ ရွာပေါင်းများစွာ ရောင်းရေးဝယ်ရေးအတွက် အဓိကအားထားရသည့် ရွာတစ်ရွာဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ပြောသည်။

**(အောဝမ်းစိုး)**

# မောင်တောဒေသတည်ငြိမ်အေးချမ်းရေး အဆင့်သုံးဆင့်ဖြင့် သတ်မှတ်ဆောင်ရွက်နေ

**မောင်တော နိုဝင်ဘာ ၂၃**
မောင်တောဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အဆင့်သုံးဆင့်သတ်မှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

"မောင်တောဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အဆင့်လိုက်လုပ်နေတယ်ဆိုတာ တရားဝင်ပြောထားပြီးသားပါ။ အဆင့်သုံးဆင့်ခွဲပြီး လုပ်နေပါတယ်။ ပြီးခဲ့တဲ့လကုန်ကပဲ ပထမအဆင့်အနေနဲ့ မြို့ပေါ်က ကျောင်းတွေ၊ ဆေးခန်းတွေ ပြန်လည်ဖွင့်လှစ်ဖို့ လုပ်ခဲ့ပါတယ်။ နောက်တစ်ဆင့်အနေနဲ့လည်း တိုးချဲ့လုပ်နိုင်တဲ့ အပိုင်းတွေကို ဆက်လက်လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ နောက်ဆုံးအဆင့်အနေနဲ့ကတော့ မောင်တောဒေသ တစ်ခုလုံး မူလအနေအထားရောက်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရာတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

မောင်တောဒေသတွင် နေရာအများစု တည်ငြိမ်အေးချမ်းလာပြီဖြစ်သော်လည်း နိုဝင်ဘာ ၁၂ ရက်က ထပ်မံဖြစ်ပွားသည့် ဖြစ်စဉ်ကြောင့် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ အဟန့်အတားဖြစ်ခဲ့ရပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မောင်တောဒေသတွင် အောက်တိုဘာလအတွင်းက ငါးခူရ၊ ကျီးကန်းပြင်နှင့် ကိုးတန်ကောက်စခန်းများ တိုက်ခိုက်ခံရပြီးနောက် မတည်မငြိမ်ဖြစ်ပွားခဲ့ရာမှ ယခုအခါ တည်ငြိမ်အေးချမ်းမှုနယ်မြေများ စတင်ရရှိနေပြီကို တွေ့ရသည်။

**(မြင့်မောင်စိုး)**

# စုံစမ်းထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေသုံးစွဲရန် ဂျပန်နှင့်တောင်ကိုရီးယား လက်မှတ်ရေးထိုး

**ဆိုးလ် နိုဝင်ဘာ ၂၃**

ဂျပန်နှင့်တောင်ကိုရီးယား နှစ်နိုင်ငံ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေသုံးစွဲခြင်းအတွက် သဘောတူညီစာချုပ်တစ်ရပ်ကို တောင်ကိုရီးယားနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီး ဟန်မင်း-ကူတို့က တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနတွင် ယနေ့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြောက်ကိုရီးယား၏ နျူကလီးယားဒုံးကျည် ပစ်လွှတ်စမ်းသပ်မှုများ ပြုလုပ်နေချိန်တွင် အဆိုပါသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းသည် ပြုံယမ်းအရေးကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်စေသည်။ ယခင်က ပြုံယမ်းနှင့်ပတ်သက်သည့် နှစ်နိုင်ငံသတင်းအချက်အလက်များကို အမေရိကန်ပြည်ထောင်စုမှတစ်ဆင့် မျှဝေရယူခဲ့ကြသည်။

ထို့ပြင် အဆိုပါနှစ်နိုင်ငံသဘောတူစာချုပ်သည် ပြုံယမ်းအရေးနှင့်ပတ်သက်သည့် သတင်းများရရှိရန် နှစ်နိုင်ငံအား ပိုမိုကြိုးပမ်းသွားကြရန်တိုက်တွန်းမှုတစ်ခုဖြစ်စေသည့်အပြင် အချိန်မဆိုင်းဘဲ ပြန်လည်တုံ့ပြန်နိုင်ရန် အထောက်အကူပြုမည်ဖြစ်သည်။

ရရှိလာသော သတင်းအချက်အလက်များကို နှစ်နိုင်ငံခွင့်ပြုချက်မရှိဘဲ အခြားသော နိုင်ငံများသို့ မျှဝေခြင်းမပြုရန် ကန့်သတ်ထားသည်။

ယင်းသဘောတူစာချုပ်လက်မှတ်ထိုးခြင်း၏ ရလဒ်အဖြစ် ပြုံယမ်း၏ နျူကလီးယားဒုံးကျည်ခြိမ်းခြောက်မှုများကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် လျှော့ချနိုင်မည်ဟု မျှော်လင့်ပါကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယို ကိုင်ရှီဒါက ဆိုသည်။

ယင်းစာချုပ်သည် စုံစမ်းထောက်လှမ်းရေးစွမ်းဆောင်မှုများကို မြင့်တက်စေရန်နှင့် ပြုံယမ်း၏ ရန်စခြင်းကို မဆိုင်းမတွပြန်လည်တုံ့ပြန်နိုင်မည်ဖြစ်ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ဆိုသည်။

သို့သော် တောင်ကိုရီးယားနိုင်ငံတွင် ယင်းစာချုပ်လက်မှတ်ရေးထိုးမှုကို ဆန့်ကျင်နေကြသည့် ပြည်သူအများအပြားရှိနေသေးသည်။ လေးနှစ်အကြာက အဆိုပါစာချုပ်လက်မှတ်ရေးထိုးရန် ကန့်ကွက်သူများရှိနေသဖြင့် လက်မှတ်ရေးထိုးခြင်းကို ရွှေ့ဆိုင်းခဲ့ရကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် အမေရိကန်အပါအဝင် အိန္ဒိယနိုင်ငံနှင့်ပါ ထောက်လှမ်းရေး သတင်းအချက်အလက်များ မျှဝေရယူသုံးစွဲရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် စစ်ရေးနှင့်အကြမ်းဖက်တိုက်ဖျက်မှုအပါအဝင် အခြားလုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေသုံးစွဲမှုအတွက် ဩစတြေးလျ၊ ဗြိတိန်အပါအဝင် အခြားနှစ်နိုင်ငံအပြင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နှင့်ပါ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားသည်။

**အင်န်အိတ်ချ်ကေ။**



# ဂျပန်နိုင်ငံတောင်းဆိုထားသော ကျွန်းနှစ်ကျွန်းပေါ်တွင် သဘော်ဖျက်ဒုံးကျည်များ ရုရှား ဖြန့်ကြက်

**မော်စကို နိုဝင်ဘာ ၂၃**


ဂျပန်နိုင်ငံက ပိုင်ဆိုင်သည်ဟုတောင်းဆိုထားသည့် ရုရှားနိုင်ငံထိန်းချုပ်ထားသော ကျွန်းလေးကျွန်းအနက် ကျွန်းနှစ်ကျွန်းပေါ်တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သဘော်ဖျက်ဒုံးကျည်စနစ်များ ဖြန့်ကြက်လိုက်ကြောင်း ရုရှားမီဒီယာများက ယနေ့ရေးသားဖော်ပြသည်။

ရုရှားတပ်ဖွဲ့များ တပ်စွဲထားသော အီတိုရိုဖူနှင့် ကူနာရှီရီကျွန်းများပေါ်၌ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဒုံးကျည်သစ်များ တပ်ဆင်လိုက်ကြောင်း အဆိုပါသတင်းများကဆိုသည်။ အီတိုရိုဖူကျွန်းပေါ်ဖြန့်ကြက်ထားသော Bastion ဒုံးကျည်တပ်ဆင်ထားရာနေရာမှာ ကီလိုမီတာ ၅၀၀ ကျယ်ဝန်းပြီး ကူနာရှီရီကျွန်းပေါ်ရှိ Bal ဒုံးကျည်စနစ်ထားရှိရာနေရာမှာ ကီလိုမီတာ ၃၀၀ ကျယ်ဝန်းသည်ဟုဆိုသည်။ တပ်မတော်ခေတ်မီအောင်ပြုလုပ်ရေး ကြိုးပမ်းမှုများ၏တစ်စိတ်တစ်ဒေသအဖြစ် စစ်တန်းလျားများအပါအဝင် အဆိုပါကျွန်းများပေါ်၌ စစ်ဘက်ဆိုင်ရာအဆောက်အအုံ ၄၀၀ ခန့် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည်။

ဒုံးကျည်ဖြန့်ကြက်ရေးစီမံချက်မှာ မတ်လတွင်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို ယခုနှစ်မကုန်မီ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုအခါ ဒုံးကျည်များဖြန့်ကြက်မှုမှာ အပြီးသတ်ပြီဟု မီဒီယာသတင်းများက ဆိုသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်မှာ လာမည့်လတွင် ဂျပန်နိုင်ငံသို့ သွားရောက်လည်ပတ်ရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံသို့ ပူတင်မသွားရောက်မီ ယင်းကျွန်းများ ကာကွယ်ရေးမြှင့်တင်မည့် ရည်ရွယ်ချက်ကို ရုရှားနိုင်ငံက ရှင်းလင်းအောင်ပြုလုပ်နေကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။ အဆိုပါကျွန်းလေးကျွန်းမှာ ဂျပန်ပိုင်နက်နယ်မြေ၏ ရှိရင်းစွဲအစိတ်အပိုင်းဖြစ်ကြောင်း ဂျပန်အစိုးရက ခံယူထားပြီး ဒုတိယကမ္ဘာစစ်ပြီးနောက် ယင်းကျွန်းများမှာ တရားမဝင် တိုက်ခိုက်သိမ်းပိုက်ခံခဲ့ရကြောင်း ဂျပန်အစိုးရက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**



# အစွန်းရောက်မှု ဘေးအန္တရာယ်တားဆီးရေး သမ္မတ ဂျိုကိုဝီဒိုဒို သန္နိဋ္ဌာန်ပြု

**ဂျကာတာ နိုဝင်ဘာ ၂၃**

အင်ဒိုနီးရှားနိုင်ငံ၌ ဘာသာရေးအစွန်းရောက်မှုဘေးအန္တရာယ် ကြီးထွားလာနေမှုကို တားဆီးကာကွယ်သွားရန် သမ္မတ ဂျိုကိုဝီဒိုဒိုက သန္နိဋ္ဌာန်ပြုပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အစိုးရအဖွဲ့ မတည်မငြိမ်ဖြစ်စေရန် အစ္စလာမ္မစ်အစွန်းရောက်များက ကန့်ကွက်ဆန္ဒပြမှုများပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု ကောလာဟလသတင်းများပေါ်ထွက်ခဲ့ပြီးနောက် သမ္မတ ဝီဒိုဒိုက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ မြို့တော် ဂျကာတာ၌ နိုဝင်ဘာ ၄ ရက်က မြို့တော်အုပ်ချုပ်ရေးမှူးရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ သဘောထားတင်းမာသည့် အစွန်းရောက်များက ဦးဆောင်ကာ ပြည်သူ ၁၀၀၀၀၀ ကျော် စုဝေးဆန္ဒပြခဲ့ကြသည်။ အစဉ်အလာအရ လက်ခံလာခဲ့ကြသော လူမှုရေးစံနှုန်းများကို အခြေခံကျကျ ပြောင်းလဲပစ်နိုင်ရန် ကြိုးပမ်းမှုအဖြစ် ဘာသာရေးအစွန်းရောက်သူများ ခေါင်းထောင်လာနေကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**

# ဥရောပတစ်ဝန်းရှိ အေတီအမ်စက်များကို ကွန်ပျူတာရာဇဝတ်ကောင်များ ပစ်မှတ်ထားလာ

**မော်စကို နိုဝင်ဘာ ၂၃**

ဥရောပတိုက်တစ်ဝန်းရှိ နိုင်ငံပေါင်း ၁၂ နိုင်ငံထက်မနည်းတွင် ယခုနှစ်အတွင်း အလိုအလျောက် ငွေထုတ်စက်(အေတီအမ်)များကို ကွန်ပျူတာကွန်ရက် ရာဇဝတ်ကောင်များက ပစ်မှတ်ထားခဲ့ကြကြောင်း၊ ၎င်းတို့သည် ကွန်ပျူတာစနစ် ပျက်ပြားစေနိုင်သော ဆော့ဖ်ဝဲများကို အသုံးပြု၍ ငွေများကို ခိုးဝှက်ရယူခဲ့ကြကြောင်း ရုရှားကွန်ပျူတာကွန်ရက်လုံခြုံရေးကုမ္ပဏီဖြစ်သော ဂရုအိုင်တီကုမ္ပဏီက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

အေတီအမ် ငွေထုတ်စက်များမှ ငွေများကို ခိုးဝှက်ယူနေသော ကွန်ပျူတာ ဒုစရိုက်သမားများ၏ ဘေးအန္တရာယ် ခြိမ်းခြောက်နေမှုကို တုံ့ပြန်နိုင်ရန် ငွေထုတ်စက် ထုတ်လုပ်သည့် ကမ္ဘာ့ထိပ်တန်းကုမ္ပဏီကြီးနှစ်ခုဖြစ်သော ဒိုင်ဘိုးနစ်ဒေါ့နှင့် အင်န်စီအာရ်ကော်ပိုရေးရှင်းတို့က ကြိုးပမ်းလျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဥရောပတစ်ဝန်းတွင် အလိုအလျောက် ငွေထုတ်စက်များကို ကွန်ပျူတာစောရများက ပစ်မှတ်ထားမှု တိုးပွားလာနေသည်။ ယခုနှစ်နွေရာသီကာလတွင် တရုတ်တိုင်ပေနှင့် ထိုင်းနိုင်ငံတို့၌ အလိုအလျောက် ငွေထုတ်စက်များကို ကွန်ပျူတာစောရများက ပစ်မှတ်ထားခဲ့ကြပြီးနောက် ဥရောပဘက်သို့ ဦးလှည့်လာခြင်းဖြစ်သည်။

ဥရောပနှင့်အာရှနိုင်ငံများ၌ မကြာမီကဖြစ်ပွားခဲ့သော အေတီအမ်ဖောက်ထွင်းမှုဖြစ်ရပ်များကိုကြည့်လျှင် ဗဟိုမှ စီစဉ်ညွှန်ကြားမှုဖြင့် လှုပ်ရှားနေသော ကွန်ပျူတာစောရများဖြစ်ကြပြီး ဘဏ်များကဖော်ထုတ်တွေ့ရှိရခြင်းမရှိမီ ငွေကြေးအမြောက်အမြားကို ခိုးဝှက်ရယူနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ငွေထုတ်စက်အများအပြားကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပစ်မှတ်ထားကာ ခိုးဝှက်ရယူနိုင်အောင် လုပ်ဆောင်လာနိုင်ကြောင်း အေတီအမ်လုံခြုံရေး ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**



# အစ္စရေးနိုင်ငံတစ်ဝန်း တောမီးများလောင်ကျွမ်း

**ဂျေရုဆလင် နိုဝင်ဘာ ၂၃**

အစ္စရေးနိုင်ငံတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုများ နှစ်ရက်ကြာဖြစ်ပွားပြီးနောက် ဂျေရုဆလင်တောင်တန်းဒေသ၌ တောမီးလောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ယင်းဒေသတွင် နေထိုင်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ဂျေရုဆလင်မြို့၏ အနောက်ဘက် ၁၈ ကီလိုမီတာအကွာရှိ နာတက်ဖ် လူနေရပ်ကွက်အနီး နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့သည်။ အစ္စရေးနိုင်ငံတွင် ရက်အတန်ကြာမျှ ပူပြင်းခြောက်သွေ့ပြီး လေတိုက်ခတ်မှုပြင်းထန်သည့် ရာသီဖြစ်ပေါ်နေစဉ်အတွင်း တောမီးများ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

လူနေအိမ်ခြေများအနီးသို့ တောမီးများ လျင်မြန်စွာလောင်ကျွမ်းပျံ့နှံ့လာခြင်းကြောင့် ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ လူဘာဆာဖာရီက ပြောကြားသည်။

အဆိုပါဒေသသို့ မီးသတ်တပ်ဖွဲ့ ၂၅ ဖွဲ့နှင့် ဘက်စုံသုံးမီးသတ်ဂျက်လေယာဉ်များ စေလွှတ်ထားသည်ဟု အစ္စရေးမီးသတ်တပ်ဖွဲ့နှင့် ကယ်ဆယ်ရေးလုပ်ငန်းဌာနက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားပြီး နာရီအနည်းငယ်အကြာအထိ မီးလောင်ကျွမ်းမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်စွမ်းမရှိသေးဘဲ ရုပ်မြင်သံကြား စတူဒီယိုများတည်ရှိရာ နီဗီအီလန်မြို့ဆီသို့ တောမီးများ ဦးတည်ပျံ့နှံ့လျက်ရှိသည်။ အနောက်ဘက်ကမ်းနှင့် ပိုင်းခြားရာ အစိမ်းရောင်မျဉ်းဖြတ်သန်းရာတွင် ဂျူးအခြေစိုက်ဒေသတည်ဆောက်ထားသည့် မီဗိုဟိုရွန်သို့လည်း တောမီးများ ဦးတည်ပျံ့နှံ့နေကြောင်း သတင်းတွင် ဖော်ပြသည်။

အလားတူ အစ္စရေးနိုင်ငံမြောက်ပိုင်း ဇီခွုန်ယာဘောဗ်ဒေသ၌ ယင်းတောမီးလောင်မှုကြောင့် လူနေအိမ် ဒါဇင်အချို့ လောင်ကျွမ်းပြီး ကလေးငယ်လေးဦးအပါအဝင် လူ ၁၀ ဦးထက်မနည်းမှာ မီးခိုးများရှူရှိုက်မိခြင်းကြောင့် ဆေးဝါးကုသမှုခံယူနေရသည်။ **ဆင်ဟွာ။**

# ဘောလုံးတစ်ချက်ဖမ်းလျှင် ပေါင်၁၀၀၀၀၀ ရတဲ့ ကော်တွိုက်စ်တဲ့လား

**ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ် နောက်ဆုံး ယှဉ်ပြိုင်ခဲ့တဲ့ ခြောက်ပွဲမှာ ပွဲတိုင်းအနိုင်ရခဲ့သလို ပေးဂိုးလည်းတစ်ဂိုးမျှ မရှိခဲ့ဘဲ ပရီမီယာလိဂ် ပွဲစဉ်(၁၂) အပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရထားပါတယ်။ ဒီလို ပြိုင်ဘက်တွေက ချယ်လ်ဆီးအသင်းဘက်ကို ဂိုးမသွင်းနိုင်တာက ဂိုးသမားကော်တွိုက်စ် လက်စွမ်းထက်လွန်းနေလို့လား။**

ကိန်းဂဏန်းတွေရဲ့ ဖော်ပြချက်အရတော့ ကော်တွိုက်စ်ဟာ မစ်ဒယ်ဘရော့နဲ့ပွဲစဉ်မှာ ပွဲချိန် ၇၈ မိနစ်ရောက်မှသာ မစ်ဒယ်ဘရော့တိုက်စစ်မှူး နီဂရီဒိုရဲ့ ဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာ ကာကွယ်ခဲ့ရပြီး နောက်ဆုံး သုံးပွဲမှာမှ ဂိုးပေါက်ကာကွယ်မှုနှစ်ကြိမ်သာ ပြုလုပ်ခဲ့ရပါတယ်။ ယခုနှစ်ဘောလုံးရာသီမှာ ကော်တွိုက်စ်ဟာ ဂိုးပေါက်ကာကွယ်မှုစုစုပေါင်း ၁၇ ကြိမ်သာ လုပ်ဆောင်ခဲ့ရပြီး ဆောက်သမ်တန်ဂိုးသမား ဖော်စတာနဲ့အတူတူ ပရီမီယာလိဂ် ဂိုးပေါက်ကာကွယ်မှု အနည်းဆုံးဂိုးသမားအဖြစ် ရပ်တည်နေပါတယ်။ ဒါ့အပြင် ကော်တွိုက်စ်ရဲ့ တစ်ပတ် လုပ်ခက ပေါင် ၁၂၀၀၀၀ ဖြစ်တာကြောင့် သူတစ်ကြိမ် ဂိုးပေါက် ကာကွယ်မှုပြုတိုင်း ချယ်လ်ဆီးက ပေါင် ၉၈၈၂၃ ပေးချေနေရတဲ့ သဘောသက်ရောက်နေပါတယ်။

ကော်တွိုက်စ်အတွက် မန်ယူနဲ့ပွဲဟာ အလုပ်အရှုပ်ဆုံး ပွဲစဉ်ဖြစ်ခဲ့ပြီး စုစုပေါင်း ငါးကြိမ်အထိ ကာကွယ်မှု ပြုခဲ့ရပေမယ့် အဲဗာတန်၊ လက်စတာနဲ့ ဘန်လေတို့ဟာ ကော်တွိုက်စ်ရဲ့ အရည်အချင်းကို တစ်ကြိမ်တစ်ခါတောင် စမ်းသပ်မှု မလုပ်ဆောင်နိုင်ခဲ့ပါကြဘူး။



မေလဲ့သင်းရေးသားသည်

နိုဝင်ဘာ ၂၄/၂၅ ရက် ယှဉ်ပြိုင်ကစားမည့် ယူရိုပါလိဂ် ပွဲစဉ်များ

| | | |
|---|---|---|
| ဇင်းနစ် - မက္ကာဘီတဲလ်အဗစ် | | ည-၁၀း၃၀ |
| အက်စတာနာ - အေပိုးလ် | | ည-၁၀း၃၀ |
| ဖီနာဘာချီ - ဇော်ယာ | | ည-၁၀း၃၀ |
| ကာဘာလာ - အန်ဒါလက်ချ် | | ည-၁၀း၃၀ |
| ဆယ်လ်တာဗီဂို - စတန်းဒက်လီဂီ | | နံနက်-၀၀း၃၀ |
| အေဂျက်စ် - ပါနာသီနိုင်ကို့စ် | | နံနက်-၀၀း၃၀ |
| စတူအာဘူခါရက်-အိုစမန်လီစပေါ် | | နံနက်-၀၀း၃၀ |
| ဖူးရစ်ချ် - ဗီလာရီးယဲလ် | | နံနက်-၀၀း၃၀ |
| ဟာပိုးလ်ရှီဗာ - အင်တာမီလန် | | နံနက်-၀၀း၃၀ |
| စပါတာပရာဟာ- ဆောက်သမ်တန် | | နံနက်-၀၀း၃၀ |
| ရှက်တာဒိုးနက် - ကွန်ယာစပေါ် | | နံနက်-၀၀း၃၀ |
| ဂျန့် - ဘရာဂါ | | နံနက်-၀၀း၃၀ |
| ဆလိုဗန် - ကာရာဘတ် | | နံနက်-၀၀း၃၀ |
| ဖီအိုရင်တီးနား - PAOK | | နံနက်-၀၀း၃၀ |
| ခရက်စ်နိုဒါ - ဆဲလ်ဘတ် | | နံနက်-၀၀း၃၀ |
| ရှော်ကေး - နိုက်စ် | | နံနက်-၀၀း၃၀ |
| ဂျန့်ခ် - ရက်ပစ်ဝီယန် | | နံနက်-၀၂း၃၅ |
| ဘီဘာအို - ဆာစူအိုလို | | နံနက်-၀၂း၃၅ |
| ရိုးမား - ပလာဇန် | | နံနက်-၀၂း၃၅ |
| ဝီယန် - အက်စထရာ | | နံနက်-၀၂း၃၅ |
| ဒန်ဒေ့ါခ် - အယ်လ်ခမာ | | နံနက်-၀၂း၃၅ |
| အိုလံပီယာကို့စ် - ယန်းဘွိုင်းစ် | | နံနက်-၀၂း၃၅ |
| မန်ယူ - ဖီယင်နော့ဒ် | | နံနက်-၀၂း၃၅ |
| စိန့်အက်တီယန် - မိန့်ဇ် | | နံနက်-၀၂း၃၅ |

မောင်မောင်ဇော်

## စပါးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခွာရခြင်းအတွက် ကစားသမားများရဲ့ ပြိုင်ပွဲဝင် စိတ်ဓာတ်အပေါ် ပိုချက်တီနို ဝေဖန်





စပါးကစားသမားများရဲ့ အရည်အချင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု အနေအထားသည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရန် လုံလောက်မှုမရှိခဲ့ကြောင်း စပါးနည်းပြ ပိုချက်တီနိုက ဝေဖန်ခဲ့သည်။ ပိုချက်တီနိုက မိမိတို့အသင်းအနေဖြင့် ပြိုင်ပွဲတိုင်းကို စိန်ခေါ်နိုင်ရန် အမှတ်တကယ်လိုအပ်သည်မှာ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု မဟုတ်ဘဲ ဘောလုံးကျွမ်းကျင်မှုနှင့် စိတ်ဓာတ်ခွန်အားပင်ဖြစ်ကြောင်း ကစားသမားများကို ရာသီအစကတည်းက သတိပေးမှုပြုထားပြီးဖြစ်သည်ဟု ဆိုခဲ့သည်။

စပါးအသင်းသည် မိုနာကိုအသင်းအား သရေ ကစားနိုင်ရုံဖြင့် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်သို့ တက်ရောက်ခွင့် မျှော်လင့်နိုင်မည်ဖြစ်သော်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းကြောင့် အုပ်စုတက်ရောက်ရေးမျှော်လင့်ချက် စောစောစီးစီး အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။ စပါးအသင်းသည် မိုနာကိုအသင်းအား အိမ်ကွင်းတွင် ဧည့်ခံကစားခဲ့ရစဉ်ကလည်း အရေးနိမ့် ခဲ့သေးပြီး ချန်ပီယံလိဂ် ပွဲစဉ်ငါးပွဲတွင် သုံးပွဲအထိ ရှုံးပွဲ ကြုံခဲ့ရခြင်းဖြစ်သည်။

စပါးအသင်းသည် ယခုထက် ဂိုးပြတ်ရှုံးနိမ့်ရန် အလားအလာ ရှိခဲ့သော်လည်း ဂိုးသမား ဟူဂိုလိုရစ် လက်စွမ်းပြနိုင်ခဲ့၍သာ သက်သာရာ ရခဲ့ခြင်းဖြစ်သည်။ စပါးအသင်း ချန်ပီယံလိဂ်မှ ထွက်ခွာခဲ့ရခြင်းကို တွစ်တာ စာမျက်နှာမှတစ်ဆင့် ပြောင်လှောင် ရေးသားခဲ့ကြသလို ဒေးလီးတယ်လီဂရပ်ဖ်အပါအဝင်အခြား အားကစားသတင်း ဦးစားပေး သတင်းစာများကလည်း အကျယ်တဝင့် ဝေဖန် တိုက်ခိုက်ရေးသားခဲ့ကြသည်။

ပရီမီယာလိဂ် ကလပ်အသင်းလေးသင်း ဝင်ရောက် ယှဉ်ပြိုင်ခွင့်ရသည့် ချန်ပီယံလိဂ် ပြိုင်ပွဲတွင် စပါးအသင်း တစ်သင်းသာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီး လက်စတာနှင့် အာဆင်နယ်တို့ ရှုံးထွက်အဆင့်သို့ တက်ရောက်ခဲ့ရပြီး ဖြစ်သလို မန်စီးတီးအသင်းသည်လည်း ပွဲစဉ်(၄)တွင် ဘာစီလိုနာကို သုံးဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ကစား ပြခြင်းဖြင့် ချန်ပီယံလိဂ်မျှော်လင့်ချက်ကို အသက်ဆက်နိုင်ခဲ့သည်။ အင်္ဂလန်မီဒီယာများက မန်စီးတီးနှင့် အာဆင်နယ်တို့မှာ ချန်ပီယံလိဂ်အတွေ့အကြုံရှိသည့် အသင်းများဖြစ်၍ အထူးတလည် ချီးကျူးရေးသားခြင်းမပြုသော်လည်း မျက်နှာသစ်အသင်း ချင်းအတူတူ ရှုံးထွက်အဆင့်သို့ အုပ်စုဗိုလ်ဖြင့် တက်ရောက်နိုင်ခဲ့သည့် လက်စတာအသင်းနှင့် ခိုင်းနှိုင်း၍ စပါးအသင်းအပေါ် ဝေဖန်ရေးသားခဲ့ကြခြင်းဖြစ်သည်။

## မက်ဆီအား မန်စီးတီးမှ ခေါ်ယူရန် ချိတ်ဆက်နေမှုများအပေါ် ထင်မြင်ချက်ပေးရန် အင်းနရစ် ငြင်းဆို

ဘာစီလိုနာအသင်းနည်းပြ အင်းနရစ်က မက်ဆီအား မန်စီးတီးအသင်းမှ ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ ဖြင့် ခေါ်ယူရန် ချိတ်ဆက်နေသည့် သတင်းများအပေါ် ငြင်းဆန်ခြင်းမရှိခဲ့ဘဲ လောလောဆယ်တွင် မက်ဆီ၏ ကြံ့ခိုင်မှုအနေအထားကိုသာ အာရုံစိုက်ထားကြောင်း တုံ့ပြန်ခဲ့သည်။ အင်းနရစ်က ယင်းသို့ ချိတ်ဆက်နေမှုများအပေါ် မည်သို့ကိုင်တွယ်ရမည်ဆိုသည်ကိုလည်း မသိရှိကြောင်း ပြန်လည် ဖြေကြားခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာမှာ မက်ဆီနှင့် မန်စီးတီးအသင်းတွင် ပြန်လည်ပေါင်းစည်းရန်အတွက် ကမ္ဘာ့ စံချိန်တင် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀ဖြင့် အဆိုပါ ဘောလုံး စူပါစတားကို ခေါ်ယူရန် ပြင်ဆင်နေသည်ဟု ဒေးလီးမေးလ်ရာ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ မန်စီးတီးသည် မက်ဆီအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀၀အပြင် တစ်ပတ်လုပ်ခပေါင် ၅၀၀၀၀၀ပေးချေမည်ဟု စည်းရုံးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်နွေရာသီအတွင်း စပိန်အခွန်အာဏာ ပိုင်များက မက်ဆီနှင့် သူ၏ ဖခင်တို့အား အခွန် လိမ်လည်မှုဖြင့် တရားစွဲဆိုခဲ့ကြခြင်းကြောင့် ယင်းဖြစ်ရပ်က မက်ဆီ၏ ဆုံးဖြတ်ချက်အပေါ် များစွာ သက်ရောက်ခဲ့ခြင်းဖြစ်သည်။ မက်ဆီသည် ဘာစီလိုနာ အသင်းနှင့် ၂၀၁၈ခုနှစ် အထိ စာချုပ်ချုပ်ဆိုထားသူ ဖြစ်ပြီး စာချုပ်ပါ စည်းမျဉ်းအရ ပြောင်းရွှေ့ကြေး ပေါင် ၂၁၅ သန်းပေးချေမှသာ ဘာစီလိုနာမှ ထွက်ခွာခွင့် ရရှိမည်ဖြစ်သည်။ ဘာစီလိုနာသည် မက်ဆီအား စာချုပ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း မက်ဆီဘက်မှ ပယ်ချခဲ့ထားပြီးဖြစ်ရာ အကယ်၍ ဘာစီလိုနာအသင်းအနေဖြင့် မက်ဆီကို သက်တမ်း တိုးစာချုပ် ထပ်မံချုပ်ဆိုနိုင်ခြင်း မရှိလျှင် နောင်လာမည့် ရာသီအရောက်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့် ပြုရတော့မည်ဖြစ်သည်။

မက်ဆီသည် ဘာစီလိုနာ အသင်းတွင် တစ်နှစ် လုပ်ခပေါင်၁၈ဒသမ၉၈သန်း ရရှိနေပြီး ကမ္ဘာ့လစာ အများဆုံးရသည့် ကစားသမားအဖြစ်စီရိုနယ်လ်ဒိုနှင့် အတူ ပူးတွဲရပ်တည်နေသော်လည်း မန်စီးတီးသို့ ပြောင်းရွှေ့လျှင် ယင်းပမာဏထက် လစာ ပိုမိုခံစားခွင့် ရှိမည် ဖြစ်သလို ဂွါဒီယိုလာနှင့် မက်ဆီကြား ရင်းနှီးသည့်ဆက်ဆံရေးကလည်း မန်စီးတီးသို့ မက်ဆီရောက်ရှိလာနိုင်သည့် နောက်ထပ်အကြောင်းတရားတစ်ရပ်ဖြစ်သည်။

## လက်ရှိ ကစားသမားများထဲတွင် ချန်ပီယံလိဂ်သွင်းဂိုး တတိယအများဆုံးဖြစ်လာတဲ့ ဘင်ဇီမာ

ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး ကာရင်ဘင်ဇီမာဟာ စပို့တင်းလစ္စဘွန်းနဲ့ ပွဲစဉ် ပွဲချိန်၈၇မိနစ်မှာ အသင်းအတွက် အဖိုးတန် အနိုင်ဂိုးကို သွင်းယူနိုင်ခြင်းနဲ့အတူ သူ့ရဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၄၈ဂိုးအထိ ရှိလာပြီဖြစ်တဲ့အတွက် လက်ရှိကစားသမားတွေထဲမှာ ချန်ပီယံလိဂ် သွင်းဂိုး တတိယအများဆုံး သွင်းယူနိုင်တဲ့ ကစားသမားအဖြစ်ပါ မှတ်တမ်းဝင်သွားပါတယ်။

လက်ရှိကစားသမားတွေထဲမှာ ဂိုးသွင်းအများဆုံးရယူနိုင်တဲ့ ကစားသမား အဖြစ်သာမက ချန်ပီယံလိဂ် ထာဝရသွင်း ဂိုးအများဆုံးသွင်းယူထားတဲ့ ကစားသမားကတော့ ရီးယဲလ်မက်ဒရစ် တိုက်စစ်မှူး စီရိုနယ်လ်ဒို ပဲဖြစ်ပြီး သူ့ရဲ့ သွင်းဂိုး အရေအတွက်က ၉၅ ဂိုးဖြစ်ပါတယ်။ သူ့နောက်မှာတော့ မက်ဆီက သွင်းဂိုး ၉၀၊ ရာအူးလ် ( ရီးယဲလ်တိုက်စစ်မှူးဟောင်း) ၇၁ ဂိုး၊ ရူဗန်နစ္စတယ်ရွိုင်း( မန်ယူတိုက်စစ်မှူးဟောင်း) ၆၅ဂိုး၊ သီယာရီအွန်နရီ( အာဆင်နယ်တိုက်စစ်မှူးဟောင်း) ၅၀ဂိုး တို့က အစဉ်လိုက် ရပ်တည်နေပါတယ်။ ဒါပေမယ့် ဒီငါးယောက်ထဲမှာ စီရိုနယ်လ်ဒိုနဲ့ မက်ဆီတို့နှစ်ဦးသာ ဘောလုံးလောကမှာ ဆက်လက်ကျင်လည်နေဆဲဖြစ်ပြီး ကျန်သုံးဦးက ဘောလုံးလောကကနေ အနားယူခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ဘင်ဇီမာရဲ့ ယခုပွဲသွင်းဂိုးဟာ မန်ယူတိုက်စစ်မှူး အီဗရာဟီမိုဗစ်ချ်ရဲ့ ချန်ပီယံလိဂ် သွင်းဂိုး စံချိန်ကို လိုက်မီနိုင်ခြင်းနဲ့အတူ လက်ရှိ ကစားသမားတွေထဲမှာ ချန်ပီယံလိဂ်သွင်းဂိုး တတိယအများဆုံး ကစားသမား ဖြစ်လာခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အီဗရာဟီမိုဗစ်ချ်က မန်ယူကိုပြောင်းရွှေ့သွားတဲ့အတွက် ဒီနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲကို လွဲချော်မှာဖြစ်တာကြောင့် ဘင်ဇီမာဟာ အီဗရာဟီမိုဗစ်ချ်ရဲ့ စံချိန်ကို ယခုနှစ်ရာသီမှာပဲ ကျော်လွန်သွားဖို့တော့ရှိနေပါတယ်။



## မိုးစပါးများ မရိတ်သိမ်းသေးသော်လည်း စပါးဈေးနှုန်းနည်းနေ၍ အရှုံးပေါ်မည်ကို လယ်သမားများ စိုးရိမ်လျက်ရှိနေ

**ရွှေဘို နိုဝင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီးတွင် သဖန်းဆိပ်ဆည်ရေသောက် မိုးစပါးစိုက်ခင်းများ သီးနှံအထွက်စုံနေ၍ မကြာမီ ရိတ်သိမ်းကြရတော့မည်ဖြစ်ရာ အခြားဒေသများကဲ့သို့ စပါးဈေးနှုန်းနည်း၍ အရှုံးပေါ်မည်ကို စိုးရိမ်လျက်ရှိနေကြောင်း ဒေသခံတောင်သူလယ်သမားများထံမှ သိရသည်။

အဆိုပါသဖန်းဆိပ်ဆည်ရေဖြင့် လယ်မြေဧကပေါင်း ၄၈၉၅၉၄ ဧကကို မြန်မာနိုင်ငံ၌ ဈေးအများဆုံးရရှိသော ရွှေဘိုပေါ်ဆန်မွှေးစပါးကို အများဆုံးစိုက်ပျိုးထုတ်လုပ်ထားလျက်ရှိသည်။ ယင်းဒေသသည် ဆည်ရေဖြင့် နွေစပါးဧက သုံးသိန်းနီးပါးခန့် စိုက်ပျိုးထုတ်လုပ်ခဲ့မှုကြောင့် မိုးစပါးကို ဒီဇင်ဘာ တတိယပတ်ခန့်လောက်တွင် လှိုင်လှိုင်ရိတ်သိမ်းနိုင်မည်ဖြစ်သည်။

ယခုအချိန်တွင် အောက်မြန်မာပြည်ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ စပါးတင်း ၁၀၀ လျှင် ဆန်ကြမ်းစပါးဈေးနှုန်း ကျပ်သုံးသိန်းခွဲနှင့် ဆန်ချောစပါးဈေးနှုန်း ကျပ်ခြောက်သိန်းဖြင့် အရောင်းအဝယ်ဖြစ်နေကြသည့်အတွက် စိုက်ပျိုးစရိတ်ကုန်ကျငွေထိ မရရှိကြဘဲ အရှုံးပေါ်နေကြကြောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ပြောကြားချက်များကို နိုင်ငံပိုင်သတင်းစာများမှ သိရသည်။

ရွှေဘိုဒေသတွင် နွေလက်ကျန်စပါးများ ဝယ်ယူမည့်သူမရှိဘဲ စပါးရှင်လယ်သမားကိုယ်တိုင် ဆန်စက်သို့ ကြိတ်ခွဲရောင်းချရာ ၂၄ ပြည်ဝင် ဆန်တစ်ပိုင်း ကျပ် ၁၅၀၀၀ ဈေးနှုန်းရောင်းချရမှုကြောင့် စပါးတင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀ ကျော်သာ ရရှိကြောင်း ခင်ဦးမြို့ရှိ ရွှေပြည်စံ ဆန်စက်ပိုင်ရှင်ထံမှ သိရသည်။

ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာ လယ်သမားတစ်ဦးဖြစ်သူ ဦးမျိုးလင်းက "ကျွန်တော်တို့ဒေသမှာဆိုရင် နွေစပါး(ဆန်ကြမ်း)တောင် ဝယ်လက်စပါးပွဲစားမရှိလို့ မိမိကိုယ်တိုင် စပါးကိုကြိတ်ခွဲရောင်းရတာ စပါးတင်းတစ်ရာမှာ ကျပ်လေးသိန်းနီးပါးလောက်ပဲရပါတယ်။ တွက်ကြည့်တော့ စိုက်ပျိုးစရိတ်နဲ့ မိမိလုပ်အားခလောက်ပဲရလို့ အရှုံးပေါ်ပါတယ်။ ဒါ့အပြင် မေလလောက်က ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် တစ်ဆယ့်သုံးသိန်းခွဲ လောက်ရှိရာမှာ ယခုအချိန်မှာ ကျပ်တစ်ဆယ့်တစ်သိန်းခွဲပဲရှိတော့လို့ ကျပ်နှစ်သိန်းလောက် ဈေးကျသွားတယ်။ ဒါကြောင့် မိုးစပါးများ မရိတ်သိမ်းရသေးသော်လည်း အခြားဒေသများလို စပါးဈေးနှုန်းနည်းပါး၍ အရှုံးပေါ်မည်ကို လယ်သမားများ စိုးရိမ်နေပါတယ်" ဟု ပြောသည်။ **ရောင်နီတင်ဝင်း**





## အင်းဝမြို့ဟောင်းဒေသရှိ လေးထပ်ကြီးဘုရားအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး အင်းဝရှေးဟောင်းနယ်မြေဒေသရှိ လေးထပ်ကြီးဘုရားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် သိန်း(၁၅၀)ဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

"နိုဝင်ဘာလဆန်းကတည်းက ပြုပြင်မှုတွေ စတင်လုပ်ဆောင်နေပြီး ဒီဇင်ဘာမှ အပြီးလုပ်ဆောင်မှာပါ။ သမိုင်းတန်ဖိုးကြီးမားတဲ့ ဒီကျောင်းကြီးဟာ နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ရာသီဥတုနှင့် သဘာဝဘေးဒဏ်တွေ ခံခဲ့ရတဲ့အပြင် ၂၀၁၂ ခုနှစ်က လှုပ်ခဲ့တဲ့ ငလျင်ဒဏ်ကိုလည်းခံခဲ့ရတော့ ပျက်စီးမှုတွေရှိနေပါတယ်။ ဒါတွေကို ပိုပြီးထိခိုက်ပျက်စီးမှု မရှိရန်နှင့် ကြံ့ခိုင်မှုအားနည်းနေတဲ့အပိုင်းတွေကို ပြုပြင်ထိန်းသိမ်းမှာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ လေးထပ်ကြီးဘုရားမှာ ညောင်ရမ်းမင်းတရားက မြန်မာသက္ကရာဇ် ၉၆၃ ခုနှစ်မှာ တည်ဆောက်ခဲ့ပြီး သားတော်အနောက်ဘက်လွန်မင်းက ပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ သာလွန်မင်းတရားလက်ထက် ၁၀၂၀ ပြည့်နှစ်တွင် တရုတ်တို့နှင့် စစ်မက်ဖြစ်ပွားပြီး လေးထပ်ကြီးကို မီးတိုက်ခံခဲ့ရသည်။

၁၁၈၇ ခုနှစ်တွင် စတုတ္ထအင်းဝနန်းစံ ဘကြီးတော်မင်းသည် သကျသီဟဗုဒ္ဓရုပ်ပွားတော်ကို သွန်းလောင်းပြီး လက်ရှိ ဂန္ဓကုဋီတိုက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။ အဆိုပါ ဘုရားအား ပုဂံမင်းလက်ထက်တွင် အမရပူရသို့ ပြောင်းရွှေ့ ကိုးကွယ်ပြီး သီပေါမင်းလက်ထက်တွင် မန္တလေးမြို့သို့ ပင့်ဆောင်ကိုးကွယ်ခဲ့သဖြင့် ကြွင်းကျန်ရစ်သော ဂန္ဓကုဋီတိုက်ကို ပြာသာဒ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

အင်းဝမြို့ဟောင်းဒေသကို သတိုးမင်းဖျား အေဒီ ၁၃၆၄ မှ စတင်ပြီး ဘကြီးတော်မင်း ၁၈၂၁ လက်ထက်တိုင်အောင် နှစ်ပေါင်း ၄၀၀ ခန့် မင်းနေပြည်တော်ဖြစ်ခဲ့သောကြောင့် ခေတ်အဆက်ဆက် မင်းနှင့် ပြည်သူတို့ လှူဒါန်းတည်ဆောက်ခဲ့သည့် စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းများစွာ ရှိခဲ့သော်လည်း ခေတ်ကာလကြာမြင့်ခဲ့မှုကြောင့် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ပျက်စီးခဲ့ရသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ရှေးမူမပျက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ မှတ်တမ်းကောက်ယူမှုစာရင်းများအရ ရှေးဟောင်းအဆောက်အအုံ၊ ဘုရား၊ ပုထိုးစေတီ စုစုပေါင်း ၃၀၀ ကို တိုင်းတာမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၃**
တနင်္သာရီတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ ဇေယျထက်စံ ဟိုတယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဟန်ဝင်းအောင်က တနင်္သာရီတိုင်းဒေသကြီးမှ ပြည်ပသို့ သွားရောက်နေထိုင်သော လူဦးရေ၏ ၁၄ ဒသမ ၄ ရာခိုင်နှုန်း၏ ပြောကြားချက်အရ ရွှေ့ပြောင်းသွားလာခြင်းသည် ထိုဒေသအတွင်းရှိ လူများ၏ ဘဝအစိတ်အပိုင်းတစ်ခုဖြစ်နေကြောင်း၊ ယင်းသို့ ရွှေ့ပြောင်းသွားလာခြင်းဖြင့် ရွှေ့ပြောင်းသွားလာသူများ ယင်းတို့၏ မိသားစုများနှင့် ဒေသအတွက် အကျိုးရှိကြောင်းဖော်ပြထားသောကြောင့် ထိုအချက်များမှာ အရေးကြီးသည့်အချက်များဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် Complaints Mechanism Center တစ်ခုစီကို ဖွင့်လှစ်ပြီးတိုင်ကြားလာသော အလုပ်သမားရေးရာ ကိစ္စများကို ၂၄ နာရီလက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာ၊ သဘောထားအမြင်များ၊ လုပ်ဆောင်နေမှုများအတွက် လေ့လာသုတေသနပြုထားသည့်တွေ့ရှိချက်များနှင့် ရွှေ့ပြောင်းအလုပ်သမားအရင်းအမြစ်ဌာနများမှ ရရှိနိုင်သောဝန်ဆောင်မှုများကိုလည်း ဤ အသိပညာပေးဆွေးနွေးပွဲတွင် ဝေမျှသွားမည်ဟု ပြောသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ILO (ရန်ကုန်ရုံးမှ) အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ဝေနှင်းပိုက အလုပ်သမားရေးရာ စီမံကိန်းနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပြောကြားခြင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ILO (ရန်ကုန်ရုံးမှ)အမျိုးသားစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခွန်ဆာမွန်းသွယ်က National Action ကို မိတ်ဆက်ဆွေးနွေးခြင်းနှင့် အလုပ်သမားညွှန်ကြားရေးမှူးဦးစီးအရာရှိ ဦးသန်းဦးက ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ NGO များ ရပ်ကွက်ကျေးရွာမှ ရပ်မိရပ်ဖများ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(တနင်္သာရီတိုင်းဒေသကြီးပြန်/ဆက်)**



## မီးဘေးကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ကျုံပျော် နိုဝင်ဘာ ၂၃**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းမီးလောင်မှုမဖြစ်ပွားရေး၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် လူထုအတွင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့က နိုဝင်ဘာ တတိယအပတ်က လူစည်ကားရာနေရာများတွင် လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မီးလောင်မှုအမျိုးအစားပေါ်လိုက်၍ ဓာတ်ငွေ့အိုးများ မီးလောင်လျှင်မည်သို့ ဆောင်ရွက်သင့်သည်၊ ဆီအမျိုးမျိုး၊ လျှပ်စစ်မီး၊ ဈေးဆိုင်၊ သိုလှောင်ရုံ၊ တိုက်ခန်းနှင့် အဆင့်မြင့်တိုက်များ မီးလောင်လျှင် မီးလောင်မှုအမျိုးအစားပေါ်လိုက်၍ မည်သို့ဆောင်ရွက်သင့်သည်တို့ကို လက်ကမ်းစာစောင်တွင် ထည့်သွင်းပေးထားပြီး၊ ပြည်သူများ မီးဘေးအန္တရာယ် ကြုံတွေ့ပါက မီးသတ်ဦးစီးဌာနသို့ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပါ ထည့်သွင်းပေးထားကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## တစ်နာရီ ရေဂါလန် ၁၅၀၀ ထွက်ရှိသည့် စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**တံတားဦး နိုဝင်ဘာ ၂၃**
ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ကျေးလက်ရန်ပုံငွေဖြင့် မြင်းသည်ကျေးရွာ လေးလက်မ အကျယ်ပေ ၆၀၀ အနက်ရှိသည့် စက်ရေတွင်း တူးဖော်နေမှုကို နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြင်းသည်ကျေးရွာ၌ June Four ကုမ္ပဏီက စက်ရေတွင်း တူးဖော်ခြင်း အောင်မြင်ပြီးစီး၍ ရေမှာ တစ်နာရီ ရေဂါလန် ၁၅၀၀ ထွက်ရှိပါကြောင်း၊ ရေစက်ရုံနှင့်ရေစင်တည်ဆောက်ခြင်း ကျေးရွာသူ/သားများ ရေကိုအလွယ်တကူ အသုံးပြုနိုင်ရန် ရေပိုက်များသွယ်တန်းခြင်းတို့အတွက် ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းအတွက် စုစုပေါင်းငွေကျပ် ၂၂ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့် (ပြန်/ဆက်)**

# မန္တလေးပန်းချီဆရာများ ပြပွဲများဆက်တိုက်ပြုလုပ်လာ



**မန္တလေး နိုဝင်ဘာ ၂၃**
မန္တလေးမြို့ရှိ ပန်းချီဆရာများ (Mandalay Hill Art Gallery) တွင် ပန်းချီပြပွဲများကို တစ်ကိုယ်တော်ပြပွဲများ (GROUP) လိုက်ပြသသည့် ပြပွဲများ ဆက်တိုက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပန်းချီပြပွဲများကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်မှစကာ ပြုလုပ်၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ စာရင်းပေးသွင်းထားပြီးဖြစ်သည်။ ၂၀၁၆ နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ ဆရာဦးဇော်ဝင်း (တစ်ကိုယ်တော်) ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၄ ရက်အထိ WHITE (Group)၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ဆရာနေမျိုး၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှ ၇ ရက် အထိ ချင်းတွင်းရေကြည် (GROUP)၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ပြင်ဦးလွင် (GROUP)၊ ၂၀၁၆ ခုနှစ်ဒီဇင်ဘာ ၇ ရက်မှ ၂၁ ရက်အထိ အောင်မင်း (MDY) တစ်ကိုယ်တော်၊ ၂၀၁၆ ခုနှစ်ဒီဇင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ (ငယ်)နှင်းအေးငယ်(ကဗျာပန်းချီ)၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၅ ရက် အထိ NEWYEAR-NEWMENSHOW၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၇ မှ ၁၁ ရက် အထိဦးလှထွန်း (တစ်ကိုယ်တော်)၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၄ မှ ၁၈ ရက်အထိ ပြည်ကျော်ဟန် (တစ်ကိုယ်တော်)၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၁ မှ ၃၁ ရက်အထိ မန်းတောင်ပြခန်း GROUP SHOW၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ မှ ၁၃ ရက်အထိ Summit GROUP SHOW ပြသမည်ဖြစ်သည်။

မြန်မာပန်းချီကားများကို နိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလာသည်မှာ မြန်မာ့ပန်းချီအတွက်ဂုဏ်ယူစရာပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပန်းချီပညာရှင်များစွာရှိပြီး နိုင်ငံတကာကိုထိုးဖောက်နိုင်သည့် အဆင့်မြင့်အနုပညာများကို ဖန်တီးနိုင်ခဲ့သည်။ အထူးသဖြင့် မြန်မာမှု မြန်မာ့အရိပ်များပါသော ရေဆေးပန်းချီကားကလေးများကိုနိုင်ငံတကာ ခရီးသွားဧည့်သည်များ အထူးနှစ်သက်ကာဝယ်ယူအားပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ ပန်းချီပညာရှင်များမှာ အတွင်းစိတ်တွေကို အရောင်များဖြင့် ခြယ်မှုန်းရေးဆွဲသည်ဟု တင်စားနိုင်သော (Abstract) ဒြပ်မဲ့ပန်းချီများကိုရေးဆွဲသူ၊ မျက်မြင်များကို စိတ်ခံစားမှုအရောင်များဖြင့် ရေးဆွဲသည်ဟုတင်စားနိုင်သည်။ (Impressionists) နည်းများဖြင့် ရေးဆွဲသူ၊ မြန်မာ့ရိုးရာရှုခင်းများနှင့် သဘာဝကျလှသည့် မြန်မာ့ယဉ်ကျေးမှု ပုံရိပ်များကို ရေဆေး၊ ဆီဆေးဖြင့် ရေးဆွဲသူဟူ၍ ပညာရှင်များစွာတည်ရှိသည်။ ရေးဆွဲနည်းအမျိုးမျိုးမှာ နိုင်ငံတကာအဆင့်မီ ရေးဆွဲနိုင်ကြသည်အထိ ပညာရှင်များစွာပေါ်ထွက်ခဲ့သည်။ ၂၀၁၆-၂၀၁၇ တွင် ပန်းချီပြပွဲများ ဆက်တိုက်ပြုလုပ်လာကာ အောင်မြင်မှုများရရှိလာကြောင်း သိရသည်။

**တိမ်တမန်**

## မွန်ပြည်နယ် မီးသတ်ဦးစီးဌာန အစီအစဉ်ဖြင့် မီးသတ် ဝတ်စုံများ ပေးအပ်

**မုဒုံ နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် မုဒုံမြို့တွင် ပြည်နယ်မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် မီးသတ်ဝတ်စုံပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်မှ အရန်မီးသတ်ဝတ်စုံပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးဌာနမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက မွန်ပြည်နယ် မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် ပေးအပ်သည့် အရန်မီးသတ်ဝတ်စုံ ၄၄၇ စုံအား ရပ်ကွက်၊ ကျေးရွာ ၄၂ ခုတို့မှ အရန်မီးသတ်တပ်ခွဲမှူးနှင့် တပ်စုမှူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုစုပေါင်း အင်အား ၉၅ ဦးခန့် တက်ရောက်ခဲ့သည်။

**မင်းထက်(ပြန်/ဆက်)**

## Emergency Rescue Service လျှပ်တစ်ပြက် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းဆင်းပွဲကျင်းပ

**ပေါင် နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စိတ္တသုခလူမှုကူညီရေးအသင်းက ကြီးမှူးကျင်းပသော ကျော်သူပရဟိတကွန်ရက်၊ K-AMBULANCE အဖွဲ့၊ မြဝတီမြို့မှ "Z" Rescue အဖွဲ့၊ မော်လမြိုင်မြို့မှ ဘိုဘိုဝင်း Rescue အဖွဲ့၊ မန္တလေးမြို့ Parla Rescue အဖွဲ့နှင့် နောင်ချိုမြို့မှ စေတနာမွန် Rescue အဖွဲ့တို့ ပူးပေါင်းသင်ကြားပို့ချသော Emergency Rescue Service လျှပ်တစ်ပြက် အရေးပေါ် ကယ်ဆယ်ရေးသင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက ပေါင်မြို့ ပြည်သူ့ဆေးရုံအနီး စိတ္တသုခခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကိုဇော်တို့အနေနဲ့ လျှပ်တစ်ပြက်အရေးပေါ် ကယ်ဆယ်ရေးနဲ့ မြေပြင်လက်တွေ့ သရုပ်ပြကယ်ဆယ်ရေးတွေ ကျွန်တော်တို့တတ်ထားသလောက်ကို တကယ်စိတ်ဝင်စားတဲ့ စေတနာစိတ်ဓာတ်ရှိတဲ့ ပရဟိတအဖွဲ့တွေကို တတ်မြောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပါတယ်။ အခုဆို ကျွန်တော်တို့ကို အမြဲတမ်းခြိမ်းခြောက်နေတဲ့ သဘာဝဘေးအန္တရာယ်တွေ၊ ယာဉ်မတော်တဆမှုတွေ ဒါတွေကို အချိန်မီအသက်ကယ်ဖို့ပေ့ါ။ အရင်တုန်းက ကျွန်တော်တို့က နာရေးအဖွဲ့တွေမှာလုပ်တယ်၊ ဒီပညာတွေကို မတတ်ဘူး။ လူနာတွေ့ရင် ခြေထောက်နှစ်ချောင်း၊ လက်နှစ်ချောင်းကိုင်ပြီး ကပ်ပေါ်တင်တယ်။ ဆေးရုံပြေးပို့တယ်။ ဆေးရုံရောက်တော့ လူနာက အသက်မပါလာတော့ဘူး။ အဲလို အခက်အခဲတွေ ကြုံလာရတယ်ပေ့ါ။ ခုဆို ကိုဇော်တို့က အဲလိုမဟုတ်တော့ဘူးလေ၊ လူနာတွေ့တယ် ဘယ်လိုပြုစုရမလဲ၊ ဘယ်လိုကိုင်တွယ်ရမလဲ၊ ဘယ်လိုကုရမလဲ သိလာတယ်။ ဒီလို သိလာတဲ့အတွက် လူနာတွေရဲ့ အသက်ကို အချိန်မီ ကာကွယ်ပေးနိုင်တာပေ့ါ။ ကျွန်တော်တို့ သိထားသလောက်၊ တတ်ထားသလောက်ကို မြန်မာနိုင်ငံမှာရှိတဲ့ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ပို့ချပေးတာပါ။ သူများတွေကို လည်း တတ်စေချင်တယ်။ အဲဒီတော့ ဒီမှာရှိတဲ့ နာရေးအဖွဲ့တွေကို ကယ်ဆယ်ရေးအဖွဲ့တွေ အဖြစ် အသွင်ပြောင်းပေးတာပါ" ဟု မြဝတီမြို့ "Z" Rescue အဖွဲ့ခေါင်းဆောင် ဦးဇော်ဇော်က ပြောသည်။

"ကျွန်တော်က ဒီသင်တန်းကို တအားတက်ချင်နေတာကြာပြီလေ။ ဘာကြောင့်လဲဆိုတော့ တန်းဖိုးကြီးမားတဲ့ လူ့အသက်တွေကို ကယ်ချင်လို့ပါ။ ကိုယ်ကလည်း ကူညီပေးချင်တဲ့စိတ်လည်းရှိနေတယ်။ ကူညီကယ်ဆယ်မှု လိုအပ်နေသူကို တွေ့နေပေမယ့် Rescue ပညာမတတ်ထားလို့ စနစ်တကျ မကယ်ဆယ်လိုက်ရတာမျိုး ထပ်မဖြစ်ချင်တော့လို့ပါ။ တစ်ချိန်ချိန်မှာ ကြုံတွေ့တော့မှ Rescue သင်တန်းမတက်မိတာ မှားလိုက်လေခြင်းဆိုတဲ့ နောင်တမျိုး မရချင်လို့ပါ။ ကျွန်တော်တို့မြို့နယ်မှာ အရင်ကမရှိသေးတဲ့ အများကအားထားရသော Rescue အဖွဲ့ အောင်မြင်စွာပေါ်ပေါက်စေချင်လို့ပါ၊ ဒီသင်တန်းကတတ်မြောက်သွားတဲ့ ပညာတွေကိုလည်း လက်တွေ့နယ်ပယ်မှာ ပြန်လည်အသုံးချသွားမှာပါ။ သူတော်ကောင်းများ သာဓုခေါ်သည့် ဇီဝိတဒါန လူ့အသက်ကယ်သည့် ကိစ္စဖြစ်နေလို့ပါ၊ အများအတွက်ပေးဆပ်နေကြတဲ့ ပရဟိတနောင်တော်များကို လေးစားအားကျမိလို့ ရည်ရွယ်ချက်နဲ့တက်ရောက်တာပါ" ဟု သင်တန်းသားတစ်ဦးက ပြောသည်။

အခမ်းအနားတွင် မွန်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်း၊ စိတ္တသုခ လူမှုကူညီရေး အသင်းမှဥက္ကဋ္ဌ ဦးကီကျွမ်း၊ မြဝတီမြို့ "Z" Rescue အဖွဲ့ခေါင်းဆောင် ဦးဇော်ဇော် တို့က အမှာစကား အသီးသီးပြောကြားခဲ့ပြီး သင်တန်းသား ၅၂ ဦးကို ပြည်နယ်အစိုးအရအဖွဲ့ဝန်ကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာလူကြီးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး စိတ္တသုခ လူမှုကူညီရေးအသင်းဥက္ကဋ္ဌမှ သင်တန်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်လက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသားများကိုယ်စားကိုအောင်သိုက်မှ ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ဘိုဘိုဝင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ ကွန်ရက်ချိတ်ဆက်ရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော အချက်အလက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။ Emergency Rescue Service လျှပ်တစ်ပြက် အရေးပေါ်ကယ်ဆယ်ရေးသင်တန်းကို မွန်ပြည်နယ်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့နယ်များ စသည့်နေရာများ၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း (ပေါင်)**

## ကောလင်းနှင့်ဒီပဲယင်းမြို့နယ်များတွင် လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ပြီ

**မုံရွာ နိုဝင်ဘာ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကောလင်းမြို့နယ်နှင့် ဒီပဲယင်းမြို့နယ်များတွင် လျှပ်စစ်လိုင်းများသည် သုံးစွဲသူများပြားလာသဖြင့် လက်ရှိ အသုံးပြုလျက်ရှိသောလိုင်းများကို အဆင့်မြှင့်တင်တပ်ဆင်ပြီး စတင်ပို့လွှတ်နိုင်သဖြင့် ပြည်သူများလျှပ်စစ်မီးအား အပြည့်အဝ အသုံးပြုနိုင်ပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အင်ဂျင်နီယာရုံးမှ သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များနှင့် ကျေးလက်ဒေသများရှိပြည်သူများ တိုးတက်လာသည့် လူဦးရေနှင့်အညီ လျှပ်စစ်ဓာတ်အားကို အသုံးပြုနိုင်ရေးအတွက် လက်ရှိအသုံးပြုလျက်ရှိသော ဓာတ်အားလိုင်းများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တိုးချဲ့တပ်ဆင်ခြင်း၊ ဓာတ်အားခွဲရုံများ အသစ်ဆောက်လုပ်ပြီး လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်အတွင်းရှိ ကျောက်ပုထိုးပင်မဓာတ်အားခွဲရုံ၌ အသုံးပြုလျက်ရှိသော ဓာတ်အားလိုင်းနေရာတွင် ၆၆/၃၃ ကေဗွီ ၃၀ အမ်ဗွီအေ ထရန်စဖော်မာအား တိုးချဲ့တပ်ဆင်ပြီး နိုဝင်ဘာ ၂၀ ရက်တွင် လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်နိုင်ခဲ့သဖြင့် ကောလင်းမြို့ပေါ် ရပ်ကွက်များနှင့် အနီးဝန်းကျင်ရှိကျေးရွာများလျှပ်စစ်ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ပြီဖြစ်သည်။

အလားတူ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် ရေဦးဓာတ်အားလိုင်းမှ တစ်ဆင့်အသုံးပြုလျက်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်းနေရာတွင် ၃၃ /၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအဆင့်သို့ တိုးမြှင့်တပ်ဆင်ပြီး ယခုလ ၁၀ ရက်တွင် စတင်၍ ပို့လွှတ်သဖြင့် ဒီပဲယင်းမြို့ပေါ် ရပ်ကွက်များနှင့် အနီးဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းနေမှုအား ကွင်းဆင်းစစ်ဆေး

**မြစ်သား နိုဝင်ဘာ ၂၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ ကူမဲ-ကဆွန်-သိမ်ကုန်း-အုန်းကုန်းလမ်း ကျေးရွာချင်းဆက်လမ်း တစ်မိုင်အား ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကူမဲ-ကဆွန်-သိမ်ကုန်း-အုန်းကုန်းလမ်းကျေးရွာချင်းဆက်လမ်းပိုင်းသည် ကူမဲ၊ ကဆွန်၊ သိမ်ကုန်း၊အုန်းကုန်းကျေးရွာအထိ တစ်မိုင်ရှည်လျားပြီး လက်ရှိမြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ အဆင်မြှင့်တင်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ဒါအောင်မြင်သည့် နေဖြိုးပြည့်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ လမ်း၏ သတ်မှတ်စံနှုန်းများ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက်ရန် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**(မြို့နယ်ပြန်/ဆက်)**

## လာလီဂါရင်ခုန်သံ-၁၃

# နိုင်ပွဲပြန်လည်ရယူဖို့သေချာနေတဲ့အက်သလက်တီကို

စပိန်လီဂါပွဲစဉ်-၁၃ ကိုလာမယ့်နိုဝင်ဘာလ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်နေ့တွေမှာ ဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ ပွဲစဉ်-၁၂ တုန်းကနိုင်ပွဲပျောက်ဆုံးခဲ့ရတဲ့ ဘာစီလိုနာနဲ့အက်သလက်တီကိုတို့ နိုင်ပွဲပြန်လည်ရယူနိုင်မလား ဆိုတာကိုစောင့်ကြည့်ရ ဖို့ရှိနေပါတယ်။



### ရှိုင်း မင်း မင်း

**ထိပ်တန်းဂိုးသွင်းရှင်များ**

လီယွန်နယ်မက်ဆီ(ဘာစီလိုနာ) - ၈ ဂိုး
စီရိုနယ်လ်ဒို(ရီးယဲလ်မက်ဒရစ်) - ၈ ဂိုး
လူးဝစ်ဆွာရက်ဇ်(ဘာစီလိုနာ) - ၈ ဂိုး
အက်စ်ပတ်စ်(ဆယ်လ်တာဗီဂို) - ၆ ဂိုး
ဝီလျံဂျို့စ်(ဆိုစီဒက်) - ၆ ဂိုး
ဂရစ်ဇ်မန်း(အက်သလက်တီကို) - ၆ ဂိုး

**စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၂ | ၉ | ၃ | ၀ | ၃၄ | ၁၀ | ၂၄ | ၃၀ |
| ၂ | ဘာစီလိုနာ | ၁၂ | ၈ | ၂ | ၂ | ၃၂ | ၁၃ | ၁၉ | ၂၆ |
| ၃ | ဆီဗီလာ | ၁၂ | ၇ | ၃ | ၂ | ၂၂ | ၁၇ | ၅ | ၂၄ |
| ၄ | ဗီလာရီးယဲလ် | ၁၂ | ၆ | ၄ | ၂ | ၁၉ | ၈ | ၁၁ | ၂၂ |
| ၅ | ရီးယဲလ်ဆိုစီဒက် | ၁၂ | ၇ | ၁ | ၄ | ၂၁ | ၁၃ | ၈ | ၂၂ |
| ၆ | အက်သလက်တီကို | ၁၂ | ၆ | ၃ | ၃ | ၂၅ | ၁၁ | ၁၄ | ၂၁ |
| ၇ | ဘီဘာအို | ၁၂ | ၆ | ၂ | ၄ | ၁၆ | ၁၃ | ၃ | ၂၀ |
| ၈ | အီဘား | ၁၂ | ၅ | ၃ | ၄ | ၁၇ | ၁၅ | ၂ | ၁၈ |
| ၉ | ဆယ်တာဗီဂို | ၁၂ | ၅ | ၂ | ၅ | ၁၈ | ၂၂ | -၄ | ၁၇ |
| ၁၀ | လက်စ်ပါးမက်စ် | ၁၂ | ၄ | ၄ | ၄ | ၂၁ | ၂၀ | ၁ | ၁၆ |
| ၁၁ | မာလာဂါ | ၁၂ | ၄ | ၄ | ၄ | ၁၇ | ၁၆ | ၁ | ၁၆ |
| ၁၂ | အက်စ်ပန်ညို | ၁၂ | ၃ | ၆ | ၃ | ၁၄ | ၁၇ | -၃ | ၁၅ |
| ၁၃ | ဘက်တစ် | ၁၂ | ၄ | ၂ | ၆ | ၁၃ | ၂၂ | -၉ | ၁၄ |
| ၁၄ | အလာဗက်စ် | ၁၂ | ၃ | ၄ | ၅ | ၁၁ | ၁၆ | -၅ | ၁၃ |
| ၁၅ | လီဂါနက်စ် | ၁၂ | ၄ | ၁ | ၇ | ၁၁ | ၂၂ | -၁၁ | ၁၃ |
| ၁၆ | ဗလင်စီယာ | ၁၂ | ၃ | ၂ | ၇ | ၁၆ | ၂၂ | -၆ | ၁၁ |
| ၁၇ | ဒီပို့တီဗို | ၁၂ | ၂ | ၄ | ၆ | ၁၀ | ၁၉ | -၉ | ၁၀ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၂ | ၂ | ၃ | ၇ | ၁၁ | ၂၅ | -၁၄ | ၉ |
| ၁၉ | အိုဆာစူနာ | ၁၂ | ၁ | ၄ | ၇ | ၁၂ | ၂၃ | -၁၁ | ၇ |
| ၂၀ | ဂရန်နာဒါ | ၁၂ | ၀ | ၅ | ၇ | ၁၀ | ၂၆ | -၁၆ | ၅ |

### အီဘား - ဘက်တစ်
**နံနက် ၂း၁၅ (၂၆-၁၁-၁၆)**

လက်စ်ပါးမက်စ်ကို အနိုင်ရခဲ့တဲ့ပွဲမှာ ဘက်တစ်ကစားပုံ ကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘတ်တစ်အနေနဲ့ အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိတတ်ပြီး ခံစစ်ပိုင်းကအစကျစ်လစ်မှုကျဆင်းတတ်ပါတယ်။ အီဘားကတော့ အိမ်ကွင်းကစားပုံ ကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲတွေမှာ ရှုံးပွဲတစ်ပွဲသာကြုံတွေ့ထားရ ပါတယ်။ အိမ်ကွင်းအားနဲ့ဖိအားပေးလာမယ့် အီဘားတို့နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။ ဂိုးတော့မပြတ်နိုင်ပါဘူး။

### ရီးယဲလ်မက်ဒရစ် - ဂီဂျွန်
**ည ၉း၄၅ (၂၆-၁၀-၁၆)**

ရီးယဲလ်မက်ဒရစ်ဟာ နောက်ဆုံးပွဲစဉ်မှာ အက်သလက်တီကိုအသင်းကို အနိုင်ရယူနိုင်ခဲ့ပြီး ဘာစီလိုနာကို လေးမှတ်ဖြတ်ထားနိုင်လို့ အဆိုပါ အမှတ်လျှော့မသွားအောင် အားစိုက်ကစားလာမှာသေချာနေပါ တယ်။ ရီးရဲအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာမှုတွေရှိလာနိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်နေတဲ့အပြင် ဂီဂျွန်ကလည်း ခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေပါတယ်။ ဂိုးမပြတ်ရင်တောင် ရီးယဲလ်မက်ဒရစ်ပဲနိုင်ပွဲဆက်နိုင်ပါတယ်။

### ဆီဗီလာ - ဗလင်စီယာ
**နံနက် ၂း၁၅ (၂၇-၁၁-၁၆)**

ဒီပို့တီဗိုကိုအနိုင်ရယူနိုင်ခဲ့တဲ့ပွဲမှာ ဆီဗီလာရဲ့ကစားပုံကကောင်း မွန်မှုရှိခဲ့ပါတယ်။ အထူးသဖြင့် ဆီဗီလာဟာ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဆီဗီလာအနေနဲ့ချန်ပီယံလိဂ် ကစားခဲ့ရတာကြောင့်ပွဲပန်းလာနိုင်ပေမယ့်လည်း ဗလင်စီယာရဲ့ခြေစွမ်းပိုင်းကလည်း တည်ငြိမ်မှုမရှိသေးပါဘူး။ ဒါကြောင့်ဒီပွဲစဉ်မှာလည်း ဆီဗီလာတို့ အခွင့်အရေးရနိုင်ကာနိုင်ပွဲလည်းရယူနိုင်ပါတယ်။

### အိုဆာစူနာ - အက်သလက်တီကို
**ည ၉း၄၅ (၂၇-၁၁-၁၆)**

အက်သလက်တီကိုက ရီးယဲလ်ကိုဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာကြောင့်နိုင် ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ အက်သလက်တီကို အနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း ပြိုင်ဘက်အိုဆာစူနာခြေကအားနည်းမှုတွေများလွန်း နေပါတယ်။ အိမ်ကွင်းပွဲတွေမှာတောင် တစ်ပွဲမှာနိုင်ပွဲရယူနိုင်ခြင်းမရှိခဲ့ပါဘူး။ အိုဆာစူနာရဲ့တိုက်စစ်ပိုင်းကလည်း ဂိုး သွင်းခြေအားနည်းလွန်းတာကြောင့် အက်သလက်တီကိုနိုင်ပွဲပြန်ရဖို့သေချာနေပါတယ်။

### ဆိုစီဒက်စ် - ဘာစီလိုနာ
**နံနက် ၂း၁၅ (၂၈-၁၁-၁၆)**

မာလာဂါကိုအနိုင်မရခဲ့တာကြောင့် ရီးယဲလ်နဲ့ လေးမှတ်အထိကွာဟ သွားတဲ့အတွက် ဘာစီလိုနာတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ ဘာစီလိုနာအနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း ဒီပွဲမှာတော့ဆွာရက်ဇ်၊ မက်ဆီ၊ နေမာတို့နဲ့လူစုံအသုံးပြုလာမယ်ဆိုရင် ဆိုစီဒက်စ်ကိုထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာဆိုစီဒက်စ်ခြေကကောင်းမွန်မှုရှိသလို အိမ်ကွင်းလည်းဖြစ်ပေမယ့် ဘာစီလိုနာပဲအနိုင်ရမယ်။

### မာလာဂါ - ဒီပို့တီဗို
**ညနေ ၆း၃၀ (၂၆-၁၁-၁၆)**

ဘာစီလိုနာကို သရေကစားနိုင်ခဲ့ပွဲမှာ မာလာဂါခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိခဲ့ပါတယ်။ အထူးသဖြင့် မာလာဂါဟာ အိမ်ကွင်းပွဲတွေမှာ ကစားပုံပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်း ခြောက်ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ကာ လေးပွဲတိတိ အနိုင်ရယူနိုင်ခဲ့ပါတယ်။ နောက်ဆုံး ငါးပွဲမှာလည်း တစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းတည်ငြိမ်နေပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းနိုင်ပွဲလုံးဝမရသေးတဲ့ ဒီပို့တီဗိုကိုမာလာဂါတို့ ထိန်းချုပ်ကစားနိုင်မှာပါ။ မာလာဂါပဲအနိုင်ရမယ်။

### အက်စ်ပန်ညို - လီဂါနက်စ်
**နံနက် ၀၀း၀၀ (၂၇-၁၁-၁၆)**

အက်စ်ပန်ညိုက ခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့် တိုက်စစ်ပိုင်းက အားနည်းမှုတွေနဲ့အတူ သရေပွဲတွေများနေပါတယ်။ အိမ်ကွင်းမှာတောင် နိုင်ပွဲလုံးဝရယူနိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့်လည်း လီဂါနက်စ်ကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် လီဂါနက်စ်ရဲ့တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေလုံးဝတည်ငြိမ်မှု မရှိပါဘူး။ ဒါကြောင့်လည်း အက်စ်ပန်ညောတို့အခွင့်အရေးရနိုင်ကာ အိမ်ကွင်းမှာအနိမ့်ဆုံးသရေလောက်ကစားနိုင်မယ်။

### ဗီလာရီးယဲလ် - အလာဗက်စ်
**ညနေ ၅း၃၀ (၂၇-၁၁-၁၆)**

ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ဗီလာရီးယဲလ်တို့ပွဲပန်းမှုတွေရှိလာ နိုင်ပါတယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်က အိမ်ကွင်းပွဲတွေမှာတော့ ကစားပုံသိသိသာသာကောင်းမွန်တတ်ပြီး အိမ်ကွင်း ခြောက်ပွဲမှာရှုံးပွဲမရှိတဲ့အပြင် ငါးပွဲတိတိအနိုင်ရယူနိုင်ခဲ့ပါတယ်။ ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုရှိတာကြောင့် ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ အလာဗက်စ်ကိုတော့ ထိန်းချုပ်ကစားနိုင်ခြေရှိနေပါတယ်။ အိမ်ကွင်းမှာဗီလာရီးယဲလ်က သာနိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

### ဆဲလ်တာဗီဂို - ဂရန်နာဒါ
**နံနက် ၀၀း၀၀ (၂၈-၁၁-၁၆)**

ဂရန်နာဒါခြေစွမ်းကအားနည်းမှုတွေများလွန်းနေပါတယ်။ လက်ရှိအချိန်အထိ အမှတ်ပေးဇယားအောက်ဆုံးမှာရှိနေကာ ခံစစ်ပိုင်းကလည်း တစ်ပွဲသုံးဂိုးနှုန်းနီးပါးပေးနေရပါတယ်။ ဆဲလ်တာဗီဂိုကတော့ ခြေစွမ်းသာမန်သာရှိတယ်ဆိုပေမယ့် နောက်ဆုံးပွဲစဉ်မှာ အီဘားကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ယူရိုပါလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် အိမ်ကွင်းလည်း ဖြစ်နေလို့ဆဲလ်တာဗီဂိုကသာနိုင်ပွဲရသွားနိုင်ပါတယ်။

### လက်စ်ပါးမက်စ် - ဘီဘာအို
**နံနက် ၂း၁၅ (၂၉-၁၁-၁၆)**

ဘီဘာအိုက ယူရိုပါလိဂ်ကြောင့် ပွဲပန်းမှုတွေရှိလာနိုင်ပေမယ့်လည်း လာလီဂါမှာ အမှတ်လိုအပ်နေတာကြောင့် နိုင်ပွဲရယူနိုင်ရေးအတွက် အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့်လည်း အဝေးကွင်းမှာ တိုက်စစ်ပိုင်းကအားနည်းတတ်ပြီး လက်စ်ပါးမက်စ်ကလည်း အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်ပါတယ်။ လက်ရှိအချိန်အထိ အိမ်ကွင်းအရှုံးမရှိသေးဘဲ ခံစစ်ပိုင်းကလည်းအိမ်ကွင်းမှာသိသိ သာသာအားကောင်းတတ်ပါတယ်။ ဒါကြောင့်ဘီဘာအိုတို့ရှုန်းကန်ရနိုင်ကာ ဒီပွဲမှာ သရေလောက်ပဲရနိုင်ပါတယ်။

## ဘာသာစကားအခက်အခဲကြောင့် ဂယ်ရီနဗီးလ်၏ ဗလင်စီယာနည်းပြ ဘဝကျဆုံးခဲ့

ဂယ်ရီနဗီးလ်၏ ဗလင်စီယာ နည်းပြဘဝ မအောင်မမြင်ဖြစ်ခဲ့ခြင်းမှာ ဆိုးရွားလွန်းသည့် အချိန်အခိုက်အတံ့တွင် ရောက်ရှိလာခြင်းအပြင် ဘာသာစကား အခက်အခဲကြောင့်ဖြစ်ကြောင်း မစ်ဒယ်ဘရော့ တိုက်စစ်မှူး နီဂရီဒို၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေ့ါကွန်းကဖော်ပြသည်။

နီဂရီဒိုက ဂယ်ရီနဗီးလ် ကိုင်တွယ်နေသည့် အချိန်တွင် ဗလင်စီယာအသင်း၌ ကစားနေခဲ့ခြင်းဖြစ်ပြီး ဂယ်ရီနဗီးလ်မှာ ကစားသမားများကိုကောင်းမွန်စွာ ဆက်ဆံတတ်သူဖြစ်သည့်အပြင် ရလဒ်ကောင်းရေး အင်တိုက်အားတိုက်ကြိုးစားလုပ်ဆောင်ခဲ့ကြောင်း နီဂရီဒိုက ပြောကြားခဲ့သည်။ ဂယ်ရီနဗီးလ်မှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ဗလင်စီယာအသင်းကို စတင် တာဝန်ယူခဲ့သော်လည်း ရလဒ်ဆိုးများကြောင့် မတ်လတွင် ထုတ်ပယ်ခံခဲ့ရသဖြင့် သူ၏ နည်းပြဘဝအစတွင်မအောင်မမြင်ဖြစ်ခဲ့ရသည်။

နီဂရီဒိုက “ သူရောက်လာတဲ့အချိန်ဟာ အသင်းမှာ အဆိုးရွားဆုံး အနေအထားဖြစ်နေချိန်ပါ။ ဝန်ထမ်းတွေနဲ့ အသင်းပရိသတ်တွေကြား မကျေနပ်မှုတွေ အမြင့်ဆုံးအခြေအနေကို ရောက်ရှိနေသလို ရလဒ်ပိုင်းဆွဲတင်ဖို့ ကြိုးစားနေတဲ့ နဗီးလ်အနေနဲ့ ဘာသာစကားက အခက်အခက်ဖြစ်ခဲ့တာပါ။ စကားပြန်ကသူ အင်္ဂလိပ်လို ပြောတာကို ကောင်းကောင်း ပြန်မပြောပေးနိုင်တာကြောင့်လည်း သူ့အတွက် ခက်ခဲခဲ့ပါတယ်” ဟု ရှင်းလင်းပြောကြားခဲ့သည်။ နီဂရီဒိုက မန်စီးတီးအသင်းတွင်လည်း ကစားခဲ့ဖူးပြီး ယခုနှစ်တွင် မစ်ဒယ်ဘရော့အသင်းသို့ ပြောင်းရွှေ့ကာ ပရီမီယာလိဂ် ကစားသမားဘဝကို ပြန်လည် စတင်ခဲ့ခြင်းဖြစ်သည်။ **မေလှဲ့သင်း**

## ပြုပြင်မွမ်းမံထားသော မန္တလေးအမျိုးသားကဇာတ်ရုံနှင့် ဂန္ထဝင်အနုပညာရှင် ရုပ်တုများကို လေ့လာနိုင်ပြီဖြစ်

**မန္တလေး နိုဝင်ဘာ ၂၃**

မန္တလေးအမျိုးသားကဇာတ်ရုံ ပြုပြင်မွမ်းမံထားခြင်းနှင့်အတူ ကဇာတ်ရုံရှေ့တွင် ခံ့ထည်စွာတည်ရှိနေသော မြန်မာအနုပညာစံပြပုဂ္ဂိုလ်တို့၏ ရုပ်တုများနှင့် သူတို့အကြောင်းကို လေ့လာနိုင်ပြီဖြစ်သည်။ အမျိုးသားကဇာတ်ရုံရှေ့တွင် မြန်မာ့ဆိုင်းလောကမှ ဂန္ထဝင်စကားတစ်ခွန်းဖြင့် ကြိုးစားခဲ့သူတစ်ဦး၏ ရုပ်တုရှိနေပေသည်။ ထိုသူသည်ကား စိန်ဗေဒါပင်ဖြစ်သည်။ စိန်ဗေဒါကို မြန်မာတစ်နိုင်ငံလုံး တောရောမြို့ပါ သိရှိပြီးဖြစ်သည်။ စိန်ဗေဒါကို သူ၏ဂန္ထဝင်စကားတစ်ခွန်းနှင့်တွဲ၍ မှတ်မိတတ်ကြပေသည်။ ထိုစကားမှာ ယနေ့စိန်ဗေဒါသည် မနေ့က စိန်ဗေဒါထက်သာရမည်ဆိုသောစကားပင်ဖြစ်သည်။

စိန်ဗေဒါကို ဆိုင်းပညာရှင်များ ယနေ့တိုင် ဦးထိပ်ထားပြီး တေးစာသားများဖြင့် သူ၏ပုံကိုရေးဖွဲ့ကာ တီးမှုတ်မှတ်တမ်းပြုထားကြသည်။ "နဖူးရေကျော့ကျော့ ခပ်မော့မော့မျက်နှာထားနဲ့ရယ်၊ အသားအရေမည်းပေမယ့် အသည်းကတော့ဖြူပါတယ်၊ စိန်ဗေဒါတီးတဲ့ သုံးရောင်သုံးရောင်ချယ်" ဆိုသောစာသားနှင့်အတူစိန်ဗေဒါပြုံးပြုံးကြီးနဲ့ ပါးရေတွန့်အောင်ရယ်တယ်ရယ်တယ်ဆိုသော စာသားတို့က စိန်ဗေဒါ၏ရုပ်သွင်ကို မြင်ယောင်စေပေသည်။ မြန်မာနိုင်ငံ၏ ဆိုကရေးတီးတွင် အတီးကိုယ်စားပြုသူမှာ စိန်ဗေဒါပင်ဖြစ်သည်။

စိန်ဗေဒါသည် နေမျိုးဗလကျော်သူဘွဲ့ရ ရွှာစားကြီးတစ်ဦးဖြစ်ပြီး အဘနေမျိုးဗလကျော်သူဘွဲ့ရ ဆီဆုံရွာစား ဆရာဖေနှင့် အမိနန်းတွင်းအပျိုတော် ဒေါ်မမလေးတို့က ၁၂၄၄ ခုနှစ် နတ်တော်လဆန်း ၁ ရက် သောကြာနေ့တွင်မွေးခဲ့သည်။ ငယ်မည်မောင်လေးဖြစ်ပြီး ဗေဒါသီချင်းအတီးကောင်းသဖြင့် ပြည်သူက စိန်ဗေဒါဟု အမည်ပေးခံရသည့် ပြည်သူပေးသောနာမည်နှင့် အနုပညာရှင်ပင်ဖြစ်သည်။ ရွှာစားကြီးစိန်ဗေဒါ၏ ကြေးသွန်းရုပ်တုကို မန္တလေးအမျိုးသားကဇာတ်ရုံရှေ့တွင် ခံ့ထည်စွာမြင်တွေ့နိုင်သည်။ ထိုရုပ်တုကို မန္တလေးမြို့ အနုပညာကျောင်း၊ ပန်းပုနည်းပြဦးကျော်ငြိမ်းနှင့် သားဦးဝင်းမောင်တို့က သွန်းလုပ်ခဲ့သည်။ ထိုရုပ်တုကို မူလက ပန်တျာကျောင်းဝင်းအတွင်းထားရှိခဲ့ပြီး ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် အမျိုးသားကဇာတ်ရုံရှေ့တွင် ပြောင်းရွှေ့ထားခဲ့သည်။

ယခုအခါ ပြုပြင်မွမ်းမံထားသည့်အတွက် လှပစွာတည်ရှိနေသော အမျိုးသားကဇာတ်ရုံနှင့်အတူ မြန်မာအနုပညာ အတီးကိုယ်စားပြု နာမည်ကျော်စိန်ဗေဒါကြီးအကြောင်းနှင့်တကွ အခြားဂန္ထဝင်အနုပညာရှင်ရုပ်တုများကို အလွယ်တကူ လေ့လာနိုင်ပြီဖြစ်ကြောင်းသိရသည်။

**စိုးရွှေ**

## ဟန်လင်း ပျူမြို့ဟောင်းသို့ ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား




**ဟန်လင်း နိုဝင်ဘာ ၂၃**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဟန်လင်း ပျူမြို့ဟောင်းသို့ လာရောက်လေ့လာသော ပြည်ပခရီးသွားများ ပိုမိုများပြားလာကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲမှ သိရသည်။

ဟန်လင်း ပျူမြို့ဟောင်းသို့ လာရောက်ကြသော ခရီးသွားစာရင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ပခရီးသွား ၂၇၆ ဦးနှင့် ပြည်တွင်းခရီးသွား ၃၅၄၀၉ ဦး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ပခရီးသွား ၃၀၁ ဦးနှင့် ပြည်တွင်းခရီးသွား ၄၀၈၂၁ ဦး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်တိုဘာအထိ ပြည်ပခရီးသွား ၇၇ ဦး၊ ပြည်တွင်းခရီးသွား ၂၆၂၂၃ ဦးနှင့် နိုဝင်ဘာ ၁ ရက်မှ ၁၇ ရက်အထိ ပြည်တွင်းခရီးသွား ၁၇၀၀ ကျော်၊ ပြည်ပခရီးသွား ၁၇ ဦးတို့ဖြစ်ကြောင်း သိရသည်။

ပြည်ပခရီးသွားနိုင်ငံများအနေဖြင့် အီတလီ၊ အမေရိကန်၊ ပြင်သစ်၊ ဆွစ်စလန်၊ ကနေဒါ၊ ရုရှား၊ ဩစတြေးလျ၊ ဟော်လန်၊ ကနေဒါ၊ ဘယ်လ်ဂျီယံ၊ တူရကီ၊ ဆီးရီးယား၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား စသည့်နိုင်ငံတို့မှ လာရောက်ကြသည်။

လာရောက်လေ့လာကြသော ပြည်ပခရီးသွားများသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ဟန်လင်းဌာနစုမှဖွင့်လှစ်ထားသော သုတေသနပြတိုက်နှင့် ရှေးဟောင်းသုတေဆိုင်ရာ တူးဖော်ပြီးစီးခဲ့သော ကုန်းအမှတ် (၂၆) ကုန်းအမှတ် (၁၇) ကုန်းအမှတ် (၉) ကုန်းအမှတ် (၂၂) သို့ လာရောက်လေ့လာကြကာ လာရောက်လေ့လာသော ကမ္ဘာလှည့်ခရီးသွား နိုင်ငံခြားသားများကို တစ်ဦးလျှင် မြန်မာငွေကျပ် ၅၀၀၀ ကောက်ခံပြီး ပြည်တွင်းခရီးသွားများကို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**စိုင်းလှူမင်း(မီဒီယာ)**

## ရှေးဘုရင်မင်းဆက်(၁၁)ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိ



**အင်းဝ နိုဝင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့၏ တောင်ဘက် ၂ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) တို့ဆုံရာတွင် တည်ရှိသော အင်းဝမြို့ဟောင်းဒေသသို့ ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"အင်းဝဒေသကို ယခုရက်ပိုင်း နိုင်ငံခြားသားတွေ လာရောက်လေ့လာတာ တော်တော်များတယ်။ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့ဘက်ကနေတစ်ဆင့် ကားကြီးတွေနဲ့ အဖွဲ့လိုက်လာကြတာများတယ်။ အိုးထုတ္တန်းဆိပ်ကမ်းကနေလည်း ဧရာဝတီမြစ်အလှကိုခံစားရင်း ဝင်ရောက်လာတာလည်းများတယ်။ ဒီရောက်တော့ မြင်းလှည်းတွေစီးပြီး လှည့်လည်လေ့လာကြကြောင်း၊ မယ်နုအုတ်ကျောင်း၊ နန်းမြင့်မျှော်စင်၊ ဗားကရာကျောင်း၊ လေးထပ်ကြီးဘုရား၊ လောကမာရ်အောင်စေတီတော်၊ ရတနာဆီမီးဘုရားစု၊ ဒေါ်ဂျမ်းဘုရားစုနှင့် အခြားရှေးဟောင်းအဆောက်အအုံများသို့ လှည့်လည်လေ့လာကြကြောင်း၊ ယခုလတွင် သိသိသာသာ လာရောက်လည်ပတ်မှုများပြားကြောင်း၊ ပြည်တွင်းပြည်ပခရီးသွားတွေရော၊ ကျောင်းသားလူငယ်တွေရော လာရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း"အပြင်စံရာကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

အင်းဝမြို့ကို သက္ကရာဇ် (၇၂၆) ခုနှစ်တွင် သတိုးမင်းဖျား စတင်တည်ထောင်ခဲ့ပြီး ရှေးဘုရင်မင်းဆက် (၃၁) ဆက် ထီးနန်းစိုးစံခဲ့ကြသည်။ ခေတ်အဆက်ဆက် (၈) ကြိမ်နန်းတည်ခဲ့ပြီး ရှေးဟောင်းသာသနိကအဆောက်အအုံများ၊ နန်းတော်ဆောင်၊ မြို့ရိုးနှင့် ပြသာဒ်တို့၏ ဗိသုကာတည်ဆောက်ပုံနှင့် အမွှမ်းပန်းလက်ရာများ တွေ့ရှိနိုင်သည်။ အင်းဝမြို့ဟောင်းတွင် နံရံဆေးရေးပန်းချီများရှိသော ဘုရား (၅)ဆူ၊ ရှေးဟောင်းကျောက်စာရှိသော ဘုရား (၇) ဆူနှင့် ကြေးခေါင်းလောင်းစာရှိသောဘုရား (၃) ဆူ၊ ရှေးဟောင်း အဆောက်အအုံ စုစုပေါင်း (၆၂၄) ခုရှိကြောင်း မှတ်တမ်းများအရသိရပြီး ပြည်တွင်းပြည်ပခရီးသွားများ လည်ပတ်မှုများပြားလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရေးမြို့နယ် ကလော့ချောင်းတောင် ကျေးရွာချင်းဆက် မြေနီလမ်းခင်းခြင်း ဆောင်ရွက်နေ

**ရေး နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ချောင်းတောင် ကျေးရွာချင်းဆက် မြေနီလမ်းအား နိုဝင်ဘာလတွင်စတင်ကာ နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သန်းပေါင်း ၅၀ ဒသမ ၂၈ သန်း အကုန်ကျခံကာ ရွှေစင်ဖြိုးကုမ္ပဏီက တာဝန်ယူခင်းကျင်းဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဓိကသွားလာနေကြသော ကလော့၊ ဟံဂံ၊ ကော့လှိုင်၊ စဥ့်ကူ၊ ခေါဇာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဆိုင်ကယ်၊ ကားများဖြင့် သွားလာသည့်အခါ ပြီးခဲ့သည့်မိုးတွင်းက လမ်းပျက်စီးသည့်အတွက် ယခုနှစ်တွင် မြေနီလမ်းကို စတင်အကောင်အထည်ဖော်နေကြောင်း သိရသည်။

အဆိုပါလမ်း၏အကျယ်မှာ ၁၈ ပေ၊ အရှည်မိုင် ၃ မိုင်ဖြစ်၍ ၃ ပေထု လမ်းဘေးရေမြောင်းနှစ်ဖက်ပါ မြေနီလမ်းဖြစ်ကာ တံတားသုံးစင်းပါရှိပြီး ယခင်က ရေး-ချောင်းတောင်-ကလော့-ခေါဇာမြို့သို့သွားလာနိုင်သည့်အပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သော ရန်ကုန်-ရေး-ထားဝယ် မြိတ်လမ်းသို့လည်း ဆက်သွယ်သွားလာနေသောလမ်းဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

## မြို့နယ်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဖွဲ့စည်းဆောင်ရွက်ရေး ဆွေးနွေးပွဲကျင်းပ

**ကနီ နိုဝင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် အလောင်းတော်ကဿပအမျိုးသားဥယျာဉ် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများတွင် ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်နိုင်ရေး၊ မြို့နယ်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ဒေါက်တာနော်မလေးသန့်က မြန်မာနိုင်ငံနှင့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ် သားငှက်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက မြို့နယ်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ရခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်နှင့် ထိစပ်လျက်ရှိသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များ မေးမြန်းခဲ့ပြီး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက ပြန်လည်ရှင်းလင်း ဆွေးနွေးပေးခဲ့သည်။

ယင်းနောက် ကနီမြို့နယ်တွင် မြို့နယ်အဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သန်းဌေးအောင်(ကနီ)**

## လူငယ်အသံ မိတ်ဆက်ခြင်းအခမ်းအနားပြုလုပ်

**မော်လမြိုင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် Unicef တို့ပူးပေါင်း၍ လူငယ်အသံ (U-Report) မိတ်ဆက်ခြင်းအခမ်းအနားကို သံလွင်ဥယျာဉ်ပန်းခြံအတွင်းရှိ မြက်ခင်းပြင်၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Mr.Arine Cecil Viallen က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက် လူငယ်များမေးမြန်းထားသည့် Facebook Account များမှ မေးခွန်း (၁၁) ခုအား မေးမြန်းရာ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်မှ ရှင်းလင်းပြောကြားကာ U-Report အဖွဲ့ဝင်လူငယ်များမှ U-Report အစီအစဉ်တွင် စာရင်းသွင်းပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ မွန်ပြည်နယ်အခြေစိုက် Unicef မှ Mr.Arine Cecil Viallen နှင့် စိတ်ပါဝင်စားသူ စုစုပေါင်းအင်အား ၂၀၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပေါင်မြို့နယ်အတွင်းရှိ တောင်သူများ ယခုနှစ်အတွင်း မိုးစပါးအထွက်နှုန်းလျော့နည်းမှုနှင့် ဈေးနှုန်းကျဆင်းမှုတို့ကြောင့် စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီပြန်မဆပ်နိုင်မည်ကို စိုးရိမ်နေ

**ပေါင် နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ယခုနှစ်အတွင်း မိုးစပါးများအထွက်နှုန်းလျော့နည်းမှုနှင့် စပါးဈေးကျဆင်းမှုများကြောင့် နိုင်ငံတော်မှချေးယူထားသော စိုက်ပျိုးစရိတ်ချေးငွေများအား အချိန်မီပြန်မဆပ်နိုင်မည်ကို စိုးရိမ်နေကြကြောင်း တောင်သူလယ်သမားများထံမှ သိရသည်။

"ဒီနှစ်က ရာသီဥတုကလည်းမမှန်ဘူး။ ဖျက်ပိုးကလည်းကျတယ်။ စပါးအထွက်နှုန်းလည်းကျတယ်။ ဈေးကလည်းမကောင်းဘူး။ အလုပ်သမားစရိတ်ကလည်း မြင့်လာတယ်။ ခုဈေးနဲ့စပါးကိုရောင်းပြန်ရင်လည်း ပွဲစားတွေက ဈေးနှိမ်ပြီးဝယ်ကြအုံးမယ်။ ဒီနှစ်လို စပါးဈေးကျတာလဲမကြုံဖူးဘူး။ စပါးဈေးက ဒီအတိုင်းပဲသွားမယ်ဆိုရင် ရေရှည်လှောင်ထားလို့လည်း မဖြစ်ဘူး။ စားဖို့ကရှိသေးတယ်။ လယ်အတွက် ကုန်ကျစရိတ်တွေကလည်းရှိသေးတယ်။ ဒီကြားထဲ ချေးငွေကလည်း ဆပ်ရတော့မယ်ဆိုတော့ ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး" ဟု တောင်သူတစ်ဦးဖြစ်သူ ဒေါ်စမ်းစမ်းခိုင်က ပြောသည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ် အနေဖြင့် လယ်သမားများ၏ အခက်အခဲအား စာနာသောအနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ပေးသွင်းရမည့်ရက်အား ဖြစ်နိုင်ပါက တစ်လဖြစ်စေ၊ နှစ်လဖြစ်စေ နောက်ဆုတ်ပေးစေလိုကြောင်း ဆောင်ရွက်ပေးမည်ဆိုပါက အချိန်မီပေးသွင်းနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

လယ် ၁၀ ဧကစိုက်ပျိုးရိတ်သိမ်းပါက ကုန်ကျစရိတ် ခြောက်သိန်းဝန်းကျင်ခန့်ကုန်ကျပြီး ယခင်နှစ်များတွင် ၁၀ ဧက စပါးတင်း ၆၀၀ ဝန်းကျင်ခန့်ထွက်ရှိပြီး ယခုနှစ်တွင် တင်း ၄၀၀ ခန့်သာထွက်ရှိသည်။စပါးဈေးအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ပေါင်မြို့နယ်အတွင်း စပါးဈေးနှုန်းမှာ ကောက်စောစပါးထွက်ချိန်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၇ သိန်းဝန်းကျင်၊ ဧည့်မထအုပ်စုဝင်စပါး တင်း ၁၀၀ လျှင် ကျပ် ခြောက်သိန်းဝန်းကျင်၊ မီးတုံးအုပ်စုဝင် စပါးတင်း ၁၀၀ လျှင် ကျပ် ခြောက်သိန်းငါးသောင်းဝန်းကျင်ဈေးပေါက်ခဲ့ရာမှ ၂၀၁၆ ခုနှစ်တွင် ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းငါးသောင်းဝန်းကျင်၊ ဧည့်မထအုပ်စုဝင်စပါးတင်း ၁၀၀ လျှင် ကျပ် သုံးသိန်းငါးသောင်းဝန်းကျင်၊ မီးတုံးအုပ်စုဝင်စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းဝန်းကျင်သာ ဈေးရှိကြောင်း သိရသည်။



ကျွန်မတို့က လယ်သမားတွေကို ချေးငွေထုတ်ချေးကတည်းက ဘယ်လနောက်ဆုံးပြန်ဆပ်ရမလဲဆိုတာကို ပြောပြပေးထားပါတယ်။ လယ်သမားအများကြီးကို လုပ်ပေးရတာဖြစ်တဲ့အတွက် သူတို့ကို သတ်မှတ်လမှာ အကျေပေးချေဖို့ တိုက်တွန်းမှ ဌာနကသတ်မှတ်တဲ့လမှာ အကုန်သွင်းနိုင်တာပါ။ ဒါတောင်တချို့က နောက်ကျတာတွေရှိပါတယ်။ တကယ်လို့ လယ်သမားတွေဘက်က တင်ပြလာမယ်ဆိုရင်တော့ တစ်ဆင့်ပြန်တင်ပြပြီး ဆောင်ရွက်ပေးသွားမှာပါ" ဟု ပေါင်မြို့နယ် လယ်ယာစိုက်ပျိုးရေးဘဏ် မန်နေဂျာဒေါ်ယုယုခိုင်က ပြောသည်။

လယ်ယာစိုက်ပျိုးဘဏ်အနေဖြင့် ယခုနှစ် မိုးစပါး စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာတွင် လယ်တစ်ဧကလျှင်ငွေကျပ် တစ်သိန်းခွဲနှုန်းဖြင့် တစ်ဦးလျှင် အများဆုံး ၁၀ ဧကထိ ထုတ်ချေးပေးခဲ့ရာ ပေါင်မြို့နယ်တွင် မိုးစပါးစိုက်ဧက ၁၂၆၉၇၄ ဧကရှိရာ လယ်သမားဦးရေ (၉၅၁၁) ဦးအတွက် စိုက်စရိတ်ချေးငွေကျပ်သိန်းပေါင်း (၁၁၇၀၂၈ ဒသမ ၅၀) ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်နေမှုအား ထိရောက်စွာ အရေးယူဆောင်ရွက်ပေးစေလို



**ဒလ နိုဝင်ဘာ ၂၃**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဗိုလ်ဥတ္တမလမ်းမကြီး မော်စက်ရပ်ကွက်နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာရပ်ကွက်လမ်းထောင့်ရှိ မြေကွက်လပ်အတွင်း၌ အနီးပတ်ဝန်းကျင်မှနေထိုင်ကြသော လမ်းသူလမ်းသားများသည် စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေမှုကြောင့် လမ်းမပေါ်တွင်ပျံ့နှံ့ပြီး အနံ့ဆိုးများ မကြာခဏထွက်၍ အဆိုပါလမ်းပေါ်တွင် ဖြတ်သန်းသွားလာနေကြသော ဒေသခံပြည်သူများနှင့် အနီးတွင်နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေးထိခိုက်စေနိုင်သောကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ထိရောက်စွာအရေးယူဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

အဆိုပါမော်စက်ရပ်ကွက်နှင့် ကျန်းမာရေးဝန်ထမ်းအိမ်ရာ ရပ်ကွက်များတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဌာနမှ အမှိုက်ပုံးများထားရှိ၍ ဆောင်ရွက်ပေးထားသော်လည်း အမှိုက်ပုံးများအတွင်းသို့ သွားရောက်မစွန့်ပစ်ကြဘဲ မြေလွတ်ပေါ်၌သာ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်နေမှုများကြောင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေမှုအား ပျက်စီးစေကြောင်း၊ မြေဆီလွှာများ ပျက်စီးစေကြောင်းနှင့် ကျန်းမာရေးဆိုးရွားစွာထိခိုက်စေနိုင်သောကြောင့် အမြန်ဆုံးဖယ်ရှားပေးစေလိုကြောင်း အနီးတွင်နေထိုင်သော ပြည်သူများကဆိုသည်။
**နိုင်လင်းကျော်(ပြန်/ဆက်)**

## ယခုနှစ်တွင် မုန်လာစိုက်ခင်း ပိုးအနည်းငယ်ကျသော်လည်း ပေါ်ဦးပေါ်ဖျားချိန်တွင် ဈေးကောင်းရ

**ပေါင် နိုဝင်ဘာ ၂၃**
မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာမှ ဒေသခံတောင်သူများအနေဖြင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရေးအတွက် ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် မုန်လာဥများကို နှစ်စဉ်စိုက်ပျိုးကြရာ ယခုနှစ်တွင်စိုက်ပျိုးထားသော မုန်လာဥများ ပိုးအနည်းငယ်ကျသော်လည်း ပေါ်ဦးပေါ်ဖျားချိန်၌ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

"ဒီပေါ်ဦးပေါ်ဖျားချိန်မှာ ဈေးတော့အနည်းငယ်ကောင်းနေပါတယ်။ ခရမ်းချဉ်သီး၊ ပန်းဖူးတို့ပေါ်လာရင် သူကဈေးပြုတ်ကျလာတယ်။ ဒီနှစ်က ရာသီဥတုကြောင့် မနှစ်ကထက်အပျက်အစီးများတယ်။ ကျွန်တော်တို့ဘက်မှာက ပိုးကျရင် ယိုးဒယားဘက်ကလာတဲ့ဆေးပဲ သုံးတာများတယ်။ နောက်ထပ်ထပ်စိုက်မယ့် အပင်တွေတောင် အများကြီးထပ်မစိုက်ရဲတော့ဘူး။ ဈေးကောင်းတော့ ရနေပါတယ်။ ပိုးကျမှာကြောက်တယ်" ဟု ကျုံကကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

ယင်းသို့ မုန်လာဥများစိုက်ပျိုးရာတွင် စိုက်ပျိုးချိန်မှ ခူးယူရောင်းချနိုင်ချိန်အထိ ၄၅ ရက်ခန့်ကြာကြောင်း၊ အပင်များအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး စနစ်တကျအသုံးပြုနိုင်မှုနှင့် အပူချိန်နှင့် ရောဂါကျရောက်မှုအပေါ် မူတည်၍ အထွက်နှုန်းကွာခြားကြောင်း သိရသည်။

၎င်းမုန်လာဥများကို အနီးပတ်ဝန်းကျင်ရွာများနှင့် မော်လမြိုင်ဈေးကြီးများသို့ တင်ပို့ရောင်းချကြောင်း၊ ယခင်နှစ်ကအရွယ်အစားပေါ် မူတည်၍ မုန်လာဥ(၄) လုံး/(၄)လုံးပါ တစ်စီးလျှင် ၂၅၀ ကျပ်ခန့်ရှိကာ ယခုနှစ်တွင် သီးနှံစပေါ်ချိန် မုန်လာဥ(၃)လုံး/(၄)လုံးပါ တစ်စီးလျှင် ၃၅၀ ကျပ်နှုန်းဖြင့် ရောင်းချနေရသောကြောင့် ယခုနှစ်တွင် မုန်လာဥစိုက်ခင်းများ ရာသီဥတုဒဏ်ကြောင့် ပိုးအနည်းငယ်ကျရောက်သော်လည်း ပေါ်ဦးပေါ်ဖျားချိန်တွင် ယခင်နှစ်ကထက် ဈေးကောင်းရနေကြောင်း တောင်သူများက ပြောသည်။
**မြို့နယ်(ပြန်/ဆက်)**

## အမရပူရမြို့တွင် မျိုးဆက်သစ် ခြင်းပညာရှင်အမျိုးသမီးငယ်များ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၃**
အမရပူရမြို့တွင် မြန်မာ့ရိုးရာအားကစားဖြစ်သော ခြင်းခတ်ကစားခြင်းကို မျိုးဆက်သစ်များ မွေးထုတ်သင်ကြားပေးပြီး ရိုးရာအားကစားကို မြှင့်တင်ပေးလျက်ရှိကြောင်း သိရသည်။



မျိုးဆက်သစ်အမျိုးသမီးများ ကျောင်းဆင်းသည်နှင့် နေ့စဉ်လေ့ကျင့်မှုများပြုသည်။ ခြင်းပညာရှင်ကလေးများကို ခြင်းပညာရှင်မပိုးပိုးက သင်ကြားပေးခြင်းဖြစ်သည်။ စနစ်တကျသင်ကြားပေးကာ နေ့စဉ်လေ့ကျင့်လေ့ရှိသည်။ ခြောက်လတာမျှ လေ့ကျင့်ချိန်တွင် အခြေခံခြင်းပညာများတတ်ကျွမ်းပြီး ကြိမ်ကွင်းနှင့်ခတ်ကစားခြင်း၊ ပုလင်းပေါ်တက်ကာ ခတ်ကစားခြင်း၊ ကြိုးခုံကာခတ်ကစားခြင်းများကို ကျွမ်းကျင်နေပြီဖြစ်သည်။ လက်ရှိကာလတွင် အမရပူရမြို့ ပန်းဘဲတန်းမှ ခြင်းမျိုးဆက်သစ်မပိုးဥ ဆဋ္ဌမတန်းကျောင်းသူကလေးတစ်ဦးကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ မကြာမီ ခြင်းပွဲများကို လိုက်လံခတ်ကစားနိုင်တော့မည်ဖြစ်သည်။ အခြားရပ်ကွက်များတွင်လည်း အမျိုးသမီးခြင်းပညာရှင်၊ အမျိုးသားခြင်းပညာရှင်မျိုးဆက်သစ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိသည်။

ကမ္ဘာတွင် မြန်မာ့အားကစားဟု ပြောဆိုနိုင်လောက်သည့် အားကစားမှာ မြန်မာ့ရိုးရာဝိုင်းခြင်းအားကစားပင်ဖြစ်သည်။ ခြင်းလုံးနှင့်ပတ်သက်၍ သမိုင်းသုတေသီများက အမျိုးမျိုးလေ့လာ တွေ့ရှိထားသည်။ ၁၂၀၈ ခုနှစ် ပုဂံမင်းလက်ထက်တွင် ကြိမ်ဖြင့်ရက်လုပ်သောခြင်းကို နန်းတွင်းလူပျိုတော်သားများအား ခတ်ကစားစေသည်ဟုလည်း ဆိုထားသည်။

၁၉၂၆-၁၉၂၇ ခုနှစ်တွင် ပြည်မြို့ဟောင်းကိုတူးဖော်ရာတွင် အချင်း ၁ ဒသမ ၇၅ ရှိသော ငွေခြင်းလုံးကလေးကို တွေ့ရှိခဲ့သည်ဟုလည်းဆိုသည်။ ထိုလက်ရာမှာ ပျူခေတ်လက်ရာဟု သတ်မှတ်ပြီး နှစ်ပေါင်း ၁၃၀၀ ခန့်ကြာသောလက်ရာဟု သိရသည်။ ဦးပေါ်ဦးလျှောက်ထုံးတွင် ဘုရင်ကြီးမှ ဘုန်းကြီးပျံပွဲကျင်းပရန် အမိန့်တော်ထားရာတွင် "ပြသာဒ်တလား ရထားသံလျင်၊ ပွဲသဘင်ကျင်းပ၍၊ စည်ကြီးခရာတူရိယာနှင့် ပတ်သာဒုံမင်း ခရသင်း၊ နှဲပြွေအထွေထွေ အတီးအမှုတ်အမျိုးမျိုး၊ ကြိုးတန်းလျှောက်ပွဲ၊ ခြင်းပွဲ၊ ကျွမ်းပွဲ၊ မီးပွဲအစရှိသည်တို့၌ မလစ်ဟင်းအောင်ပြု၍ သာဓုကိစ္စာသဘင်ဆင်ယင်ကျင်းပရမည်ဟုလည်း ဆိုထားကြောင်း သိရသည်။ **နွေနဒီ(မြစ်ငယ်)**

# Export Proceeds နှင့်ပတ်သက်၍ဆောင်ရွက်နေမှုအခြေအနေများ

မြို့တော်ထွန်းရည်

မြန်မာနိုင်ငံ၏ (Export Proceeds) နှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေကို သိရှိနိုင်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသော်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို တင်ပြလိုက်ပါသည်။



**ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ပြီးနောက် ပို့ကုန်ရငွေ (Export Proceeds) များ ပြည်တွင်းကို ပြန်လည်ဝင်ရောက်လာစေရန် ဗဟိုဘဏ်အနေဖြင့် ဆောင်ရွက်မှုအခြေအနေသိပါရစေ။**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာ ဌာနကြီး ခုနစ်ခုရှိသည့်အနက် နိုင်ငံခြား သုံးငွေစီမံခန့်ခွဲမှုဌာန၊ အထူးလေ့လာရေးဌာနစိတ်က ပို့ကုန်လုပ်ငန်းရှင်များရဲ့ (Export Proceeds) ဝင်ရောက်မှုကို စောင့်ကြည့်ပြီး မှတ်တမ်းတင်ပါတယ်။ (Export) ပြုလုပ်တဲ့အခါ (L/C) စနစ် နှင့် (TT) စနစ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ (L/C) စနစ်မှာ ပို့ကုန်တင်ပို့ပြီးကြောင်း အထောက်အထားများကို ဘဏ်ကစိစစ်ပြီးမှ ငွေပေးချေသောစနစ်ဖြစ်ပြီး (TT) စနစ်မှာ ကုန်ဝယ်သူက ပို့ကုန်အတွက် တစ်ကြိမ်တည်းဖြင့် ငွေလွှဲပေးတဲ့စနစ် ဖြစ်ပါတယ်။ လက်ရှိမှာ များသောအားဖြင့် (Advanced TT) စနစ်အသုံးပြုတာများပါတယ်။ Advanced Telegraphic Transfer (TT) စနစ်သည် ငွေကြိုတင်ဝင်ရောက်လာတာ ဖြစ်သည့်အတွက် ငွေမဝင်မှာကတော့ ဖြစ်နိုင်ခြေ နည်းပါတယ်။ ဒီတော့ ဗဟိုဘဏ်အနေနဲ့ (Customs)နဲ့ ပူးပေါင်းပြီး ပြည်ပကိုပို့တဲ့ (Exports) အားလုံးရဲ့တန်ဖိုးကို ရယူပါတယ်။ (Customs) ဌာနနဲ့ဘဏ်တွေအကြား စာရင်းများပေးပို့ရာမှာ (Software) အသုံးပြုပြီး ပူးပေါင်းဆောင်ရွက်တဲ့စနစ်ဖြစ်လို့ (Export) အားလုံးရဲ့ (Data) တွေက ဗဟိုဘဏ်ကိုရော၊ ဘဏ်တွေကိုရော ရောက်ပါတယ်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းအရ (A.D) ဘဏ်တွေရဲ့ တာဝန်ဝတ္တရားတွေမှာ (Export Proceeds) ဝင်-မဝင် စိစစ်ဖို့တာဝန်ရှိပါတယ်။ ၃၀-၉-၂၀၁၄ ရက်နေ့မှာ ပြဌာန်းခဲ့တဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ် ၃၅၊ ၃၆၊ ၃၇ နှင့် ၃၈ တို့အရ ပြည်ပသို့ ကုန်တင်ပို့ပြီးနောက် ပို့ကုန်ရငွေများကို သင်္ဘောတင်တဲ့နေ့မှ (၆)လအတွင်း ပို့ကုန်တင်ပို့သူများထံ ငွေများမှန်ကန်စွာ ပြည်လည်ဝင်ရောက်မှုရှိ၊ မရှိကို (A.D) လိုင်စင်ရဘဏ်များကစိစစ်၍ ပျက်ကွက်မှုရှိပါက ဗဟိုဘဏ်သို့တင်ပြရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဆိုပါ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုစည်းမျဉ်းပါ ပြဌာန်းချက်များနှင့်အညီဗဟိုဘဏ်၊ အကောက်ခွန်ဦးစီးဌာနနဲ့ (A.D) လိုင်စင်ရဘဏ်များအကြား (Export Proceeds) များ ဝင်ရောက်မှုကို Electronic Reporting System (ERS) နဲ့ ၁-၆-၂၀၁၆ ရက်နေ့က စတင်စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ (Customs) ဌာနရဲ့ (Data) အရ (A.D) ဘဏ်များက ပို့ကုန်ရငွေ ဝင်ရောက်မှုကို ဗဟိုဘဏ်သို့ (Daily Report) လုပ်ရပါတယ်။ ခြောက်လကျော်မှ ငွေမဝင်ရင် သက်ဆိုင်ရာကုမ္ပဏီကို သတိပေးခြင်း၊ ဥပဒေအရ အရေးယူဖို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနကို အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်က (A.D) လိုင်စင်ရဘဏ်တွေအားလုံး၏ပို့ကုန်ရငွေ ပြန်လည်ဝင်ရောက်မှုကို စောင့်ကြည့် မှတ်တမ်းတင်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ အကောက်ခွန်ဦးစီးဌာနက ပေးပို့လာတဲ့ (Customs) ၏ သင်္ဘောတင်လိုက်သော ပို့ကုန်တန်ဖိုးစာရင်းများကို အခြေခံ၍ ပို့ကုန်ဝင်ငွေ ပြန်လည်ဝင်ရောက်မှုရှိ၊ မရှိကို စိစစ်နေခြင်းဖြစ်ပါတယ်။ ပို့ကုန်ရငွေများ မဝင်ရောက်ပါက (Exporter) ကို အရေးယူဆောင်ရွက်နိုင်ပါတယ်။

**ပို့ကုန်ရငွေဟာ နိုင်ငံတော်အတွက် အရေးကြီးတဲ့အတွက် သတ်မှတ်ကာလအတွင်း ငွေဝင်ရောက်ဖို့ ဆောင်ရွက်သလို ပို့ကုန်ရငွေတိုးပွားရေးကို ဗဟိုဘဏ်အနေဖြင့် ဘာလုပ်နိုင်ပါသလဲ။**

(Export) နဲ့ပတ်သက်ပြီး (A.D) ဘဏ်တွေအနေနဲ့ ပို့ကုန်လုပ်ငန်းရှင်များအား (Trade Financing Facility) တွေကို ဆောင်ရွက်ပေးဖို့ ဗဟိုဘဏ်က ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တွေအတွက် (Trade Financing) ဆောင်ရွက်ရာမှာ (Pre- shipment Financing) နှင့် (Post- shipment Financing) ဆိုပြီး (၂) မျိုးရှိပါတယ်။ (Pre-shipment Financing) ဆိုတာကတော့ ပို့ကုန် တင်ပို့သူ (Exporter) က တင်ပို့သည့် ကုန်ပစ္စည်းများ သင်္ဘောမတင်မီမှာ အဆိုပါကုန်ပစ္စည်းအတွက် ပို့ကုန်ရငွေကို ဘဏ်က (Exporter) ထံ ကြိုတင်ပေးတာဖြစ်ပါတယ်။ (Post-shipment Financing) ဆိုတာကတော့ ပို့ကုန်ပစ္စည်းကို သင်္ဘောတင်ပြီးနောက် တစ်ဖက်နိုင်ငံသို့ မရောက်မီကြားကာလ၌ ဘဏ်က ပို့ကုန်တင်ပို့သူထံ ပို့ကုန်ရငွေကို (Post- shipment Financing) အဖြစ် ထုတ်ပေးလိုက်တာမျိုးဖြစ်ပါတယ်။ ပို့ကုန်တွေ တိုးမြှင့်ဖို့ကိစ္စရပ်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ကုန်သွယ်ရေးမူဝါဒအပိုင်းက တစ်ကဏ္ဍဖြစ်သလို (A.D)ဘဏ်တွေကလည်း (Exporter) အတွက် အရင်းတစ်ဆရှိရင် နှစ်ဆဖိုး လုပ်ကိုင်နိုင်အောင် (Trade Financing) အဖြစ် (Pre-shipment, Post-shipment Financing) များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီအတွက် (Exporter) က ၎င်းရဲ့ကုန်ပစ္စည်းများ သင်္ဘောမတင်ခင်နှင့် သင်္ဘောတင်ဆဲကာလမှာ ပို့ကုန်ရငွေကို ဘဏ်ကကြိုတင်ထုတ်ပေးတာဖြစ်ပါတယ်။ (A.D) ဘဏ်များအနေဖြင့် (Pre-shipment, Post-shipment Financing) များ ဆောင်ရွက်ပေးလျက်ရှိရာ လက်ရှိအချိန်မှာ ပုဂ္ဂလိကဘဏ် ကိုးဘဏ်ကသာ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**လက်ရှိပို့ကုန်ရငွေအခြေအနေတွေ သိနိုင်ပါသလား။**

၂၀၁၆ ဒီနှစ်ပိုင်းအတွက်ပြောရရင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလကနေ ဩဂုတ်လအထိ ပို့ကုန်တန်ဖိုး (USD 4.95 billion) ရှိပြီး (A.D) ဘဏ်များတွင် ပို့ကုန်ပြန်ဝင်ငွေမှာ (3.04 billion) ရှိတဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၆၁ ဒသမ ၄ ရာခိုင်နှုန်း ဝင်ရောက်မှုရှိနေပါတယ်။ ကျန်ပမာဏတွေကို သတ်မှတ်ကာလဖြစ်တဲ့ ပို့ကုန်တင်ပို့ပြီးနောက် ခြောက်လအတွင်း ပြန်လည်လွှဲပို့ခြင်း ရှိ၊ မရှိ စိစစ်နေပါတယ်။ ဒီအချက်အလက်တွေဟာ စီးပွား/ကူးသန်း၊ အကောက်ခွန်ဦးစီးဌာန၊ ဗဟိုဘဏ်တို့နဲ့ ဘဏ်များက ပူးပေါင်းဆောင်ရွက်မှုကနေ ရရှိတဲ့ (Data) များဖြစ်ပါတယ်။ (Export Proceeds) တွေ ပြန်ဝင်၊ မဝင်ကို ဗဟိုဘဏ်က အမြဲစောင့်ကြည့်စစ်ဆေးနေပါတယ်။ လက်ရှိ အခြေအနေအရ (Export Proceeds) တော်တော်များများ ဝင်ရောက်နေပါတယ်။ သို့သော် အကြောင်းကြောင်းကြောင့် (under invoice) ပြုလုပ်ခြင်း၊ အမှန်တကယ် (Export Transaction) ကို မပြဘဲ စင်ကာပူမှာရှိတဲ့ မိမိ ကုမ္ပဏီအချင်းချင်း (Export/ Import) ဆောင်ရွက်ကြခြင်းစတဲ့ အခြေအနေတွေ ရှိနိုင်ပါတယ်။ အဲဒါဆိုရင်တော့ (Export Proceeds) တွေ ပြန်ဝင်မလာတော့တဲ့ ပြဿနာမဟုတ်ဘဲ (Export Proceeds) ပမာဏအစစ်အမှန် ပြန်ဝင်မလာတဲ့ အခြေအနေမျိုးဖြစ်တတ်ပါတယ်။ အဲဒါကတော့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။

**(Exchange Rate) အတက်၊ အကျကရော ပို့ကုန်ရငွေနဲ့ ဆက်စပ်မှု သိပါရစေ။**

(Basic Principal) ဖြစ်တဲ့ နိုင်ငံခြားငွေဝယ်လိုအားနဲ့ နိုင်ငံခြားငွေရောင်းလိုအားက အဓိကကျပါတယ်။ ပို့ကုန်ရငွေရှိနေရင် ပို့ကုန်များများပို့ဆောင်နိုင်အောင် လုပ်နိုင်ရင်၊ ပို့ကုန်တန်ဖိုးငွေများ အပြည့်အဝ ပြန်ဝင်ရင် ဘာပဲဖြစ်ဖြစ် နိုင်ငံရဲ့နိုင်ငံခြားငွေ (Reserve) တိုးပွားလာပါတယ်။ ဘဏ်များရဲ့ (FE Position/ Nostro Balance) များနေရင် သွင်းကုန်အတွက် နိုင်ငံခြားငွေလိုအပ်တဲ့ အခက်အခဲများ (ဘဏ်က မရောင်းပေးတာတို့/ဈေးကြီးတာတို့ပေါ့) ကြီးကြီးမားမား မရှိနိုင်ပါဘူး။ ဒါကြောင့် ပို့ကုန်များဖို့/ (Trade Deficit) ကို လျှော့ချရန်မှာ စီးပွားရေးမူဝါဒရော ငွေကြေးမူဝါဒရော ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဝင်ရောက်လာပြီး နိုင်ငံခြားငွေအလုံးအရင်းနဲ့ လွှဲပို့လာစေရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်တဲ့ စီးပွားရေးပတ်ဝန်းကျင်ကောင်း တစ်ရပ်ဖန်တီးဖို့လည်း အရေးကြီးပါတယ်။

# လူတော်တွေနှင့် လူထုဒေါ်အမာ

## (သတင်းစာဆရာ စာရေးဆရာ လူထုဒေါ်အမာ ၁၀၁ နှစ်မြောက် အမှတ်တရ)

ဆူးငှက်

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်နေ့သည် စာရေးဆရာ သတင်းစာဆရာမကြီး လူထုဒေါ်အမာ ၁၀၁ နှစ်ပြည့်မြောက်သော မင်္ဂလာအခါသမယဖြစ်သည်။ ဤမင်္ဂလာအခါသမယတွင် လူထုဒေါ်အမာနှင့် ပတ်သက်သော အမှတ်တရ အချို့ကို ပြောပြချင်ပါသေးသည်။ လူထုဒေါ်အမာကို ကျွန်တော်တို့က ရှေ့မှ ဆရာများနည်းတူ ဒေါ်ဒေါ်ဟုပဲ စတင်ခေါ်ဆိုခဲ့ကြသည်။

ဒေါ်ဒေါ်လူထုဒေါ်အမာက မန္တလေးမြို့ပေါ်ရှိ သက်တော်ရှည်ဘာသာရေး အသင်းအဖွဲ့ကြီးများအပေါ် တော်တော်သံယောဇဉ်ကြီးသည်။ အထူးသဖြင့် သက္ကရာဇ် ၁၂၅၈ ခုနှစ်တွင် စတင်တည်ထောင်သော မလွန်ဆေးဆန်လှူအသင်းကြီးနှင့် သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော ပရိယတ္တိသာသနာ့ဟိတအသင်းကြီးတို့အပေါ် ဒေါ်ဒေါ်က သံယောဇဉ်ကြီးလှသည်။ ဒေါ်ဒေါ့်အဘိုးဦးဖြိုးအောင်က ပရိယတ္တိသာသနာ့ဟိတအသင်းကြီး ထူထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အသင်းကြီးများကလည်း အသင်းရေးရာကိစ္စများနှင့် ပတ်သက်လျှင် ဒေါ်ဒေါ့်ကို တိုင်ပင်သည်။ အသိပေးသည်။ တကယ်တော့ ထိုအသင်းကြီးများတွင် စေတနာ့ဝန်ထမ်း ပါဝင်ဆောင်ရွက်နေကြသော အသင်းလူကြီးများမှာ ဒေါ်ဒေါ့်ထက် ကြီးသူ၊ ဒေါ်ဒေါ်နှင့် ရွယ်တူများပဲဖြစ်သည်။ သို့သော် လူထုဒေါ်အမာဟူသော ကလောင်သိက္ခာ၊ လူထုဒေါ်အမာဟူသော ကိုယ်ကျင့်သီလသိက္ခာနှင့် စိတ်ဓာတ်များကြောင့် ယခုကဲ့သို့ နေရာပေး၍ တလေးတစား ဆက်ဆံကြခြင်းမှာ ယုံမှားဖွယ်မရှိချေ။

ကျွန်တော်တို့ ဒေါ်ဒေါ့် အရိပ်ခိုစဉ်တွင် ဒေါ်ဒေါ်က အသက် ၈၀ နီးပါးရှိပြီ။ ပုံနှိပ်တိုက်နှင့် စာအုပ်ဂိုဒေါင်အားလုံး မီးလောင်ပြာကျပြီး လုပ်ငန်းအားလုံး အသစ်ပြန်စချိန်လည်းဖြစ်၏။ ထို့ပြင် သားတွေအနားမှာ ရှိခွင့်မရသည့် မုဆိုးမအဖွားအိုလည်းဖြစ်သည်။ သို့သော် ဒေါ်ဒေါ့်မှာ စိတ်ပျက်အားလျော့သည့်အသွင် တစ်စက်မျှမရှိ။ ခေတ်နှင့် မျက်ခြည်မပြတ်ဘဲ အမြဲတက်ကြွနေသည်။ အသစ်ထွက် မဂ္ဂဇင်းအားလုံးနီးပါး သေချာဖတ်သည်။ အထူးသဖြင့် ကျွန်တော်တို့ တစ်တွေရဲ့ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတွေကို ဖတ်ဖြစ်အောင်ဖတ်သည်။ ပြီးလျှင် သဘောကျပါက ချက်ချင်းမဆိုင်းမတွ ချီးကျူးသည်။ အဆင်မပြေတာ တွေ့လျှင်လည်း ညက်ညောညင်သာစွာဖြင့် “ဒီလိုလေးဆိုရင် ပိုမကောင်းဘူးလားကွယ်” ဟု ထောက်ပြလေ့ရှိ၏။ ဒေါ်ဒေါ်က ကျွန်တော်တို့တစ်တွေနှင့် စာအကြောင်း ပေအကြောင်း ပြောတာ။ ပစ္စက္ခနိုင်ငံရေးရာကိစ္စ ပြောဆိုတာမျိုး မအားသည့်အချိန်အတွင်း မဖြစ်မနေပြုလုပ်သည်။ ကျွန်တော်တို့က စက်ဘီးတစ်စီးနှင့် ရွာရိုးကိုးပေါက်ရောက်နေပေမယ့် အချို့သတင်းများကို ဒေါ်ဒေါ်က ဦးစွာ သိနှင့်နေသည်။ နံနက်အရုဏ်တက် ၄ နာရီခွဲသည်နှင့် ဒေါ်ဒေါ်က သမီးများနှင့် မြေးများ(သို့မဟုတ်) တူ၊ တူမများနှင့် တောင်ဘက်ကျုံးဘေး ပလက်ဖောင်းအတိုင်း အရှေ့သို့ လျှောက်၏။ မင်္ဂလာတံတားပေါ်မှာ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည်။ အရှေ့ကျုံးထောင့်မှာ မေတ္တာပို့သည်။ လမ်းလျှောက်ခြင်းအလုပ်ကို ဒေါ်ဒေါ်က ဝတ်မပျက်ပြုမူ၏။ အသက် ၄၀ ကျော်ကတည်းက မှတ်သားရသည်။

လမ်းလျှောက်ပြန်လာတော့ ထိုစဉ်က ၇၉ လမ်း၊ တစ်လျှောက်ခင်းကျင်းရောင်းချသော တရုတ်တန်း ဈေးမှာ ဒေါ်ဒေါ်က ဈေးဝင်ဝယ်သည်။ ဒေါ်ဒေါ့် အိမ်မှာ အိုးစားကမသေး။ နိစ္စဓူဝမီးဖိုချောင် ကိစ္စအတွက် ဝယ်စရာခြမ်းစရာတွေကို တရုတ်တန်းဈေးမှာ ဝယ်သည်။ ပြီးတော့ ဒေါ်ဒေါ့်အိမ်မှာ အနယ်နယ် အရပ်ရပ်က အလုပ်အပ်သူတွေ အလုပ်ရှေ့သူတွေ ဥဒဟိုဝင် ထွက်သည်။ ဒေါ်ဒေါ်နှင့်ကြုံလျှင် ရပ်ရေးရွာရေး၊ လုပ်ရေးကိုင်ရေး၊ ဒေသအခြေအနေစသည်ဖြင့် စကားလက်ဆုံကျလေ့ရှိသည်။ ပြီးတော့ သတင်းစာတိုက်အလုပ်



သတင်းစာဆရာအလုပ်တွေ နှစ်ရှည်ကြာစွာ ထဲထဲဝင်ဝင်လုပ်ကိုင်ခဲ့တာမို့ မိုးလင်းတာနှင့် ရေဒီယိုလေးကိုင် ညနေစောင်းတာနှင့် ရေဒီယိုလေးကိုင် ရေဒီယိုနဲ့ပဲ အိပ်ရာဝင်လေ့ရှိသည်။

မနက် ၄ နာရီခွဲသည်မှာ လမ်းလျှောက်ရင်း လူတွေနှင့်တွေ့၊ တရုတ်တန်းဈေးမှာ လူတွေနှင့်တွေ့၊ တိုက်မှာ မြို့ပေါ်က နယ်ကလူတွေနှင့်တွေ့၊ လေလှိုင်းကတစ်ဆင့် ဝါရင့်သတင်းစာဆရာမကြီးအဖို့ သတင်းတွေချည်းဖြစ်တော့သည်။ ထို့ကြောင့် အသက် ၇၀ ကျော် ၈၀ ပတ်ဝန်းကျင် (ထိုစဉ်က) အဘွားအိုသည် မြန်မာ့ရေးရာနိုင်ငံတကာရေးရာတွေမှာ ဒေါင်းဒေါင်းပြေး ရှေ့ရောက်နေသည်။ ငယ်စဉ်ကတည်းက ဝန်းကျင်ဆိုင်ရာ နီးစပ်မှုနှင့် ဖတ်ရှုလေ့လာသင်ကြားခဲ့သည်များကလည်း အကျိုးအကြောင်း ဆင်ခြင်နိုင်သော ‘ဝိဇ္ဇာနည်းကျတွေးခေါ်မှု’ ဆိုတော့ အတွေးရှင်းသည်။ အသုံးအသပ်ရှင်းသည်။ အရေးအသားရှင်းသည်။ ပြီးတော့ မှန်သည်။

ထိုစဉ်ထိုကာလ မဂ္ဂဇင်းတွေမှာ ဒေါ်ဒေါ်နှင့်လည်း ရင်းနှီးသော ကျွန်တော်တို့ကလည်း လေးစားတန်ဖိုးထားသော ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အတွေ့အကြုံနှင့် သူ့ဆွေမျိုးဆက် မှတ်တမ်းမှတ်ရာဆိုင်ရာ ဆောင်းပါးတွေ ဆက်တိုက်ပါရှိသည်။ အကြောင်းအရာအားလုံး ကောင်းသည်။ အရေးအသား အတင်အပြ ရဲရင့်သည်။ ကျွန်တော်တို့ ကြိုက်နှစ်သက်သည်။ သို့သော် တစ်ခါတစ်ရံ အရေးအသားတွေက တစ်မျိုးတစ်မည်ဖြစ်နေ၏။ ထိုစဉ်က ဝါဒဖြန့် ဆိုင်းဘုတ်နီကြီးတွေမှာ၊ မနက်မိုးလင်း မိုးချုပ် ရေဒီယိုမှာ၊ တီဗီမှာ စီဒီ၊ ဗီစီဒီ၊ ခေတ်ပြားအဖွင့်တွေမှာ၊ တရားဝင်ထုတ်ဝေသော စာအုပ်၊ စာစောင်များ၏ ပထမစာမျက်နှာများအထိ နားမဆံ့အောင် ကြားနေရသည့် မြင်နေရသည့် ဝါဒဖြန့် မျိုးချစ်အယူအဆမျိုး ကျွန်တော်တို့လေးစားသော ပုဂ္ဂိုလ်ကြီး၏ ဆောင်းပါးတွေမှာ ပါပါလာတတ်၏။ ထိုအကြောင်းအရာကို ဒေါ်ဒေါ်က “နတ်သုဒ္ဓါဖြစ်ပါစေကွယ်. . အဲထဲမှာ မစင်တစ်စက် ပါလိုက်တာနဲ့ ပစ်လိုက်ရတာပါပဲ” ဟု တစ်ချက်တည်း သုံးသပ်ပြသွားသည်။ ဒေါ်ဒေါ်က ဆက်၍ “စာဖတ်ပရိသတ်က သိပ်အကင်းပါးတယ်နော်၊ ဘယ်ဟာ နတ်သုဒ္ဓါ ဘယ်ဟာ မစင်ဆိုတာ ချက်ခနဲသိကြတယ်။ နတ်သုဒ္ဓါထဲ မစင်တစ်စက် တောင်မပါစေနဲ့၊ သတိထားကြ” ဟု ဆိုတော့ ကျွန်တော်တို့ တုန်လှုပ်သွားသည်။ စာတစ်ပုဒ်သာမက စာတစ်ကြောင်းကပင်လျှင် စာလုံးတစ်လုံးကပင်လျှင် အရေးကြီးတာ ဝန်ကြီးလှပုံကို သတိပြုမိတော့သည်။

မှတ်မိပါသေးသည်။ တစ်ညနေခင်းပေါ့ . . . ကျွန်တော်တို့ ထိုင်နေသောနေရာသို့ သတင်းစာတစ်စောင်ကိုကိုင်ရင်း ဒေါ်ဒေါ်လာသည်။ ထို့နောက် နိုင်ငံခြား သတင်းတစ်ပုဒ်ကို ပြသည်။ ‘စင်္ကာပူနိုင်ငံတွင် သက်ကျားအိုများ အရေအတွက် တိုးပွားလာ’ ဟူသော ခေါင်းစီးတတ်ထားသည့် သတင်းဖြစ်သည်။ “တို့မြန်မာမှာ စကားလုံးအသုံးအနှုန်းတွေ သူ့နေရာနဲ့သူ အံဝင်ခွင်ကျအများကြီးရှိတယ်ကွဲ့။ ‘သက်ကျားအို’ ဆိုတဲ့ အသုံးအနှုန်းက မသုံးသင့်ဘူး။ နှိမ့်ချ ခေါ်ဝေါ်တာမျိုးဖြစ်နေတယ်။ ‘သက်ကြီးရွယ်အို’ ‘သက်ကြီးဝါကြီး’ လို့ပဲ သုံးနှုန်းသင့်တယ်။ သတင်းစာလိုမျိုးက ပိုပြီးမသုံးသင့်ဘူး” ဟု ဒေါ်ဒေါ်က ပြောပြသည်။ ကျွန်တော် ထိုမျှလောက် သတိပြုရကောင်းမှန်းမသိ။ ဒေါ်ဒေါ်က ယောကျ်ားလေးနှင့် မိန်းကလေး၊ ညီမဟု သုံးနှုန်းပြောဆိုမှုကို မှားယွင်းကြောင်း မကြာခဏထောက်ပြသည်။ မောင်နှင့်နှမဖြစ်သည်။ မောင်နှင့် ညီမမဟုတ်။ မိန်းကလေးချင်းသာ ညီမဟု သုံးနှုန်းရကြောင်း မကြာခဏပြောဆိုရေးသားသည်။ “တို့မြန်မာစကားမှာ ဆွေမျိုးစပ်ရာကအစ အဖေ့ဘက်၊ အမေ့ဘက်ကအထိ ခွဲခြားသိသာတဲ့ အသုံးအနှုန်းတွေ အပြည့်အစုံရှိတယ်” ဟု ဆိုသည်။ ပြီးတော့ ဒေါ်ဒေါ်က “ပုံ့ပိုး”ဟူသော ပြောဆိုရေးသားမှုမျိုး လုံးဝမကြိုက်။ “ပံ့ပိုး” အသုံးအနှုန်းက မကောင်းသည့်ဘက် အသုံးအနှုန်းသာဖြစ်ကြောင်း ဒေါ်ဒေါ်က ပြောသည်။ ‘ကူညီ’၊ ‘ဝိုင်းဝန်း’၊ ‘ဖေးမ’၊ ‘ပူးပေါင်း’၊ ‘တွဲဖက်’၊ ‘ပါဝင်’၊ ‘ဝန်းရံ’၊ ‘လက်တွဲ’ စသည်ဖြင့် စကားလုံးတွေ အများကြီးရှိသည်။ ဤသို့ရှိပါလျက် မကောင်းသည့်ကိစ္စနှင့်သာသုံးစွဲသည့် စကားလုံးကိုမှ မြိန်ရေရှက်ရေ ပြောဆိုရေးသားတာမျိုး ဒေါ်ဒေါ်က မကြိုက်။ ဆန့်ကျင်သည်။

တစ်ခါတစ်ရံ ကျွန်တော်တို့က ‘မဟာမြတ်မုနိ’ ဟု ပြောဆိုရေးသားလျှင် ဒေါ်ဒေါ်က ချက်ချင်းပြင်ပေးသည်။ “မဟာမုနိဆိုမှ ဘွဲ့တော်က အမှန်ဖြစ်တာကွဲ့။ မန္တလေးသားဖြစ်ပြီး ဒါမျိုးကမမှားသင့်ဘူး” ဟု ဆုံးမသည်။

ဒေါ်ဒေါ်သည် လူသားတစ်ဦးဖြစ်ပါ၏။ လူသားတစ်ဦးနှင့် လိုက်လျော်ညီစွာ လူသားပီပီ စိတ်ဆိုး၊ စိတ်ခု၊ စိတ်အခန့်မသင့်ခြင်းများ ရှိပါလိမ့်မည်။ သို့သော် ကျွန်တော် ဒေါ်ဒေါ်နှင့် သိရှိနာယူရသည့် နှစ်ကာလများစွာလည်း ဒေါ်ဒေါ့်မှာ သိသိသာသာ စိတ်ဆိုး၊ စိတ်ခု၊ စိတ်အခန့်မသင့်ဖြစ်မှုများ မမြင်ခဲ့ရဖူးပါ။ လောကဓံ၏ ဆိုးရွားစွာ ရိုက်ပုတ်မှုကြောင့် စိတ်နွမ်းကိုယ်ကျေ အဆင်မပြေခြင်း အမူအရာပဲ မသိမသာ တွေ့ရပါ၏။ မိခင်တစ်ယောက် ‘သောက’ တည်းဟူသော ဧရာမ အပူမီးကိုပင် အပြုံးဖြင့် အနိုင်ယူနိုင်ခဲ့သူဖြစ်သည်။

ကျွန်တော် လူထုကြီးပွားရေးစာအုပ်တိုက်၏ စာပြင်၊ စာတည်း စားပွဲမှာ ထိုင်ရစဉ်ကာလ။ အဲဒီအချိန် အဖိုးတန်ဆုံးအခွင့်အရေးတစ်ခုက ညနေစောင်းဆိုလျှင် ဒေါ်ဒေါ်(လူထုဒေါ်အမာ)နဲ့ စကားပြောခွင့်ရခြင်းဖြစ်သည်။ ဒေါ်ဒေါ်က ညနေစောင်း ရေမိုးချိုးပြီး နံ့သာဖြူကရမက်တွေလိမ်းကျံကာ စမုံစပါးစေ့လေးတွေဝါးရင်း ‘ဘာထူးသေးသလဲကွဲ့’ ဟူသော နိဒါန်းစကားနှင့် လမ်းဖွင့်ကာ ရောက်တတ်ရာရာတွေ ပြောဖြစ်သည်။ ရောက်တတ်ရာရာဆိုသော်ငြား ကမ္ဘာကျော် သတင်းစာဆရာ၊ စာရေးဆရာမကြီးမို့ စကားလုံးတိုင်းက အဖိုးအနဂ္ဃ ထိုက်တန်သည်ချည်းဖြစ်၏။ ထိုအချိန် လတ်တလောဖြစ်ပျက်နေသော သတင်းများကိုပြောရင်း ဒေါ်ဒေါ်က လူ့လောကမှာ မရှိတော့သည့်သူတွေအကြောင်းကို သတိတရပြောသည်။ သူတို့ကို ဒေါ်ဒေါ်က လွမ်းဆွတ်နေသည်။ သူတို့ကို ‘လူတော်တွေ’ ဟု အမြဲချီးမွမ်းသည်။ ဒေါ်ဒေါ်ပြောသော “လူတော်တွေ” ဟူသော သူများတွင် ကိုအောင်ဆန်းပါသည်။ ကိုဘဟိန်းအကြောင်းပါသည်။ ကိုရာရှစ်ပါသည်။ ဆရာကြီးဦးရာဇတ်ပါသည်။ ပြီးတော့မှတ်မှတ်ရရ ကိုသန်းထွန်း (သခင်သန်းထွန်း) အကြောင်းပါသည်။

ဒေါ်ဒေါ်က ကိုဘဟိန်းအကြောင်းဆိုလျှင် လွမ်းလွမ်းဆွတ်ဆွတ် နှမြောတသ ပြောလေ့ရှိသည်။ တစ်ရပ်ကွက်ချင်းသားလည်းဖြစ်သည့်အပြင် ကိုဘဟိန်း မိဘများဖြစ်သော ဦးမှင်နှင့် ဒေါ်ဦးတို့ကလည်း ဒေါ်ဒေါ်တို့မိဘဖြစ်သော ဦးထင်၊ ဒေါ်စုတို့နှင့် ရင်းနှီးခင်မင်ရင်းစွဲရှိခဲ့ကြသည်။ ကိုဘဟိန်းနဲ့ ပတ်သက်ပြီး ဒေါ်ဒေါ်က ပြောလေ့ရှိရာမှာ လူပုံက နွဲ့နွဲ့လျလျနဲ့ စိတ်ဓာတ်မှာ အင်မတန်ခိုင်မာပြီး ယုံကြည်ချက်ပြင်းထန်လွန်းတာကို တခုတ်တရ ပြောလေ့ရှိသည်။

သခင်သန်းထွန်း ခေါ် ကိုသန်းထွန်းအကြောင်းလည်း ဒေါ်ဒေါ်က မကြာမကြာ ပြောတတ်သည်။

“လူတော်ကွ။ တစ်လျှောက်လုံး သူ့ယုံကြည်ချက်ကို အတိမ်းအစောင်းမခံဘဲ သူ့အလုပ်သူလုပ်သွားတဲ့သူ၊ ကိုလှနဲ့လည်း ရင်းနှီးတယ်။ တစ်သက်လုံး နိုင်ငံရေးအတွက်ပဲ လုပ်ကိုင်ခဲ့ပြီး သက်သက်သာသာ မနေခဲ့ရရှာပါဘူးကွယ်” ဟု ပြောလေ့ရှိသည်။ ကိုသန်းထွန်းနှင့် ပတ်သက်၍ ဒေါ်ဒေါ်ပြောသော “လူတော်ကွ တစ်လျှောက်လုံး သူ့ယုံကြည်ချက်ကို အတိမ်းအစောင်းမခံဘဲ သူ့အလုပ်သူလုပ်သွားတဲ့သူ” ဆိုသောစကားကို ဒေါ်ဒေါ် မကြာမကြာပြောလေ့ရှိသောကြောင့် မှတ်မိနေသည်။ သခင်သန်းထွန်းက ဒေါ်ဒေါ်၏ “သက်တံရောင်” ဟူသောစာအုပ်မှာလည်း အမှာစာတစ်ပုဒ်ကို စိတ်ပါလက်ပါ ရေးပေးခဲ့ဖူးသည်။ လူထုဂျာနယ်မှာလည်း ဆောင်းပါးတွေ ရေးခဲ့ဖူးသည်။ ဒေါ်ဒေါ်က လူတော်တွေအကြောင်းပြောတိုင်း ကျွန်တော်က စိတ်ထဲမှာ ဒေါ်ဒေါ်တို့မိတ်ဆွေ ကိုသန်းထွန်းနဲ့ပတ်သက်ပြီး မိသားစုအနာတရကိစ္စတစ်ခုကြောင့် စိတ်အနာကြီးနာကာ အခဲမကျေဖြစ်လေမလားဆိုတဲ့ သာမန်လူပြိန်းစိတ်မျိုးဝင်တတ်သည်။ သို့သော် ဒေါ်ဒေါ်က ကိုသန်းထွန်း လူတော်ဆိုသောအပြောကို တစ်ပြားသားမျှမလျှော့ခဲ့။ ယုံကြည်ချက်၊ ဝါဒလမ်းစဉ်နဲ့ တိုင်းပြည်အကျိုးရှေးရှုပြီး လူပုဂ္ဂိုလ်နဲ့ လုပ်နည်းလုပ်ဟန်အပေါ် ခွဲခွဲခြားခြားထားရှိသည်။

ထိုအကြောင်းအရာတွေ ပြောပြီးတိုင်း ဒေါ်ဒေါ် နိဂုံးချုပ်ခဲ့သည့် စကားတစ်ခွန်းကို မမေ့နိုင်ဘဲ သတိရနေမိသည်။ “ဩော်. . . ငါတို့တိုင်းပြည် ကံကြမ္မာကလည်း လူတော်တွေအတွက် တယ်ပြီး မျက်နှာသာမပေးလှဘူး။ လွတ်လပ်ရေးကြိုးပမ်းရေး ကာလမှာရော၊ လွတ်လပ်ပြီးကာလမှာရော တိုင်းပြည်အတွက် အသက်စတေးကြရတဲ့ လူတော်တွေ အများကြီးပါကလား။ လူတော်တွေ ဒီလောက်စတေးခဲ့ကြပေမယ့် စတေးရသလောက်လည်း ထိုက်တန်လောက်တဲ့ အကျိုးမရှိတာက ပိုပြီးစိတ်မကောင်းစရာပဲကွဲ့” တဲ့။

ထိုစကားကို ဒေါ်ဒေါ်က ငေးရီစွာဖြင့် သက်ပြင်းတချချနှင့် ပြောလေ့ရှိသည်။

ဒေါက်တာအောင်ဇော်မိုး(ခ)ဆရာဇော်မိုး
ဦးစီးသော

# အောင်အကယ်ဒမီ

## ကိုယ်ပိုင်အထက်တန်းကျောင်း

နေ့တက်နှင့်
အဆင့်မြင့်ဘော်ဒါ

ပဋ္ဌမတန်းမှတက္ကသိုလ်ဝင်တန်းအထိ

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ
## ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ

၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်တွင်
ဘာသာစုံဂုဏ်ထူးရှင်(၉) ဦးအပါအဝင်၊ ဂုဏ်ထူးရှင်များစွာရရှိပြီး၊
ရန်ကုန်တိုင်းဒေသကြီး အောင်ချက်အကောင်းဆုံး
**Top Ten** စာရင်းဝင်ကျောင်းအဖြစ် (၃)နှစ်တိုင်တိုင် ရရှိအောင်
သင်ကြားပေးခဲ့ကြသော ဆရာကြီး၊ဆရာမကြီးများအား ဂုဏ်ပြုပွဲနှင့်
ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို
၂၂-၁-၂၀၁၇ (တနင်္ဂနွေနေ့)၊ ညနေ (၄း၀၀) နာရီအချိန်၊
**Sedona Hotel, Grand Ballroom** တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍
အောင်အကယ်ဒမီ ဆရာ၊ဆရာမများ၊ ဂုဏ်ထူးရကျောင်းသား၊
ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြပါရန်
လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

- ရန်ကုန်တိုင်းဒေသကြီးရှိ အထက်တန်းကျောင်းများတွင် ၂၀၁၃၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်တိုင်တိုင် အောင်ချက်အကောင်းဆုံး **Top Ten** စာရင်းဝင်ကျောင်း
- ရန်ကုန်တိုင်းဒေသကြီးရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် ၂၀၁၅ ခုနှစ်၊ ၂၀၁၆ ခုနှစ် ဘာသာစုံဂုဏ်ထူးရှင်အများဆုံး ထွက်ရှိသောကျောင်း

**(၆)ဘာသာဂုဏ်ထူးရှင် - ၉ ဦး**
**(၅)ဘာသာဂုဏ်ထူးရှင် - ၅ ဦး**
**(၄)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး**
**(၃)ဘာသာဂုဏ်ထူးရှင် - ၁၅ ဦး**
**(၂)ဘာသာဂုဏ်ထူးရှင် - ၁၉ ဦး**
**(၁)ဘာသာဂုဏ်ထူးရှင် - ၂၄ ဦး**



**မောင်ဘုန်းပြည့်ကျော်**
ဆရက-၄၅၆ (ပဲခူးမြို့)



**မောင်မျိုးမင်းသိန်း**
ဆရက-၅၈၂ (ဗန်းမော်မြို့)



**မမြတ်သီရိကျော်**
ဆရက-၄၆၂ (ရန်ကုန်မြို့)



**မဖြူမွန်ကြည်**
ဆရက-၄၆၄ (ရန်ကုန်မြို့)



**မကေခိုင်ကြွယ်**
ဆရက-၄၆၅ (တောင်ကြီးမြို့)



**မပြည့်ကြည်သာချော**
ဆရက-၄၇၄ (ရန်ကုန်မြို့)



**မခြူးပွင့်ခြယ်**
ဆရက-၄၇၅ (ရန်ကုန်မြို့)



**မမြတ်သီရိနွယ်**
ဆရက-၅၃၉ (ရန်ကုန်မြို့)



**မစိုးစန္ဒာသော်**
ဆရက-၅၇၇ (ရန်ကုန်မြို့)

အောင်အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း - ခြံအမှတ် (၉၉)၊ အောင်ဇေယျလမ်းမ၊ (ဘောက်ထော်-ကျောက်ကုန်း၊ မီးရထားသံလမ်းအနီး) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၅၇၀၆၄၉၊ ၀၁-၅၇၈၅၅၆

အောင်အကယ်ဒမီ
ကိုယ်ပိုင်အထက်တန်းကျောင်း
(ကျောင်းခွဲ)

# အောင်သစ္စာ ၈

## ကိုယ်ပိုင်အထက်တန်းကျောင်း

## သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်း အထိ

အမှတ်(၇၄/၇၆)၊ မန္တလေးလမ်း၊ ကန်/အရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၀၉၄၆၊ ၀၉၇၃၂၄၃၃၃၀


MPT
ရွှေသို့လှမ်းချီမြန်မာပြည်
၂မိနစ်ပြောတိုင်း
၂မိနစ်အလကား
၂မိနစ်ပြော
၂မိနစ်အလကား
၂မိနစ်ပြော
၂မိနစ်အလကား
၂မိနစ်ပြော
၂မိနစ်အလကား
ဤအစီအစဉ်ကို * 2 2 2 2 # သို့ ခေါ်ဆိုပြီး အခမဲ့ ရယူနိုင်ပါသည်။
• "ဆွေသဟာ" အစီအစဉ်ရယူထားသော MPT ဖုန်းအသုံးပြုသူများအားလုံး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅) ရက်အထိ ရယူအသုံးပြုနိုင်ပါသည်။
• ဤအစီအစဉ်သည် MPT ဖုန်းများသို့ ဖုန်းတစ်ကြိမ်ခေါ်ဆိုတိုင်း ဆက်တိုက်ပြောဆိုမှု (၁) နာရီအထိ အကျုံးဝင်ပါသည်။
*၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်။
အသေးစိတ်သိရှိလိုပါက
http://www.mpt.com.mm
https://facebook.com/mptofficialpage
LINE
MPT OFFICIAL သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


YANGON FIRST SOHO BUSINESS CENTER
SPRING LINE
Hlaing River Landmark
27 NOV 2016
PROJECT PROMOTION EVENT
I Recommend Spring Line
SUPER STAR
May Ywet War
ROOM UNIT CAN VARIABLE
Living And Office Together As Desired
Permanently Possess The Property Rights Of Land
Wealth For Next Generation
Complete And Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Cluster Of Active Business Center
Boutique Business Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: No.461,Kanar Middle Qtr,Hlaing River Road,Insein Township,
Nearby Aung Zay Ya Bridge,Yangon
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Hlaing
River
SPRING LINE
Yangon International Airport
Aung zoryar Bridge
FMI CITY
City Mart
8th mile
Yangon Hotel

**ကားစီးလုံးငှားသည်။**
Hiaceအံစာတုံး 14ယောက်စီး/Hiace(ခေါင်မြင့်) (9ယောက်စီး)
Super Custom/ Mark X /Alphard/ Hino (25ယောက်စီး)
ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။ ဖြိုးဇွန်း / ဖြိုးမြင့်
Ph:09-5168997, 095089800, 09421743335

**ရှားပိုဒ်သဘင်** ကျိုက်ထီးရိုး ချောင်းသာ(နေ့စဉ်)
ကျိုက်(၅)ကျိုက်-မွန်ပြည်နယ်ဘုရားဖူး ... (1/2)Package(35000)
... (35000)
... Package(55000)
... (15000)
Ph:09425334456,09252606649,0949323965

**Modern Myanmar** TRAVELS
ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ { Guest 33000 / Hotel 43000
ငွေဆောင် 40000
ကားစီးလုံးငှား အထူးဈေးဖြင့်ပေးသည်
09-450047016, 09-253540004

Since 1985
**ရေတနာရှင်**
ကျိုက်ထီးရိုး • မြဝတီ
ချောင်းသာ • ငပလီ
01-392704, 09 73017110
09795066657,09785066657

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**၂၀၁၇ခုနှစ် (ဧပြီလ) တန်းခွဲသို့ ဂျပန်နိုင်ငံတွင်**
**ပညာသင်ကြားရင်းအလုပ်လုပ်လိုသူများအတွက်**



- ၂၀၁၇ ခုနှစ် ဧပြီတန်းသို့ ဂျပန်နိုင်ငံတွင် ပညာသင်ကြားရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူများအတွက် အထူးဝန်ဆောင်မှုပေးနေခြင်း။
- နေထိုင်ခွင့် (ဗီဇာ) နစ်ရှည်ရရှိနိုင်ခြင်း။ ● အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူမှစ၍ အသက် (၃၀)အထက်အထိသွားရောက်နိုင်ခြင်း။
- မိဘအုပ်ထိန်းသူများ စိတ်ချမ်းသာမှုရရှိစေရန် ငွေကြေးပိုင်ဆိုင်မှုအထောက်အထားပြပေးရန်မလိုပါ။

အထက်ပါအချက်များအပြင်အခြားဝန်ဆောင်မှုများကိုလည်းစိတ်ကျေနပ်မှုပြည့်ဝအောင်အထူးဆောင်ရွက်ပေးလျက်ရှိပါသည်။

**၂၀၁၇ ( ဧပြီလ ) တန်းခွဲအတွက် သွားရောက်ခွင့်များစတင်ဝန်ဆောင်မှုပေးနေပြီဖြစ်ပါကြောင်း မင်္ဂလာသတင်းကောင်းပါးအပ်ပါသည်။**

**Tokyo University of Social Welfare Myanmar Japanese Language Office**
တိုက်အမှတ် (A-3-2)၊ အခန်းအမှတ် (၁၀၂)၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၃၉၃၃၇၀၊ ၀၉ ၄၂၁၁၄ ၇၀၇၀၊ Email : tokyo.fukushi.myanmar@gmail.com
( တနင်္လာနေ့ မှ စနေနေ့အထိ နံနက် (၉)နာရီမှ (၅)နာရီအတွင်း )









# တရုတ်နိုင်ငံအတွင်း ကျည်ကျရောက်ပေါက်ကွဲခြင်းမှာ ချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက လုပ်ဆောင်ခဲ့ခြင်းဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၃

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်နှင့် မန်ဟိုင်းဒေသအတွင်း မြန်မာနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် တရုတ်နိုင်ငံဘက်မှ အကြောင်းကြားစာ ပေးပို့လာခြင်းနှင့်ပတ်သက်၍ စိစစ်ခဲ့ရာ KIA နှင့် MNDAA လက်နက်ကိုင်အဖွဲ့များက မြန်မာ-တရုတ် နှစ်နိုင်ငံ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ သတင်းရရှိသည်။**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝမ်တိန်နှင့် မန်ဟိုင်းဒေသအတွင်းသို့ နိုဝင်ဘာ ၂၀ ရက်က မြန်မာနိုင်ငံဘက်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ဝမ်တိန်ဘက်သို့ ၁၁ လုံး၊ မန်ဟိုင်းဘက်သို့ နှစ်လုံး စုစုပေါင်း ၁၃ လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် တရုတ်ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ပြည်သူတစ်ထောင်ကျော်ခန့်မှာလည်း ဝမ်တိန်နှင့် မန်ဟိုင်းဘက်သို့ ရောက်ရှိနေကြောင်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တယ်ဟုန်တိုင်း အခြေချနယ်စပ်ကာကွယ်ရေးတပ်ဖွဲ့မှ အကြောင်းကြားစာ ပေးပို့ခဲ့သည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့**

# အိမ်ရှင်မြန်မာအသင်း နိုင်ပွဲစရ

**ရန်ကုန် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ နှစ်ပွဲဆက်အနိုင်ရခဲ့သည့် ဗီယက်နမ်အသင်း ဆီမီးဖိုင်နယ်တက်ခဲ့ပြီး အိမ်ရှင် မြန်မာအသင်း နိုင်ပွဲစရခဲ့သည်။

**မြန်မာ-သုံးဂိုး။**

**ကမ္ဘောဒီးယား-တစ်ဂိုး။**

အဖွင့်ပွဲတွင် ဗီယက်နမ်ကို ရှုံးခဲ့သည့် အိမ်ရှင် မြန်မာအသင်းမှာ ကမ္ဘောဒီးယားကို အနိုင်ရခဲ့သောကြောင့် ဖိအားလျော့သွားခဲ့ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။ ယခုပြိုင်ပွဲတွင် ခြေစွမ်းတက်လာသည့် ကမ္ဘောဒီးယားအသင်းသည် အိမ်ရှင် မြန်မာအသင်းကို အခက်တွေ့အောင်ကစားကာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း မြန်မာအသင်း အမှားမရှိဘဲ နိုင်ပွဲပြန်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် နှစ်ပေါင်းများစွာ နိုင်ပွဲပျောက်ဆုံးနေမှုကို **စာမျက်နှာ ၄ ကော်လံ ၅ သို့**



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။



ကမ်းနားလမ်းတစ်လျှောက် အသစ်ဖွင့်လှစ်လိုက်သည့် ပျံကျလမ်းဘေးဈေးဆိုင်များအား တွေ့ရစဉ်။

# ရန်ကုန်မြို့၌ ညဈေးတန်း စတင်ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်မြို့တွင်း လေးမြို့နယ်ဖြစ်သော ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်တို့ရှိ ပျံကျလမ်းဘေးဈေးသည်များအား ကမ်းနားလမ်း ညဈေးတန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး နိုဝင်ဘာ ၂၃ ရက် ညနေက စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ကမ်းနားလမ်း ညဈေးတန်းကို Pilot Project အနေဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး နေရာအနေအထားအရ အစားအသောက်ရောင်းချသည့် ဈေးဆိုင်များ၊ သစ်သီးဆိုင်များကို ဦးစားပေးပြောင်းရွှေ့သွားမည်ဖြစ်ကာ ဈေးဆိုင်နေရာအား မဲနှိုက်ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်ဇော်က ပြောသည်။

“ဒီနေ့ညနေမှာ စည်စည်ကားကားနဲ့ ဖျော်ဖြေရေးတွေပါ ထည့်သွင်းပြီး ဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ အစားအသောက်ဆိုင်တွေနဲ့ သစ်သီးဆိုင်တွေကို အဓိကနေရာပေးခဲ့ပါတယ်။ စနစ်တကျ အမှိုက်စွန့်ပစ်တာတွေနဲ့ ရေရှည်ကောင်းမွန်တဲ့ ညဈေးအဖြစ် မျှော်မှန်းထားပါတယ်” ဟု ရန်ကုန်မြို့တော် **စာမျက်နှာ ၇ ကော်လံ ၅ သို့**

